# လူမျိုးစုလေ့လာမှု စာစဉ်

စာစဉ် (၄) ၂၀၂၀၊ ဖေဖော်ဝါရီလ



## မော်ကင်းလူမျိုးတို့၏ အကြောင်း

Myanmar Cultural Research Society

Bulletin of Ethnic Studies
No.4

Myanmar Cultural Research Society

No. 26/28 (5th FL), 52nd Street (Lower Block),
Botataung Township,
11161 Yangon, Myanmar.

# ပုံနှိပ်မှတ်တမ်း


Bulletin of Ethnic Studies
No.4

February 2020

မျက်နှာဖုံးနှင့်
အတွင်းဒီဇိုင်း - Saw Wanna (Z.H)

ထုတ်ဝေသူ -
ဦးရဲဟိန်းအောင် (Jetty 2O1 Media/ အမှတ် - ၀၂၁၁၈)
အမှတ်(၂၆/၂၈)၊ ၅ လွှာ၊ ၅၂ လမ်း၊ အောက်ဘလောက်၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်တိုက် -
ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ဦးချစ်ရီလေး(၀၀၀၂၆)
အမှတ် - ၂၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်သည်။

တန်ဖိုး - ၂၀၀၀ ကျပ်
အုပ်ရေ - ၁၀၀၀

F - 1B

# မာတိကာ


အမှာစာ ၅

ဆလုံ(ခ)မော်ကင်းလူမျိုးတို့၏အကြောင်း ၇
ဂျုလန်းကျွန်းဆရာတော်

မော်ကင်း(ခ)ဆလုံလူမျိုး ၁၃
မြိတ်သား

မော်ကင်းတို့၏မြိတ်ပင်လယ် ၁၉
ဒေါက်တာအေးနိုင်ညွန့်

ဆလုံနှင့်လှေ ၂၅
စိန်ထွန်း (ပခုက္ကူ)

ဆလုံ ၂၉
မောင်ပြေချမ်း (မြိတ်)

ဆလုံအကြောင်းသိကောင်းစရာ ၃၁
မဝင်းမြင့်

ဆလုံတို့ဌာနီကျွန်းရှေပြည် ၃၉
ရှေမြိတ်မောင်

ဆလုံ ၄၃
မြိတ်မောင်ယဉ်ဦး

မြိတ်ရှေပုလဲ ၄၇
ဒေါ်ခင်ဝင်း(ဘာသာပြန်ဆိုသည်)

ဆလုံ–ဗမာ ဓမ္မဆာ ဂျူကာ ၅၃
သိပ္ပံမြင့်ဦး

ဆားရေပြင်မှ ဆလုံများ ၅၇
မာဂဇီသာစည်

ဆလုံ(၁) မော်ကင်းလူမျိုးစုဒေသသို့ ၆၃
ဗုဒ္ဓဘာသာရောက်ရှိခြင်း
ဂျလန်းကျွန်းဆရာတော်

ဆလုံတိုင်းရင်းသားတို့၏ ၆၉
လူမှုဆက်ဆံရေးဘဝမှတ်တမ်းအားဖတ်ရှုခြင်း
ထွန်းဇော်ဒွေး

ဆလုံတိုင်းရင်းသားမိဘများ၏ သားသမီးများ ၇၃
နိုင်စိုး

မြန်မာပြည်တောင်ပိုင်းစွန်းမှ ၇၉
ပင်လယ်ပျော်ကျွန်းနေ လူနည်းစုမော်ကင်းများ
ထာနေစိုး (ပုလော)

# အမှာစာ

မြန်မာပြည်ဇရိယာနယ်ပယ်အတွင်းရှိ လူမျိုးစုပေါင်းစုံတို့၏ မတူကွဲပြားယဉ်ကျေးမှုများ၊ ထုံးတမ်းဓလေ့များ၊ ယုံကြည်မှုဆိုင်ရာ ကိုးကွယ်မှုများ၊သမိုင်းကြောင်း၊ ဘာသာစကားနှင့် စာပေများကို စုဆောင်းရှာဖွေ တင်ဆက်လာသည့် လူမျိုးစုလေ့လာမှုစာစဉ် အမှတ် ၄ သည် ၂၀၂၀ ခုနှစ် နှစ်သစ်ဆီသို့ လှမ်းနိုင်ခဲ့ပါပြီ။

မြန်မာပြည်အတွင်းမတူကွဲပြားစွာရပ်တည်နေထိုင်ကြသောလူမျိုးစုများသည်မြန်မာ့သမိုင်းကြောင်းတလျောက်ရှိ သက်ဦးစံပိုင်စနစ် တပြည်ထောင် ရပ်တည်နေထိုင်ကြသော လူမျိုးစုများ နယ်မြေလုခြင်း၊ နယ်မြေအာဏာချဲ့ထွင်ခြင်း၊ လက်အောက်ခံဘဝရောက်အောင်သွတ်သင်းခြင်းပုံစံစနစ်မှသည်စကြဝတေးမင်းယုံကြည်မှုအကောင်အထည်ဖော်နိုင်ရေးအထိ ကြိုးစားအားထုတ်ခဲ့သည်။ ထိုသို့ ဖြစ်မြောက်ရေးအတွက် ဘာသာတူသူများ ခိုလှုံရာ နေရာတစ်ခု၊ ဘာသာတရားကို အားပေးချီးမြှောက်သူအဖြစ်လည်းကောင်း၊အချုပ်အခြာအာဏာတည်တံ့သည့်နေရာတစ်ခုအဖြစ် မိမိတို့၏နယ်ပယ်ဇရိယာ အဝန်းအဝိုင်းကိုချဲ့ထွင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ထိုစနစ်တွင် ဘာသာတူလူမှုရပ်ဝန်းဖြင့်နိုင်ငံတော်တည်ဆောက်မှုစနစ် ခိုင်မာလာခဲ့သည်။လက်အောက်ခံလူ့အဖွဲ့အစည်းများမှာအာဏာပါဝါကြီးသူတို့၏အသုံးတော်ခံယဉ်ကျေးမှုဖလှယ်အဆင့်အဖြစ် ရှင်သန်လာမှုများ စတင်လာခဲ့သည်။ ယဉ်ကျေးမှု ကူးလူးဆက်ဆံမှုပုံ မဆောင်ဘဲ အားကြီးသူက အားငယ်သူများ အား အနိုင်ကျင့်စေခိုင်းမှု (ဝါ) ယဉ်ကျေးမှုတန်ဖိုးအား မသိကျိုးကျွန်ပြုခြင်းစနစ် မသိမသာ ထွန်းကားရန် အစခြေလှမ်းအဖြစ် ယူဆမိပါသည်။ ဤသည်မှာ လူမျိုးကြီး ဝါဒ၏ ကြင်အင်လက္ခဏာပင်ဖြစ်သည်။

မတူကွဲပြားစွာ တည်ရှိသည့် တပြည်ထောင်နှင့် တပြည်ထောင် ယဉ်ကျေးမှုစံနှုန်း တန်ဖိုးထားမှုများမှာ အာဏာပါဝါအင်အားကြီးမှု၏စနစ်အောက်တွင်မသိမသာနစ်မြုပ်ခဲ့ပြီးလူ့အဖွဲ့အစည်းတခု၏မတူကွဲပြားယဉ်ကျေးမှုဓလေ့များမှာ ဖျော်ဖြေချီးမြှောက်တော်မူပြီး သူကောင်းပြုသည့်အဖြစ်သို့ရောက်ရှိလာခဲ့သည့်ပုံပမာသည် ယခုခေတ်သစ်စနစ်သစ်အထိ ယူဆောင်လာသည်ကို နှိုင်းယှဉ်ချင့်ချိန်နိုင်ပါသည်။ လူမျိုးစုများ၏ တန်းတူအခွင့်အရေးဆိုင်ရာ အခန်းကဏ္ဍတွင် အစိုးရအဆက်ဆက်မှသဏ္ဍာန်လုပ်သရုပ်ပြပုံပမာလူမျိုးစုများ၏ဓလေ့၊ရိုးရာ၊ယဉ်ကျေးမှုစံနှုန်းများမှာဆင်ဆာအဖြတ်ခံရသော ဇာတ်လမ်းကဲ့သို့ ဟန်ပြအကွက်များကိုသာ အားထုတ်နေသည် ကို တွေ့မြင်ရပြီး လူမျိုးစုများ၏ အခြေအနေအမှန်က ကန့်လန့်ကာနောက်ကွယ်အတွင်း အမြစ်တွယ်နေပါတော့သည်။

ထိုသို့သော လူ့အဖွဲ့အစည်းကြားရှိ လူမှုသဟဇာတဖြစ်မှုကို အဟန့်အတားဖြစ်စေသော စနစ် မှိုင်းများသည် လူမျိုးစုများအချင်းချင်းကြား အမြစ်မတွယ်နိုင်အောင် လူမျိုးစုအသီးသီးတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ သမိုင်းကြောင်းနောက်ခံ၊ ဓလေ့များကိုသိရှိနားလည်ပြီးမိမိယဉ်ကျေးမှုတန်ဖိုးသာမကမိမိနှင့်အတူရှင်သန်ရပ်တည်နေထိုင်သူတို့၏ဓလေ့ရိုးရာစံနှုန်းများကို သိရှိတန်ဖိုးထားတတ်စေရန် လိုအပ်ကြောင်း တိုက်တွန်းလိုပါသည်။ MCRS ၏ လူမျိုးစုဆိုင်ရာ လေ့လာမှုအစီအစဉ် (Ethnic Studies Program)မှ မတူကွဲပြားသည့် လူ့အဖွဲ့အစည်းကြားရှိလူမျိုးစုအသီးသီးတို့၏ သမိုင်းကြောင်း၊ ဓလေ့၊ အစဉ်အလာများ စုဆောင်း ဖော်ဆောင်ရေး ကဏ္ဍကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိပါသည်။

လူမျိုးစုစာစဉ်အမှတ် (၄)တွင် မြန်မာပြည်တောင်ဘက်ပိုင်း မြိတ်ကျွန်းစုများရှိပင်လယ်ပြင်တွင် ကျက်စားကာ ကျွန်းများပေါ်တွင် ခိုလှုံနေထိုင်ကြသော မော်ကင်းလူမျိုးစုနှင့်ပတ်သက်သော ဆောင်းပါးများ၊ ဘာသာပြန်များ၊ စာတမ်းငယ်လေ့လာချက်များကို ဖော်ပြထားပါသည်။ မော်ကင်းလူမျိုးစုများသည် တနင်္သာရီတိုင်း ဒေသကြီးရှိမြိတ်ခရိုင် အတွင်းပုလောမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်ရှိကျွန်းများပေါ်တွင် လှည့်လည်နေထိုင်ကြသော ဗမာလူမျိုးအုပ်စုဝင် (၉)မျိုးအနက် ဆလုံလူမျိုးအဖြစ် သတ်မှတ်ထားသော လူမျိုးစုဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းကပင် ပင်လယ်ပျော်မော်ကင်း (Sea Gypsy) အဖြစ် ခေါ်ဝေါ်သမုတ်ကြပါသည်။ ပင်လယ်ပြင်တွင် ဝမ်းစာရှာဖွေစားသောက်ပြီး ရိုးရာလက်လုပ် ကဗန်းလှေကလေးများဖြင့် လှည့်လည်သွားလာနေထိုင်ကြသောကြောင့် ဖြစ်ပါသည်။

ယခုအချိန်အခါတွင် မိမိတို့မွေးဖွားရာ ပင်လယ်ပြင်နှင့် ကျွန်းများပေါ်တွင် ခိုလှုံနေထိုင်ကြသည့် လွတ်လပ်မှုများမှာ အစိုးရနှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ နယ်မြေချဲ့ထွင် ပုလဲလုပ်ငန်းကွက်များကြောင့် ဌာနေပျောက်တော့မည့်အရေးကို

ကြုံတွေ့နေရပါသည်။

ထိုဖြစ်စဉ်များကိုတင်ပြရမည်ဆိုလျှင် ၂၀၁၉ ခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ မော်ကင်းလူမျိုးစုများထံသို့ ရောက်ရှိကာ "ဆလုံတိုင်းရင်းသားများ၏မိရိုးဖလာထုံးတမ်းအစဉ်အလာများကိုစောင့်ရှောက်နိုင်သည့်အခွင့်အရေးများကို ဖန်တီးပေးလိုကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံးသည် ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တန်ဖိုးထားရမည်ဖြစ်ပါကြောင်း လူတိုင်းလူတိုင်း၏ယဉ်ကျေးမှုတွင် တန်ဖိုးထားစရာများရှိပါကြောင်း ပြောဆိုဆွေးနွေးမှုများကို မြန်မာ့အလင်းသတင်းစာ၊ ဖေဖော်ဝါရီ ၁၅ ရက် သောကြာနေ့၊ ၂၀၁၉ ခုနှစ်ထုတ်တွင် ဖော်ပြသည့်သတင်းကို သိရှိရပါသည်။

ယင်းဖြစ်စဉ်ပြီးနောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ၂၃ရက်နေ့တွင်ကော့သောင်းမြို့နယ်၊ဇာဒက်ကြီးကျွန်းကျေးရွာအုပ်စုတလွန်းဆလုံကျေးရွာသို့ကွင်းဆင်းလေ့လာခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းလေ့လာပြီးနောက်ပိုင်း အောက်တိုဘာလ လောက်တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ကောင့်သောင်းမြို့ဟံသာဝတီခန်းမတွင်ကော့သောင်းမြို့နယ်ထွေ/အုပ်မှတိုင်းဒေသကြီးအစိုးရကိုယ်စားမော်ကင်းလူမျိုးစုများအတွက် အသက်ကယ်အင်္ကျီ၊မိုးကာအင်္ကျီ၊ရေငုပ်မျက်မှန်၊ကင်းမွန်များသည့်ကြိုးများ ပေးအပ်လှူဒါန်းမှုများဆောင်ရွက်ခဲ့ပါသည်။

ဤဖြစ်စဉ်သည် ၁၉၉၅ ခုနှစ်တဝိုက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဦးခင်ညွန့်၏လမ်းညွှန်မှာကြားချက်နည်းစနစ်ကိုပြန်လည်အမှတ်ရစေပါသည်။ ယင်း၏လမ်းညွှန်မှုဖြင့် ဆလုံစုစည်းရွာများ တည်ဆောက်ရေးစီမံကိန်းဖြင့် မော်ကင်းများ မူလနေရာ စားကျက် ပျောက်ဖူးပါသည်။ မော်ကင်းမျိုးနွယ်စုများသည်လည်း ဗမာမျိုးနွယ်စုအုပ်စုဝင် ဖြစ်သွားခဲ့သည်။ ယခုအချိန်အထိ ယင်းတို့၏ လူမျိုးစုအခွင့်အရေးမှာ ဝေဝါးကာ ရှန်းကန် လှုပ်ရှားနေဆဲဖြစ်ပါသည်။

ထိုသို့အစိုးရဌာနများမှ မော်ကင်းလူမျိုးစုများကိုကူညီထောက်မပြီးနောက်ပိုင်း ၂၀၀၁ ခုနှစ်အတွင်းကမြိတ်ကျွန်းစုအတွင်းရှိ အစိုးရဌာနများပိုင် ပုလဲလုပ်ငန်းနှင့်စပ်တူပုဂ္ဂလိကပိုင်ကုမ္ပဏီအချို့တို့၏စီးပွားရေးနယ်ပယ်ချဲ့ထွင်လာမှုထပ်မံဖြစ်ပေါ်လာခဲ့ပြန်သည်။ ယင်းတို့၏လုပ်ငန်းနယ်ပယ်ဧရိယာအတွင်းဒေသခံမော်ကင်းများ ရွှေ့ပြောင်းပေးခဲ့ရပြီး အခုအချိန် ထပ်မံဖြစ်ပွားခြင်းဖြစ်သည်။ ဌာနေမော်ကင်းများအဖို့ ကျွန်းပေါ်သို့ တက်ရောက်ခွင့် လှိုင်းလေခိုလှုံခွင့်၊ ရေချိုခပ်ခွင့်ဆိုင်ရာ တားမြစ်မှုများကို ဆက်လက်ရင်ဆိုင်လာရပြန်သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် အပြောင်းအရွှေ့ခံ မော်ကင်းလူမျိုးစုများ၏ နောက်ဆုံးခံတပ်ဖြစ်သော ဘုတ်ပြင်းမြို့နယ်၊ အလယ် မန်ကျေးရွာအုပ်စု၊ ခင်ပြည့်စုံကျွန်းပေါ်ရှိ (လငန်းကျွန်းတန်းအနွယ်)၊ လငန်းကျေးရွာဆီသို့ မြန်မာတာဆာကီပုလဲမွေးမြူရေးကုမ္ပဏီမှပုလဲမွေးမြူရေးဧရိယာ ထပ်မံတိုးချဲ့လာသောကြောင့်ဖြစ်သည်။ မြန်မာတာဆာကီ ပုလဲမွေးမြူရေးကုမ္ပဏီသည် အစိုးရနှင့် အကျိုးတူ ပုလဲမွေးမြူခွင့်ကို ၂၀၀၁ ကတည်းက ရရှိပြီး ကျွန်းစုမြို့နယ် ဒိုမယ်ကျွန်း၊ ဘုတ်ပြင်းမြို့နယ် လငန်းကျွန်းတန်းတို့တွင် လုပ်ကိုင်ခွင့် ရရှိပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ၎င်းတို့ လုပ်ကိုင်ခွင့်ရ လငန်းကျွန်းတန်း(မော်ကင်းစကားအရလက်ငါးချောင်း) ရှိကျွန်းငါးကျွန်းဖြစ်သော ခင်ပြည့်စုံကျွန်း၊ လှိုင်ကျွန်း၊ ခင်ဦးကျွန်း၊ စောပုကျွန်းနှင့် စောမွန်လု ကျွန်း တို့ကို နယ်မြေလုနေသဖွယ်ဖြစ်နေပါသည်။

ထိုသို့မော်ကင်းလူမျိုးစုများကြုံတွေ့နေရသည့်အခက်အခဲများကိုတနင်္သာရီတိုင်းဒေသကြီးအစိုးရမှပြည်ထောင်စုသို့ အစီရင်ခံထားသည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများဖြစ်သော တနင်္သာရီ MATA (Myanmar Alliance Transparency and Accountability)၊ တနင်္သာရီတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေး ဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့၊ CAFT(Cutuzeb's Action For Transparency) အဖွဲ့နှင့် Southern Youth အဖွဲ့များမှ ကွင်းဆင်း လေ့လာမှုအစီရင်ခံစာကိုနိုင်ငံတော်သမ္မတနှင့်အတိုင်ပင်ခံတို့ထံအစီရင်ခံထားကြောင်းနောက်ဆုံးသတင်းရရှိထားပါသည်။

လူမျိုးစုလေ့လာမှုစာစဉ်အမှတ်(၄)တွင် မော်ကင်းလူမျိုးစုနှင့်ပတ်သက်သော သမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများနှင့် စာတမ်းများကို သမိုင်းသုတေသီများ၊ ယဉ်ကျေးမှုမနုဿဗေဒပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဝါသနာရှင်များ ဆက်လက်လေ့လာ သုတေသနပြုနိုင်ရန်အလို့ငှာ MCRS အဖွဲ့ဝိုင်းတော်သားများမှ ဝိုင်းဝန်းကူညီပေးသည့် စာရေးဆရာများ၊ သုတေသီများ၊ မိတ်ဖက်အဖွဲ့များအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ကာ မော်ကင်းလူမျိုးစု ရေးရာများကို တင်ပြလိုက်ရပါသည်။

# ဆလုံ(ခ) မော်ကင်းလူမျိုးစုတို့၏ အကြောင်း

ဂျလန်းကျွန်းဆရာတော်



*https://www.facebook.com/Moken-in-Myanmar*

မြန်မာနိုင်ငံတောင်ဘက် အစွန်းဆုံးဒေသကို တနင်္သာရီတိုင်း ကမ်းရိုးတန်းဒေသဟု ခေါ်သည်။ ပင်လယ်ပြင် ကျွန်းကြီး၊ ကျွန်းငယ်၊ ကမ်းခြေသဲသောင်ပြင်၊ ပင်လယ်အော် သန္တာကျောက်တန်းများဖြင့် ဖွဲ့စည်းထားသည်။ လတ္တီကျူ ၁၀ံ မှ ၁၄ံ အတွင်း လောင်ဂျီကျူ ၉၇ံ မှ ၉၉ံ အတွင်းတွင် ကျွန်းပေါင်းများစွာဖြင့် မြိတ်ကျွန်းစု တည်ရှိသည်။

## ဆလုံ(ခ) မော်ကင်း လူမျိုးစုများ

ဖော်ပြပါ ဒေသတွင်နေထိုင်ကြသော မြန်မာလူမျိုးနွယ်စုများထဲတွင် အထူးခြားဆုံးနှင့် ခေတ်အနောက်ကျဆုံး

လူမျိုးစုများမှာ ပင်လယ်ရေပျော် ဆလုံလူမျိုးများ ဖြစ်သည်။ ဆလုံ (သို့) မော်ကင်း (သို့) မွန်ကင်းလူမျိုးဟု ခေါ်သည်။ ဆလုံဟုခေါ်လျှင် ရိုင်းစိုင်းသည်ဟုဆိုကာ မကြိုက်ကြပေ။ Sea-gypsy ဟုလည်း ခေါ်ကြသည်။

## ဆင်းသက်လာပုံ

ပျူ၊ မွန်၊ မြန်မာ၊ သက်ဟူသော မြန်မာတိုင်းရင်းသား လူမျိုးစုကြီးလေးစုထဲတွင် ဆလုံ (ခ) မော်ကင်းလူမျိုးစုတို့မှာ "သက်" လူမျိုးစုတို့မှ ဆင်းသက်လာသည်ဟု သိရပါသည်။ ၁၉၆၄ ခုနှစ် စာရင်းများအရ ဆလုံ (ခ) မော်ကင်းလူမျိုး များ မြိတ်ကျွန်းစုတွင်လူဦးရေ၂၄၀၀ခန့်ရှိသည်ဟုကြားသိရသည်။

## နေထိုင်ပုံ

ရှေးယခင်က ဆလုံ (ခ) မော်ကင်းလူမျိုးစုများသည် အိုးအိမ်နှင့်မနေထိုင်ကြပေ။ ပင်လယ်ထဲမှာ ရိုးရာလှေကို အိမ်လိုသဘောထားပြီး နေထိုင်သည်။ ရိုးရာလှေကို သစ်၊ ဝါး၊ ကြိမ်၊ ရင်ကမ်းသားတို့ဖြင့် ပေါ့ပေါ့ပါးပါး တည်ဆောက်ထားသည်။ ပေါင်းမိုးလှေကြီးထဲတွင် လူကြီး၊ လူငယ်၊ ကလေးများ၊ ခွေး၊ ကြက် စသော အိမ်မွေးသတ္တဝါ၊ အိုးခွက်၊ ပန်းကန်၊ မှိန်း၊ လှံ၊ ဝါးချွန် စသော လက်နက်များ၊ ဓား၊ ပဲခွပ် စသော ကိရိယာများ စုံလင်စွာဖြင့် စုပေါင်းနေထိုင်ကြသည်။

## အသက်မွေးမြူခြင်း

လှေကြီးများတွင် လှေငယ်များတွဲကာ လှေတစ်စီး၊ နှစ်စီး၊ သုံးစီးစသည်ဖြင့် လှေတွဲများဖြင့်အစုလိုက်အပြုံလိုက် တစ်ကျွန်းမှတစ်ကျွန်းသို့ အလိုက်သင့်ရာ ပြောင်းရွှေ့နေထိုင်သည်။ ရာသီအလိုက် သဘာဝဘေးအန္တရာယ် ကင်းရှင်းမည့် နေရာ၊ ကျွန်းများသို့ရွေးချယ်ကာ နေထိုင် တတ်ကြသည်။

ကမာကောင်များကို ရေငုပ်ဖမ်းပြီး ပုလဲ ရှာဖွေတတ်ကြသည်။ ဆလုံ (ခ) မော်ကင်းတို့သည် ပင်လယ်ရေသတ္တဝါ၊ ငါး၊ ပုစွန်၊ ကင်းမွန် (ပြည်ကြီးငါး)၊ ခရု၊ ပင်လယ်မျှော့၊ ရေရှူ၊ ရုပ်၊ ကျောက်ပိုး၊ ကမာ၊ ကဏန်း၊ ခက်ရင်း၊ သံပချိုပ်၊ ကျားလက်သည်း၊ ငါးကြီးအံဖတ်၊ ငှက်သိုက် စသည်တို့ကိုရှာဖွေ၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ စားသောက်ခြင်းတို့ကို ပြုသည်။ ဤသို့ဖြင့် အသက်မွေးကြသည်။

## ထူးခြားချက်

သူတို့၏ ထူးခြားချက်မှာ ရေကူး၊ ရေငုပ် ကျွမ်းကျင်သည်။ အချိန်အတော်ကြာအောင် (၂၀)မိနစ်ခန့် ရေငုပ်နိုင်သည်။ ငါးဖမ်းကျွမ်းကျင်ကြသည်။ ရေထဲရှိငါးကို မှိန်းဖြင့် ရအောင် ထိုးနိုင်သည်။ ခေတ်မီလာသောအခါ ငါးဖမ်းပိုက်၊ ရေငုပ်မျက်မှန်၊ အောက်စီဂျင်ဘူး စသည်တို့ကို အသုံးပြု၍ ရေသတ္တဝါ ရှာဖွေနေကြပြီဖြစ်သည်။

## ဝတ်စားဆင်ယင်ပုံ

ကလေးများကို အဝတ်ပေးဝတ်ခြင်း မရှိပါ။ ၅ နှစ် ၆ နှစ်ကျော်မှ အဝတ်အစား စတင် ဝတ်ဆင်သည်။ ဝေးလံခြင်း၊ လူသူအရောက်အပေါက် နည်းခြင်းတို့ကြောင့် အဝတ်အစားရှားပါး၍ဖြစ်သည်။ အရှက်အကြောက်လုံခြုံရုံသာ ဝတ်သည်။ ဆလုံ (ခ) မော်ကင်းအမျိုးသားများ အောက်ပိုင်းတွင် လုံချည် (သို့) ဘောင်းဘီသာဝတ်သည်။ ယခင်က ဆလုံ (ခ) မော်ကင်း အမျိုးသမီးများအောက်ပိုင်းလုံခြုံအောင်သာ ဝတ်ဆင်သည်။ အပေါ်ပိုင်းဗလာ ဘာမှမဝတ်ဆင်ကြ။ သမီးပျိုများမှာအပျိုမှန်း သိအောင် ရင်သားအလှပြတတ်ကြသည်။ အိမ်ထောင်သည်များ၊ သက်ကြီးရွယ်အိုများ အောက်ပိုင်းလုံခြုံအောင်သာ ဝတ်ဆင်ကြသည်။ ယခုအခါ ဆလုံ (ခ) မော်ကင်းတို့မှာ ခေတ်မီလာသည်အလျောက် ထိုင်းနိုင်ငံမှလာသော အဝတ်အစားဖြင့် လုံလုံခြုံခြုံ တောက်တောက်ပြောင်ပြောင်ဝတ်စားဆင်ယင်လာကြပြီဖြစ်သည်။ ယခုအခါ ဆလုံ (ခ) မော်ကင်း အမျိုးသမီးများသည်မိတ်ကပ်၊ နှုတ်ခမ်းနီတို့ကိုသုံးစွဲတတ်နေပြီ။ သို့သော် တစ်ဘူးလုံး ကုန်အောင် သုံးလိုက်ကြသည်။

## ပုံသဏ္ဌာန်

ထိုလူမျိုး၏ပုံသဏ္ဌာန်မှာ အရပ်ပုသည်။ အရမ်းပုလွန်းသည်တော့မဟုတ်။ ရာသီဥတုဒဏ်ကြောင့် အသားအရေကြမ်းတမ်းသည်၊ နှုတ်ခမ်းစူသည်၊ လန်သည်၊ ပင်လယ်ရေငုပ်၊ ရေချိုးသောကြောင့် ဆံပင်နီကြောင်ကြောင် ဖြစ်နေသည်၊ အသားမည်း၊ မျက်လုံးနီနီ ဖြစ်သည်။ ဖြူသောအရာမှာ သွားဖြစ်သည်။

## အလေ့အကျင့်များ၊ အကျင့်စရိုက်များ

ဆလုံ (ခ) မော်ကင်းလူမျိုးစုများတွင် မိဘများ သားသမီးများကိုပြောဆိုသွန်သင်ဆုံးမမှုလုံးဝမရှိကြ။ လူကြီး၊



F - 1A

လှုငယ်၊ ယောက်ျား၊ မိန်းမ အားလုံး ဆေးလိပ်သောက်ကြ၏၊ အရက်သောက်ကြ၏။ ဘိန်း၊ ဘိန်းစားမှုန့် စားသောက်ကြ၏။ ပင်လယ်ရေငန်ကို နစ်မြိုက်ကြ၏။ ရေငန်ထဲတွင် ရေချိုးခြင်း၊ ရေကူးခြင်းများကိုခုံမင်ကြသည်။ သူတို့ကိုယ်မှာ ငါးညှီနံ့ကဲ့သို့ ညှီစော်နံ့နေတတ်သည်။ ဆေးလိပ်အနံ့ နံ့နေတတ်သည်။ ဆလုံ(ခ)မော်ကင်းလူမျိုးများ၌အညစ်အကြေးစွန့်ရန်အိမ်သာ ဟူ၍မရှိ။ ကျောက်ဆောင်ကြား၊ တောတောင်ကြား၊ ကမ်းခြေများ၌ ကျင်ကြီးကျင်ငယ် စွန့်ကြသည်။

## စိတ်ဓာတ်ရေးရာ

ဆလုံ (ခ) မော်ကင်းတို့သည် လူဦးရေနည်းသော လူမျိုးစုဖြစ်သည်။ အမြဲတမ်း အားငယ်နေတတ်သည်။ တခြားလူမျိုးများနှင့် တွေ့ဆုံလိုစိတ်မရှိပေ။ တွေ့လျှင်လည်း ရှက်ကြောက်ပြီး ပုန်းအောင်းနေတတ်ကြသည်။ အချင်းချင်းသာ စကားများများပြောသည်။ အခြားသူများ စကားပြောလာလျှင်လည်း ကြောင်စီစီကြည့်၍ တည်နေသည်။ ပင်ကိုအားဖြင့် ရိုးသားဖြူစင်သည်။ ကောက်ကျစ်ယုတ်မာမှု မရှိ။ ပစ္စည်းဉစ္စာရှားပါးသဖြင့် သူများမှပေးရင် ဘာပဲပေးပေး မက်မက်မောမော လိုချင်ကြသည်။ သူတို့ပေးရမှာကို အရမ်းနမြောသည်၊ မပေးလိုကြပေ။

## ရယ်စရာပုံပြင်

ဆလုံ (ခ) မော်ကင်းတို့၏ လှေတစ်စီးပေါ်တွင် ပဲ့ကိုင် (နောက်ဘက်ပိုင်း)၌ အဘွားကြီးတစ်ယောက် ငိုနေသည်။ မြန်မာငါးဖမ်းလှေတစ်စီး အနားသို့ရောက်သဖြင့် စုံစမ်းကြည့်ရာ သမီး လင်နောက်လိုက်သွား၍ ငိုနေကြောင်း ပြောသည်။ ရှာပေးရမလားမေးရာ ငိုနေရင်းက လှေဦးပိုင်း လှေထိပ်သို့လက်ညှိုးထိုးပြသည်။ သမီးကတခြားလိုက်သွားတာမဟုတ်။ လှေပဲ့ကနေ လှေဦးသို့လိုက်သွားတာဟု ပြောသည်။ လှေဦးပိုင်းသို့ကြည့်လိုက်သောခါ သမီးမှာ သူ့လင်နှင့် ဖက်လျက်သား တွေ့ရသည်။ ဆလုံ (ခ) မော်ကင်းတို့သည် အိမ်ထောင်ပြုခြင်းကို လှေပေါ်မှာပင် ပြုလုပ်ကြ၏။

## နေ့စဉ်အစားအသောက်

ဆလုံ(ခ)မော်ကင်းလူမျိုးစုတို့သည်ပင်လယ်ထဲတွင် အတည်တကျမနေဘဲသွားလာနေထိုင်ကြသဖြင့်ပင်လယ်ရေ သတ္တဝါများကိုသာ နေ့စဉ် စားသောက်ကြသည်။ ပင်လယ်ကျွန်းစု ကျောက်ဆောင်များတွင် တွယ်ကပ်နေသော ဂုံး၊ ခရု စသည်တို့ကို ခွာယူ၍ ချက်ပြုတ် စားသောက်ကြသည်။ ကျောက်ဆောင်လိုဏ်ဂူထဲရှိ လင်းနို့၊ လင်းဆွဲများ၊ ပင်လယ်ကျွန်းပေါ်ရှိ တောဝက်၊ ဂျီ၊ ဖွတ် စသည်တို့ကို ဖမ်းယူ



https://www.facebook.com/Moken-in-Myanmar



https://www.facebook.com/Moken-in-Myanmar

စားသောက်ကြသည်။ အသီးအနံ့ စားလေ့မရှိ။ ဆီကိုလည်း အနည်းငယ်သာ အသုံးပြုသည်။ ထို့ကြောင့် ရောဂါကင်းကြသည်။ သစ်ပင်ပေါ်စွဲနေသော ပျားအုံကို အုန်းလက်၊ မီးတုတ်တို့ဖြင့် ရိုက်ချကာ ပျားရည်ကိုခံယူသည်။ ပျားသလက်၊ ပျားပေါက်စတို့ကို ချက်ချင်းစားသည်။ သူတို့သဘာဝမှာ ရိုးရာလှေပေါ်တွင် မိသားစုစုံညီစွာ သိုက်ဝန်းပျော်ရွှင် စုပေါင်းစားသောက်ကြသည်။

## ကြုံရာတွင် စားသည်ဓလေ့ "ဆလုံဈေးလိုက်ခြင်း"

ထိုဓလေ့ကိုဆလုံ (ခ) မော်ကင်းတို့အလွန်နှစ်သက်သည်။ ပင်လယ်ရေကျလျှင် ကျောက်ဆောင်များကြား၌ တွယ်ကပ်နေသော ခရင်း၊ ခရု၊ မျှော့ စသည်တို့ကိုခွာ၍၊ ကောက်ယူ၍ငရုတ်ဆီနှင့်တွေ့ရာနေရာတွင် တို့ပြီးစားသည်။ သံပရိုပ်ကိုနို့ဆီနှင့်ရောနှော၍အညီအဟောက်ကိုအစိမ်းစားသည်။ စား၍ရသော သတ္တဝါငယ်များကို လူကြီးလူငယ်များ ရှာဖွေစားသောက်ကြသည်။ ထိုအခြင်းအရာကို "ဆလုံဈေးလိုက်သည်" ဟု ခေါ်ဆိုကြသည်။

## စုပေါင်းဆောင်ရွက်ခြင်း

ဆလုံ (ခ) မော်ကင်းလူမျိုးတို့သည်ပင်လယ်ပျော်များဖြစ်ရာ လှေပေါ်တွင် အနေများသည်။ မိမိတို့ဘာသာ ဆောက်လုပ်သောလှေများဖြစ်သည်။ လှေထွင်းရာတွင် ကြီးမားသော သစ်ပင် (ရင်ကမ်း) စသည်တို့ကို ခေါင်းဆောင်လုပ်သူက အပင်ရွေးချယ်၍ စုပေါင်းညီညာစွာဖြင့် ခုတ်လှဲကြသည်။ တောထဲမှ ပင်လယ်ကမ်းခြေသို့ စုပေါင်းညီညာစွာ သယ်ယူသွားပုံမှာ စနစ်ကျလှသည်။ ပင်လယ်ကမ်းစပ်တွင် လိုရာလှေပုံစံရအောင် (ပဲခွပ်)ဖြင့် ဖြည်းဖြည်းချင်း လှေထွင်းကြ၏။ ကျွမ်းကျင်လှသောကြောင့် လှေမှောက်သည်ဟုမရှိ။ အငယ်ဆုံးလှေတစ်စီးကို လူ (၅) ယောက်စီ စီးနိုင်သည်။

## လွှန်းတင်ခြင်း

ဆလုံ (ခ) မော်ကင်းတို့သည်သူတို့၏လှေကို တစ်နှစ်လျှင် တစ်ခါ မှန်မှန် လွှန်းတင်သည်။ သဲသောင်ပြင်ဝယ် လှေများကိုလွှန်းတင်၍မကောင်းတော့သည့်ပွဲ့လျက်များကို ခွာချကာ လှေကို အုန်းလက် မီးရှို့သောမီးဖြင့် အပူပေး၏။ ပွဲ့လျက် အသစ်ဖြင့် ဖာထေး၏။ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် ၂ ရက်ခန့်သာ ကြာပါသည်။

## ကျန်းမာရေး

ဆလုံ (ခ) မော်ကင်းတို့တွင်ကျန်းမာရေးစောင့်ရှောက်မှု ဘာတစ်ခုမှမရှိပေ။ ခေတ်မီဆေးကုသမှုကို မခံယူကြ၊ ယုံကြည်မှုလည်း မရှိပါ။ ဖျားနာလျှင်၊ နေမကောင်းလျှင်၊ နတ်ဆရာထံသွားပြီး နတ်မေးသည်။ နတ်ဖြင့် ကုသသည်။ လူကြီးများက ရှာဖွေပေးသော သစ်ဥ၊ သစ်ဖုများကို ဆေးအဖြစ် သုံးစွဲသည်။ ယခုအချိန်အခါတွင် ခေတ်မီဆေးဝါး စတင် သုံးစွဲလာကြပါပြီ။

## ကလေးမွေးဖွားခြင်း

ဆလုံ (ခ) မော်ကင်းလူမျိုးတို့သည် ကလေးမွေးဖွားလာသောအခါ မွေးကင်းစကလေးငယ်ကို ချက်ကြိုးဖြတ်ပြီး



F - 2B

နောက် ပင်လယ်ရေထဲသို့ နှစ်စက္ကန့်မျှ နှစ်လိုက်၊ ဖော်လိုက် သုံးကြိမ်ခန့် ပြုလုပ်လေ့ရှိသည်။ ရေကို ကျွမ်းဝင်စေရန်၊ မကြောက်စေရန်ဟုဆိုသည်။ လွဲမှားသောအယူအဆကြောင့် ကလေး အသေအပျောက်ရှိသည်။ မွေးကင်းစကလေးငယ်ကို ပင်လယ်ရေနှင့်ဆေးခြင်း၊ ကြုံရာဓားဖြင့် ချက်ကြိုး ဖြတ်ခြင်း၊ မြန်မာလက်သည် သားဖွားဆရာမကို လက်မခံဘဲ အချင်းချင်း ကျိတ်မွေးခြင်းတို့ကြောင့် လူကြီးရော၊ ကလေးပါ ဒုက္ခရောက်ကြရသည်။ ယခုအခါ ခေတ်မီဆေးဝါး၊ နည်းစနစ်များကို လက်ခံလာစေရန် ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဂျလန်း ကျွန်းဆရာတော်နှင့် သက်ဆိုင်ရာ အသိပညာရှင်တို့၏ ကြိုးစားမှုကြောင့် တစ်စတစ်စ လက်ခံလာကြပြီဖြစ်သည်။

## နတ်ကိုးကွယ်ခြင်း

နှစ်စဉ် တန်ခူးလ သင်္ကြန်ကာလသို့ရောက်သော် ခေါင်းဆောင်မှ သတ်မှတ်သောနေရာ၊ ကျွန်း၊ ပင်လယ်အော်တို့သို့သွားရောက်ကာ ရိုးရာနတ်ပူဇော်ပွဲကျင်းပသည်။ နတ်ကို တိုင်းရင်းသားဘာသာဖြင့် ကသွဲ့ဟု ခေါ်သည်။ နတ်နှစ်မျိုး ရှိသည်။ (က) ကောင်းကျိုးပေးသောနတ်၊ (ခ) ဒုက္ခပေးသော နတ်၊ ဒုက္ခပေးသောနတ်ကို ပိုကြောက်သည်၊ အလေးထား ပူဇော်သည်။ မကျန်းမာလျှင်၊ ကွယ်လွန်လျှင်၊ နတ်ဖမ်းစားသည်ဟု အယူရှိသည်။ သစ်သားတုံးကြီးတစ်တုံး ကို ထိပ်မှ ချွန်၍ ရောင်စုံအဝတ်စများဖြင့် ချည်ထားသည်။ ကျောက်တုံး များဖြင့် ကာရံထားသည်။ ဆလုံ (ခ) မော်ကင်းတို့ နတ်ပူဇော်ရာ နတ်တိုင်ဖြစ်သည်။

## နတ်ပူဇော်ပွဲ

နတ်ပူဇော်သည့်အခါ ကြက်၊ ဝက်၊ ငါးကိုကင်၍၊ ကြော်၍ဘဲဥ၊ ကြက်ဥ၊ အချိုရည်၊ အရက်၊ ပင်လယ်စာမျိုးစုံဖြင့် နတ်တိုင်ရှေ့စုပုံ၍ပူဇော်သည်။ ရှေးဦးစွာ နတ်အား တင်လှူပူဇော်၍ နောက်မှပြန်စွန့်ယူကာ နတ်ဝင်သည်ဟု ကခုန် မြူးတူးကြပြီး စားသောက်ပျော်ပါးကြသည်။ ညအခါ သဘာဝတောမီးဖြင့် မီးဖိုပြီး နတ်ဝင်ကြသည်။ တူရိယာ အဖြစ် ဒန်အိုး၊ ဒယ်အိုး၊ ပန်းကန်၊ ဇွန်း၊ အဖုံးများ၊ ဝါးဆစ်များကို တီးခတ်ကြပြီး ကခုန်ကြသည်။

လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမ၊ အပျို၊ အအိုအားလုံး မီးပုံဘေးတွင် စက်ဝန်းသဏ္ဍာန် နေရာယူပြီး ကခုန်ကြ သည်။ တစ်ညတာ နတ်ပွဲပြီးလျှင် အိုး (၅) လုံးနှင့် ပန်းကန် (၅) ချပ်လောက်ပေါက်ပြိကုန်သည်။ မောပန်းပြီးအိပ်ပျော်ကုန်သည်။ ပြန်နိုးလျှင်ပြန်ကကြသည်။ ဟင်းချက်အဖွဲ့က စားသောက်ရန် ထမင်း၊ ဟင်း မပြတ်ရအောင် ချက်ပြုတ်ကျွေးမွေးသည်။

နတ်,ကနေစဉ် နတ်မေးပြီး မိုးရာသီ နားခိုရမည့် နေရာ ကျွန်းကိုမေးမြန်းကြသည်။ မိုးရာသီတွင် လှေပေါ် မနေတော့ဘဲကျွန်းပေါ်အိမ်ဆောက်၍နေသည်။ သောက်သုံးရန် ရေချိုရရှိသော ကျွန်းများ၊ စိမ့်စမ်းရှိသော နေရာများကို ခေါင်းဆောင်များက ရွေးချယ်ကြသည်။

## ဘာသာစကား

ဆလုံ (ခ) မော်ကင်း လူမျိုးစုများသည် ရေပေါ်၊ လှေပေါ်တွင်သာ အနေများပြီး ပညာရေးဟူ၍ မရှိပေ။ သိလည်း မသိပေ။ ဘာသာစာပေ၊ အက္ခရာ၊ ဘာမှမရှိပါ။ ဆလုံ (ခ) မော်ကင်းစကားတော့ဖြင့် ရှိ၏။ သူတို့အချင်းချင်း ဆလုံ ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်ကြသည်။

## ပြက္ခဒိန်မရှိပါ

ဆလုံ (ခ) မော်ကင်းတို့သည် မွေးရက်၊ လ၊ နှစ် မှတ်သားထားခြင်းမရှိပါ။။ တနင်္ဂနွေ၊ တနင်္လာ စသည့် နေ့ ရက်များမရှိပေ။ ဘာနေ့ သား၊ သမီးမှန်း မသိကြ၊ အသက် ရေတွက်ခြင်းလည်းမရှိ။ အသက်ကို တိတိကျကျ မပြောနိုင်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကိုကြည့်၍ လူငယ်၊ လူကြီး သတ်မှတ်ကြပေသည်။ ဆလုံ (ခ) မော်ကင်းတို့တွင် ပြက္ခဒိန် မရှိပါ။

## ပြောင်းရွှေ့လှည့်လည်နေထိုင်ခြင်း

မိုးတွင်းရာသီတွင်လှေပေါ်တွင်မနေဘဲကျွန်းပေါ်တွင် ခြေတံရှည်အိမ်များ ဆောက်လုပ်နေထိုင်ပြီး မိုးခိုကြသည်။ ထိုနေရာတွင် လူတစ်ယောက် နှစ်ယောက် သေဆုံးလျှင် ထိုနေရာတွင် မနေကြတော့ဘဲ နောက်နေရာတစ်ခုသို့ ပြောင်းရွှေ့သွားတတ်ကြသည်။ မိုးကုန်၍ တော်သလင်း၊ သီတင်းကျွတ်လရောက်လျှင် အိမ်များနှင့် မနေကြတော့။ ရိုးရာလှေထဲသို့ဆင်းပြီးလှေ (၅) စီးတစ်တွဲ၊ တစ်ဖွဲ့စသည်ဖြင့် ပင်လယ်ထဲ လှည့်လည်နေထိုင်ရင်း ပင်လယ်သတ္တဝါများ ရှာဖွေ စားသောက်၊ နေထိုင်ကြသည်။

ညအိပ်စရာ နေရာကို အကြီးအကဲလုပ်သူမှ ဘယ်ကျွန်း ဘယ်နေရာတွင် လေကွယ်သည်၊ ရေသာသည်။ ထို့ကြောင့် ထိုနေရာတွင် အိပ်မည်၊ နားမည်ဟု သတ်မှတ်ပေး

သည်။ ထိုနေရာတွင် ညအိပ်ကြသည်။

## အသုဘကိစ္စ

ရှေးက ဆလုံ (ခ) မော်ကင်းတို့သေလျှင်မြေမမြှုပ်ကြ။ လင့်စင်ပေါ်တင်ထားပြီး လင်းတ စသော ပင်လယ်ငှက်များ ထိုးဆိတ်စားသောက်ကြသည်။ ယခုအခါတွင် သုသာန်တွင် မြေမြှုပ်သည်။ သုသာန်ကို လူတွေမမြင်ရအောင် တောနက်ထဲ၌ ရွေးချယ်ထားကြသည်။ သေသူနှင့်အတူ ရွှေ၊ ငွေ၊ အသုံးအဆောင်၊ အိပ်ရာ၊ စားစရာများ ထည့်ပေးလိုက်ကြသည်။ မြေပုံတွင် အပင်ကလေးများ အမှတ်တရစိုက်ထားကြသည်။ ပုလင်းကွဲများဖြင့် ဖုံးအုပ်ထားကြသည်။ အခြားလူတွေ တူးဖော်မှာစိုး၍ဖြစ်သည်။

## မင်္ဂလာဆောင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း

ဆလုံ (ခ) မော်ကင်းတို့သည် ငယ်ရွယ်စဉ်ကပင် အိမ်ထောင်ပြုသူ များသည်။ အမျိုးသားက အမျိုးသမီးကို မိဘများထံသွားတောင်းရသည်။ တောင်းရမ်းစဉ်အမျိုးသားနှင့် အတူ မိဘနှစ်ပါး၊ အကြီးအကဲ ပါရသည်။ အမျိုးသမီးဘက်က လက်ခံလျှင် နေ့ရက်သတ်မှတ်ပြီး နတ်ဆရာနှင့် တိုင်ပင်ကာ စားသောက်ဖွယ်ရာပြင်ဆင်စီမံရသည်။ ငါး၊ ကြက်၊ လင်းနို့၊ အရက် စသည်တို့ဖြစ်သည်။ မင်္ဂလာပွဲအတွက် ကိုယ်ပိုင်အလုပ်ကို ရပ်နား၍ ဝိုင်းဝန်းလုပ်ဆောင်ကြသည်။

နတ်ဆရာက တူရိယာတစ်ခု ယူလာသည်။ မင်္ဂလာပွဲကို ဦးစီးသည်။ မင်္ဂလာတူရိယာဖြစ်သော ပလွေကိုမှုတ်၍ နတ်ပင့်သည်၊ လက်ထပ်ပေးသည်။ နတ်ဆရာမှ ကျန်းမာရေး အလုပ်အကိုင်များအတွက် ကူညီစောင့်ရှောက်ရန် ဆုတောင်းပေးသည်။ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးသည်။ အိမ်ထောင်ရေး ဖောက်ပြန်လျှင် အစုအဝေးမှ ရာသက်ပန် နှင်ထုတ်လေ့ရှိသဖြင့် အလွန်ပင် ကြောက်ရွံ့ကြသည်။ ဖောက်ပြန်မှု မရှိကြပေ။ နောက်ကာလ၌ ဆလုံ ယောက်ျား၊ မိန်းမအချင်းချင်း ကြိုက်နှစ်သက်လျှင် လိုက်ပြေး၊ ခိုးပြေးတာလည်းရှိ၏။ ရှေးအခါက လှေထဲ၌ပင် ခိုးပြေးကြ သည်ဟုဆို၏။ ပေးစား၍အိမ်ထောင်ပြုလျှင်ညဘက်၌မီးပုံပွဲပြုလုပ်၍ ဆလုံသီချင်းတွေ ဆိုကြသည်။ အဓိပ္ပာယ်မှာ တစ်သက်လုံး ချစ်ခင်စွာ ပေါင်းသင်းကြမည်ဟုဖြစ်သည်။ ယခုအခါ ဆလုံရွာများတွင် ကရင်လူမျိုး၊ မြန်မာလူမျိုးများ ရောနှော နေထိုင်ကြ၍ ရောနှော အိမ်ထောင်ပြုကြလေသည်။

## လူဦးရေနည်းပါးလာခြင်း

(က) မူးယစ်ဆေးဝါးသုံးစွဲခြင်း – ဘိန်း၊ အရက်၊ ဘိန်းစားမှုန့်များ အလွန်အကျွံသုံးစွဲခြင်းကြောင့် လူဦးရေနည်း ပါးလာသည်။ မူးယစ်ဆေးဝါးကို ငါး၊ ပုစွန်၊ ရေသတ္တဝါ ရရာနှင့် လဲလှယ်ပြီး သုံးစွဲကြသည်။

(ခ) ကျန်းမာရေး အသိပညာ နည်းပါးခြင်း၊ မကျန်းမာလျှင် နတ်ကိုသာ မေးသည်၊ နတ်ကိုသာ ယုံကြည်သည်။ နတ်ကို အရင်မေးပြီးမှ နတ်က လမ်းညွှန်မှသာလျှင် ဆေးရုံ၊ ဆေးခန်း သွားကြ သည်။

(ဂ) ပင်လယ်သတ္တဝါရှာဖွေ၍ အသက်မွေးကြခြင်း၊ ရေငုပ်၍ ပင်လယ်သတ္တဝါ ရှာဖွေကြသည်။ ခေတ်မီသော အကာအကွယ် (Safety) မရှိသဖြင့် ရေငုပ်ရင်း၊ ရေထဲ၌ သေဆုံးခြင်း၊ အန္တရာယ်နှင့်တွေ့ကြုံရခြင်းတို့ကြောင့်အသက် ဆုံးရှုံးရသည်။

(ဃ) တစ်ဖက်နိုင်ငံသို့သွားရောက်အခြေချခြင်း၊ ဆလုံ (ခ) မော်ကင်းလူမျိုးစုများကို ခရီးသွားလုပ်ငန်း၌ ပြစားရန် တစ်ဖက်နိုင်ငံမှ ဆွဲဆောင်မှုရှိသည်။ ကျွန်းတစ်ကျွန်းတွင် နေစရာ၊ စားစရာ၊ ဝတ်စရာ ပေး၍ စည်းရုံးသည်။ မြန်မာနိုင်ငံ အရှေ့ပိုင်း မှ "ပဒေါင်" လူမျိုးများကို စည်းရုံးသကဲ့သို့ပင်။ ထို့ကြောင့် ဆလုံ (ခ) မော်ကင်းများ တစ်ဖက်နိုင်ငံသို့ ပြောင်းရွှေ့မှု ဖြစ်ပေါ်လာသည်။

## နိဂုံး

ဂျလန်းကျွန်းဆရာတော်သည်၅နှစ်ကြာ ဆလုံရွာတွင် သီတင်းသုံး နေထိုင် လေ့လာ၍ ဤဆောင်းပါးကို ပြုစုထားခြင်းဖြစ်သည်။

ဂျလန်းကျွန်းဆရာတော်
မြိတ်မြို့နယ်အသင်း (ရန်ကုန်)
နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းမှ

စာရေးသူ ဂျလန်းကျွန်းဆရာတော် ဦးကုသလသည် [သာသနဓဇဓမ္မာစရိယဘွဲ့] နှင့် သိပ္ပံ (သတ္တဗေဒ) ဘွဲ့ အောင်မြင်ရရှိထားသောဆရာတော် ဖြစ်ပါသည်။

# မော်ကင်း (ခ) ဆလုံလူမျိုး

**မြိတ်သား**



*https://www.facebook.com/Moken-in-Myanmar*

မြန်မာပြည်မှာပင် ပြည်သူပြည်သား တချို့သော "ဆလုံ"ခေါ် လူတမျိုးအကြောင်းကို သိရှိကြရသေးသည်က တစ်ကြောင်း၊ မြိတ်သူမြိတ်သားများကို မသိနားမလည် သူများက ဆလုံလူမျိုးများ၏အနွယ် ဖြစ်သလိုလို ထင်မှတ်နေကြသည်က တစ်ချက်။ ထိုထိုအကြောင်းတို့ကြောင့် ဆလုံအတ္ထုပ္ပတ္တိကို စေ့ငုသေချာစွာ ရှာဖွေစုံစမ်း၍ ရေးသားဖော်ပြ လိုက်ရပါတော့သတည်း။

## ဆလုံသည် ဘာလဲ

မြိတ်ကျွန်းစု တစ်ဝိုက်။ ပင်လယ်အရပ်တွင် မိမိတို့ကိုယ်ပိုင် "ယင်ဂန်း"ခေါ် ဆူးရှိသောသစ်၊ တစ်မျိုးဖြင့် ကျကျနန လှိုင်းလေခံအောင် ပြုလုပ်ထားသည့် လှေကလေးများဖြင့် လှည့်ပတ်သွားလာ နေထိုင်စားသောက်နေကြသော လူရိုင်းတစ်မျိုးကို "ဆလုံ"လူမျိုးဟု ခေါ်လေသည်။ ၎င်းတို့သည် တစ်ရပ်တည်း၌ အတည်တကျ နေထိုင်လေ့ မရှိချေ။

## ရှေးဆလုံ

ယခုရှိနေကြသောဆလုံလူမျိုးများသည်ရှေးအခါက (Saleeters)"ဆလီတား"ဟူသောအမည်ဖြင့်ထင်ရှားသော ကျွန်းနေလူတစ်မျိုး ဖြစ်ခဲ့ကြလေသည်။ ၎င်းတို့သည် မြိတ်ကျွန်းစုတစ်ဝိုက်ပင်လယ်ထဲတွင် တစ်ကျွန်းမှ တစ်ကျွန်း လှူးလာဆန်ခတ် နေထိုင်ကြလျက်၊ ကံဆိုးသည့် ကုန်လှေ များကို တိုက်ခိုက်သောင်းကျန်းခဲ့ကြသည့် ရေဓားပြများ ဖြစ်ကြလေရာများစွာကြောက်မက်ဖွယ်ကောင်းခဲ့လေသည်။

၎င်းတို့သည် လယ်ယာ လုပ်ကိုင်စားသောက်ခြင်း မပြုကြဘဲ၊ တိုက်ခိုက်ခြင်း ရပ်နားနေရသည့်အခါ ရေထဲတွင် ငါးများကို ရှာဖွေဖမ်းဆီး စားသောက် အသက်မွေးကြသဖြင့် ကုန်းပေါ်တွင်နေထိုင်သောလူများနှင့်ကွာခြားကြလေသည်။

တိုက်ခိုက်လုယက်ရာတွင်ဖမ်းဆီးရမိသောလူများကို (Atcheen) (အက်)(ထ)ချီး(န်)ခေါ် အရပ်၌ ကျွန်အဖြစ် သွားရောက်ရောင်းချခြင်း ပြုကြသေး၏။ ထိုအခါက ၎င်းတို့ ကျက်စားရာဗဟိုဌာနကြီးမှာ(Jonk Celoan)(ဂျွန်းဆီးလုံး) ခေါ် ကျွန်းတစ်ကျွန်းတွင်ဖြစ်လေသည်။ ယခုအခါ ထိုကျွန်း သည် Junk Ceylon (ဂျမ်းဆီလုံ)ဟူသော အမည်ဖြင့် မြိတ်ကျွန်းစုများ၏ တောင်ဘက်ဆုံးတွင် တည်ရှိလေသည်။

(အထက်ပါ အကြောင်းအရာတို့ကို ၁၆၇၅ ခုနှစ် (Bowrey) "ဘောင်ရီ"ခေါ် စာရေးဆရာကြီး၏မှတ်တမ်း ၌လည်းကောင်း။ (Captain Hamiltom) ကပ္ပတိန် ဟင်မီလတန်၏ မှတ်ချက်စာအုပ်၌လည်းကောင်း သေချာစွာ ဖော်ပြခဲ့လေသည်။



## ယခုခေတ် ဆလုံ

အဆိုပါ "ဆလီတား"လူမျိုးတို့သည် ယခုအခါတွင် မြိတ်ကျွန်းစု၌ "ဆလုံ"ဟူသောအမည်ဖြင့် နေထိုင်ကြလေ သည်။ ဆလုံတို့သည် ရှေးအထက်ကျော်ကာရီက တိုက်ခိုက် ဆိုးသွမ်းလာခဲ့ကြသော၎င်းတို့၏အနွယ်"ဆလီတား"တို့ကဲ့သို့ မဟုတ်တော့ဘဲ၊ သူရဲဘောနည်း၍ စိတ်အောက်တန်းကျ လျက် အကြောက်အလန့် များသော အခြေအနေသို့ ဆိုက်ရောက်လာကြရပေသည်။ အကြောင်းမူကား သက္ကရာဇ် ၁၈၀၀ - ကျော်ခန့်ကစ၍ အင်္ဂလိပ်လူမျိုးတို့သည် တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်တွင် လွှမ်းမိုးအုပ်ချုပ်လာကာ ရေဓားပြတို့ကို ရက်ရက်စက်စက် နှိမ်နင်းလိုက်သဖြင့် လုယက် တိုက်ခိုက်ခြင်းအလုပ်သည် ၎င်းလူမျိုးတို့တွင် ထိုအခါကစ၍ပြတ်သွားလေတော့။ မိရိုးဖလာအလုပ်ဖြစ်သော တိုက်ခိုက်ခြင်းကို လုံးဝ မလုပ်ကိုင်ကြရတော့သဖြင့် တဖြည်းဖြည်း၊ တစ်စစ၊ ရဲရင့်ခြင်းစိတ် ပပျောက်၍ လာလေ တော့၏။ ယခုအခါတွင် ၎င်းတို့သည် ဘောင်းဘီဝတ်ဗိုလ် များကို များစွာကြောက်ရွံ့ကြလေသည့်အပြင် အမျိုးအနွယ် လည်း အောက်တန်းကျ၍ များစွာ ဆင်းရဲပင်ပန်းလျက် အသက်ရှင်နေကြရလေတော့၏။ ထိုမျှပင်မကသေး "နုရာဝဲစွဲ" ဆိုသော စကားကဲ့သို့ တရုတ်လူမျိုး ကုန်သည်တို့သည် ဘိန်းပေးကာ အလုပ်လုပ်ကိုင်ရန် ခိုင်းစေငှားရမ်းကြပြန် သဖြင့် ဘိန်းစွဲ၍ လူလုံးမလှ ဖြစ်နေကြရပြန်သည်။




၎င်းတို့သည် အသက်မွေးဝမ်းကြောင်းအလို့ငှာ ကနကမာ၊ ပျားရည်၊ ငှက်သိုက်၊ "အမ်းဘမ်း"ခေါ် ငါးကြီးအန်ဖတ် စသည်ကို စုဆောင်းရှာဖွေ၍ အနီးအနားရှိ ရွာများ၌လည်းကောင်း၊ မြိတ်မြို့သို့ လှေများဖြင့် လာရောက်၍ သော်လည်းကောင်း ရောင်းချစားသောက်ကြရလေသည်။

ရှေးအခါက မြိတ်မြို့ပေါ်သို့ ၎င်းဆလုံတို့သည် ရံဖန်သာ လာရောက်လေ့ရှိကြလေရာ၊ မြို့သူမြို့သားတို့မှာ ၎င်းတို့ ရိုင်းစိုင်းကြပုံကို အထူးအဆန်းအဖြစ်ဖြင့် ဝိုင်းအုံကြည့်ရှုလေ့ရှိကြသည်။ ၎င်းတို့သည် ဆားငန်ရေကြောင့် တစ်ကြောင်း၊ အနေအထိုင်ညစ်၍တစ်ကြောင်း၊ များသောအားဖြင့် ပွေးရောဂါစွဲကပ်လျက်ရှိကြသောကြောင့် ဆားပွင့်များဖြင့် လူးထားသကဲ့သို့ရှိကြရကား "ဆားလူး"လူမျိုး။ နောက်ကာလရွေ့လျောကာ "ဆလုံ"လူမျိုးဟု မြန်မာများက ခေါ်ဝေါ်ကြကြောင်းနှင့် ရှေးမီ အဘိုးကြီးတစ်ဦး ပြောပြဖူးသည်ကို မှတ်သားမိခဲ့ပါ၏။

## အနေအထိုင်

အဆိုပါ ဆလုံတို့သည် ရေငန်အရပ်တွင် အမြဲတမ်းလိုလိုပင် နေကြရလေရာ ရေငန်ဓာတ် နေပူရှိန်တို့ကြောင့် အသားအရည်မှာ ကြမ်းတမ်းလျက်၊ ဆံပင်မှာ နီကြောင်ကြောင်ဖြစ်ကာ ပွယောင်းလိမ်ရှုပ်လျက် "နီဂရိုး"လူမျိုးတို့ကဲ့သို့ ရှိလေသည်။

၎င်းတို့တွင်ယောက်ျားမိန်းမမရွေး ခါးတွင် ခါးတောင်းကျိုက်ထားသော အဝတ်ပိုင်းကလေးမှတစ်ပါး အဝတ်ဟူ၍ လုံးဝ မရှိပေ။

ရေပြင်မှလွဲလျှင် သဲသောင်ကမ်းခြေအရပ်တို့၌သာ နေလေ့ရှိကြသဖြင့် သဲထဲတွင်အားပြု၍ အမြဲတမ်းပင် သွားလာနေကြရသောကြောင့် တစ်မျိုးလုံးလိုလိုပင် အရိုးအရပ် ပုကွလျက် တင်ပါးကောက်ကြလေသည်။

တချို့သော ဆလုံတို့သည် ရေ၌သာ မိမိတို့လှေကလေးများနှင့် လှည့်လည်သွားလာနေကြပြီး၊ တချို့မှာ မြိတ်ကျွန်းကမ်းခြေအရပ်များ၌ ဓနိဖက်မိုး ဝါးတဲကလေးများ ဆောက်လုပ်ကာ နေထိုင်လေ့ရှိကြသည်။ ထိုကဲ့သို့ နေထိုင်ကြသော ဆလုံတဲစုတို့ကို မလိကျွန်း၊ လအဲကျွန်း၊ အလယ်မန်ကျွန်း၊ ရေအေး၊ ကျပ်ချောင်း စသည့် ပင်လယ်စခန်းအရပ်များ၌ ယခုတိုင် တွေ့ရှိနိုင်ကြပေသည်။

## အလုပ်အကိုင်

ဆလုံတို့သည် ရေငုပ်၊ ရေကူးတွင် ငါးများကဲ့သို့ ကျင်လည်ကြလေရာ ရေအောက်တွင် ဗလာသက်သက် အချိန်ကြာစွာ နေနိုင်ကြလေသည်။ ကနကမာရှိသော နေရာများတွင် မိမိတို့လှေကို "ထိုးဝါး"ဖြင့် ချည်နှောင်ထား၍ ၎င်း ထိုးဝါးကိုဖက်လျက် ရေထဲသို့ ငုပ်ဆင်းကာ ကနကမာများကို ရှာဖွေကြလေသည်။

(ထိုးဝါးဆိုသည်မှာ ရေမနက်လှသော နေရာများ၌ လှေများကိုကျောက်ဆူးမချဘဲတိုင်စိုက်လျက်ချည်နှောင်ထားလေ့ရှိသော ထိုလှေချည်တိုင်ကို ဆိုလိုသည်။)

တစ်ခါတစ်ရံ လူသားစား ငါးမန်းဟိုင်းကြီးများကို ရေထဲတွင် တွေ့ဆုံတတ်လေရာ သွေးပွက်ကြီးများသာ ရေမျက်နှာသို့ ပေါ်လာလေတော့သည်။

ထို့ကြောင့် မြန်မာဝါးဝသော ဆလုံများသည် လူယုံအောင် ကျိန်ဆိုလျှင် ကျားကိုက်လို့ သေရပါစီရဲ့၊ မိကျောင်း ကိုက်လို့ သေရပါစီရဲ့ဟုသာ ကျိန်ဆိုတတ်လေသည်။ ငါးမန်းကိုက်လို့ သေရပါစီရဲ့ဟု မည်သည့်အခါမှ မကျိန်ဆိုကြပေ။ အကြောင်းမူကား ဆလုံတို့သည် ငါးမန်းကို လွန်စွာ ကြောက်ရွံ့ကြခြင်းကြောင့်တည်း။

ငှက်သိုက်များကိုရှာဖွေရာ၌လည်း ငှက်သိုက်များရှိရာ အလွန်မြင့်မားလှသော ကျောက်ဆောင်၊ ကျောက်ကမ်းပါးကြီးများပေါ်သို့ကြိုးဖြင့်တဖြည်းဖြည်းတက်ရောက်ရှာဖွေရ၏။ တစ်ခါတစ်ရံ အလွန်မြင့်သော ကျောက်ခေါင်းလိုဏ်ဂူကြီးများထဲသို့ ကြိုးဖြင့်နွယ်ဆင်း၍ ငှက်သိုက်များကို အသက်စွန့်ကာ ရှာဖွေကြရ၏။ ထိုအလုပ်၌ ကျင်လည်သော ဆလုံ



*https://www.facebook.com/Moken-in-Myanmar*



F - 2A

တို့ပင် ခြေချော်၍သော်လည်းကောင်း၊ ကြိုးပြတ်၍သော်လည်းကောင်း မကြာမကြာ ရေထဲသို့ကျ၍ သေဆုံးကြလေသည်။ တချို့လည်း ကျောက်စွန်ကျောက်ကြား၌ညပ်လျက် သေကြေပျက်စီးကြရလေရာ၊ နောင်ငှက်သိုက်တက်သမားတို့သည် ၎င်းတို့၏ အရိုးစုများကို မကြာမကြာ တွေ့ရှိတတ်ကြ၏။

မိုန်း ခေါ် စူးတစ်မျိုးကို အသုံးချရာတွင် အလွန်ကျင်လည်လေရကား ပင်လယ်တွင် လှေကလေးဖြင့်လှည့်လည်၍ "ငါးအူကြီး" လိပ်ကျောက်ငါးကြီးတစ်မျိုးကိုပင် ၎င်းလက်နက်ဖြင့် ထိုးစိုက်လျက် မိုန်းများတွင် ချည်နှောင်ထားသော အလွန်ရှည်လျား နိုင်ခံ့သည့်ကြိုးဖြင့်လှန်၍ ငါးကြီးပြေးရာသို့ကြိုးကိုလျှော့၍လျှော့၍ပေးကာအစဉ်တစိုက်သီချင်းဆို လျက် ဗုံတီး၍ ပျော်ရွှင်စွာ လိုက်ကြလေသည်။ ကြိုးတင်းသည့်အခါ လှေတွင်ချည်ထားသဖြင့် လှေမှာ ငါးအဟုန်ကိုမီ၍ မော်တော်ဘုတ်များပင် လိုက်၍ မမီနိုင်သော အဟုန်ဖြင့် လျင်မြန်စွာ ငါးနောက်မှ လိုက်ပါနေကြသည်ကို တွေ့ဖူးကြသူတိုင်း အံ့ဩချီးမွမ်းကြပေသည်။ နောက်ဆုံး၌ ငါးကြီးသည် သွေးအားကုန်၍လည်းကောင်း၊ မောပန်းလှ၍လည်းကောင်းရေမျက်နှာပြင်ပေါ်သို့တက်လျက် သေဆုံးရပေတော့၏။ ထိုအခါမှ ၎င်းငါးကြီးကို လှေတွင် တွဲယူလျက် ကမ်းသို့ကပ်ကာ စိပ်ခွဲဖြတ်တောက်၍ အညှင်းအညှင်းများပြုလျက် မီးဖြင့်လည်းကောင်း၊ နေပူရှိန်ဖြင့်လည်းကောင်း ခြောက်သွေ့အောင် လှန်းပြီးမှ မြို့သို့ တင်ယူလာလျက် ရောင်းချတတ်ကြလေသည်။ ငါး၏အရွယ်ကိုလိုက်၍ တစ်ခါတလေ လေးငါးဆယ်ကျပ်အထိ ဈေးရသောဟူ၏။

### ဓလေ့ဘာသာ

ဆလုံတို့သည် နတ်ကိုသာ ကိုးကွယ်ကြ၍ ၎င်းတို့၏ နတ်ပွဲကို ၆ လ တစ်ကြိမ် ပြုလုပ်ကြမြဲဖြစ်ရာ တွေ့မြင်ဖူးသူတို့၌ များစွာ ထူးဆန်း၍ စိတ်ဝင်စားဖွယ်ဖြစ်လေသည်။ ကျင်းပပုံကားနတ်ပွဲပြုလုပ်ရာမြေကိုရှင်းလင်း၍အလယ်တွင် ဓနိ၊ ဝါးစသည်ဖြင့် နတ်စင်တစ်ခုကို ဆောက်လုပ်ထားကာ ၎င်းနတ်စင်ရှေ့တွင် ကြက်များ၊ ငါးများကို အရှင်လတ်လတ်လည်းလို၊ ရောင်စုံဆေးဆိုးထားသော ကောက်ညှင်းဆုပ်ကလေးများနှင့်အတူစင်ကလေးတစ်ခုပေါ်တွင်စီတန်းချထားလေသည်။ ကြက်သွေး၊ ငါးသွေး အားလုံးကိုရောနှော၍ ခွက်တစ်ခု၌ အပြည့်ထည့်လျက် နတ်စင်ကလေးပေါ်၌တင်ထားလေသည်။

နတ်ဝင်သူ ယောက်ျားမှာ နတ်စင်ရှေ့၌ ဒူးတုပ်ကာ ခေါင်းငုံ့၍နေစဉ် နတ်ဆရာ ဆလုံအဘိုးကြီးတစ်ဦးက မိမိတို့ဘာသာဖြင့် အနီးတွင်ရပ်၍ ရွတ်ဆိုကာ နတ်ကိုပင့်၍နေရလေသည်။ ကျန်လူများမှာ ဘေးပတ်လည်တွင် ဝိုင်းဝန်းကာ ထိုင်၍ ကြည့်နေကြရလေသည်။ အတန်ကြာလျှင် နတ်ဝင်သူမှာ တုန်လှုပ်လာ၍ ပါးစပ်မှ အမြုပ်တစီစီထွက်ကာ ထ၍ ခုန်လေတော့သည်။ အနည်းငယ် ငြိမ်သွားလျှင် နတ်စင်ပေါ်၌ရှိသော သွေးခွက်ကို နှုတ်ခမ်းဖြင့်တော့ကာ တစ်ရှိန်တည်း စုပ်ယူလိုက်လျှင်ပင်သွေးတစ်ခွက်လုံး ပြောင်သွားလေတော့၏။ ထိုသို့ သွေးကိုစုပ်ယူပြီးလျှင် ချက်ချင်းပင် နတ်ထွက်၍ သွားလေတော့သတည်း။ ဘာမျှ မပဟောမပြောပေ။ ဤသို့ ပြုရခြင်းမှာ မိဘရိုးရာအလိုက် တင်မြှောက် ပသရခြင်းမျှသာဖြစ်၍ ရေစောင့်နတ်နှင့် ကုန်းစောင့်နတ်များကို ပူဇော်ခြင်းဖြစ်သည်ဟု သိရှိရ၏။

ဆလုံလူမျိုး၏ မသာကိစ္စမှာကား ထူးဆန်းသော ဓလေ့တစ်ခုရှိလေသည်။ ဆလုံတစ်ယောက် သေဆုံးသောအခါ ထိုအရပ်မှ အားလုံးထွက်ခွာ ရွှေ့ပြောင်းသွားကြ၍ တခြားတစ်နေရာ၌ အိမ်သစ်ဆောက်လျက် နေထိုင်ကြရလေသည်။

လူသေကိုမူကား ၎င်းပိုင်ပစ္စည်းများနှင့်တကွ တောထဲတွင်လင့်စင်ထိုး၍ထားခဲ့ရလေသည်။ သို့မဟုတ်လျှင် လူသေကို တစ်နေရာရာသို့ လှေဖြင့် ယူဆောင်သွားကြရလေသည်။

မကြာမီက မြိတ်မြို့မှ ကုန်သည်တစ်ယောက်သည် လှေဖြင့်သွားရာ သောက်သုံးရန် ရေကုန်သဖြင့် ကျွန်းတစ်ကျွန်း၌ ဆိုက်ကပ်၍ လှေသားများနှင့် ရေရှာသွားကြလေရာ၊ သစ်ကိုင်းတို့ဖြင့်ပြုလုပ်ထားသောလင့်စင်ပေါ်၌ပုပ်ပွနေသည့် ဆလုံအသေကောင်ကိုတွေ့မြင်ကြသဖြင့်အနီးသို့သွားရောက်ကြည့်ရှုကြသောအခါ ဝမ်းဗိုက်သည် အသက်ရှူနေသကဲ့သို့ ပိန်ချည်ဖောင်းချည်ဖြစ်နေသောကြောင့်ထိတ်လန့်ထွက်ပြေးကြရလေသည်။ အတန်ကြာမှ လှေသားတစ်ယောက်သည် အရဲစွန့်၍ ပြန်လည် ကြည့်ရှုပြန်သောအခါ ဖွတ်ကြီးတစ်ကောင်သည် စအိုပေါက်မှထွက်သွားသည်ကို တွေ့မြင်ခဲ့လေ၏။

## ဘာသာစကား

ဆလုံဘာသာစကား ပြောဆိုပုံမှာ တခြားမည်သည့် ဘာသာစကားနှင့်မှမတူ များစွာ ဝဲသော်လည်း လေယူလေသိမ်း အသံထွက်မှာတလိုင်းဘာသာစကားနှင့်လွန်စွာပင် တူလေသည်။ ၎င်းတို့ကို "ဘာလူမျိုးလဲ"ဟုမေးလျှင် "မော်ကင်း"ဟု ပြန်ပြောသည်။ "မော်ကင်း" ၏အဓိပ္ပာယ်မှာ "ရေထဲမှာနေသောလူ"ဟု ဆိုလိုသည်။

သေချာစွာ လိုက်လံစုံစမ်းကြည့်ရှုရာ အဆိုပါ "မော်ကင်း"ဆိုသော စကားသည် တလိုင်းလို အဓိပ္ပာယ်ချင်း အတူတူ ဖြစ်ကြောင်း သိရှိရသည့်အပြင် များစွာသော ဆလုံစကားတို့မှာ တလိုင်းစကားများနှင့် တူညီနေကြောင်း သိရှိရလေသည်။ တလိုင်းအနွယ်မှ ဆင်းသက်လာကြောင်း ပြောဆိုကြဟန် လက္ခဏာရှိပေသည်။

တရုတ်လူမျိုးများက ဆလုံကို "ဟိုင်းငါး"ခေါ်ကြသည့် အဓိပ္ပာယ်မှာ "ရေနေလူ"ပင် ဖြစ်သတည်း။

## မြို့နေဆလုံ

မြိတ်မြို့တွင် နေထိုင်ကြသော ဆလုံတို့သည် အများအားဖြင့် မြန်မာဝါး ဝလာကြပြီဖြစ်ကြောင်း ပင်လယ်တွင်နေသော သူတို့အမျိုးများကဲ့သို့ မဟုတ်မူ၍ လုံချည်၊ ထဘီများ ဝတ်ဆင်တတ်ကြပေပြီ။ တချို့တံငါလုပ်ငန်းများ၌ စာရင်းငှားလိုက်နေကြသော ဆလုံအချို့တို့သည် လုံချည်၊ ရှပ်အင်္ကျီနှင့် တစ်ခါတစ်ရံ ခေါင်းပေါင်းများပင် ပေါင်းကြလေသည်။

ရံခါ ချမ်းအေးသောဥတုများ၌ ကုလားကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အညံ့စားဆွယ်တာအင်္ကျီများကို ဝတ်ဆင်လျက်ရှိကြသည်ကိုပင် တွေ့မြင်နိုင်ပေတော့၏။

မြို့ပေါ်တွင်အသက်မွေးဝမ်းကြောင်းအတွက် သစ်ခုတ်ရောင်းခြင်း၊ ထင်းခုတ်ရောင်းခြင်း၊ လှေအငှား ကူလီလုပ်ကာ တံငါလုပ်ကြခြင်း၊ ကနကမာလှေတွင် အငှားလိုက်၍ ကနကမာများ ငုပ်ခြင်း၊ ငှက်သိုက် ငါးကြီးအန်ဖတ် စသည်တို့ကို စာရင်းငှားအဖြစ်ဖြင့် ရှာဖွေကြခြင်း စသည်တို့ကို လုပ်ကိုင်ကြလေသည်။

ဆလုံ အမျိုးသမီးများနှင့် ဆလုံကလေးတို့မှာ ဝယ်လိုသူတို့ အိမ်သို့ ထင်းများလာရောက် ရောင်းချခြင်း၊ ကမာ(Oyster)များကို လာရောက် ရောင်းချကြခြင်း စသည်တို့ဖြင့် အသက်မွေးကြလေသည်။

ရံဖန်ရံခါ အဆောက်အဦများ ဆောက်လုပ်ရန် ကွန်ကရိ (Eonerete) အင်္ဂတေဖော်စပ်ဖို့ရာ ကျောက်စရစ်ကလေးများကို ဆလုံမိသား၊ ဖသား၊ အစုလိုက်၊ အစုလိုက် ၎င်း၏လှေတို့ဖြင့် အသီးသီး ရှာဖွေတင်ဆောင်ယူလာကာ ရောင်းချနေသည့် မြင်ကွင်းကို တွေ့မြင်ရသည်မှာ ပျော်စရာပင်။

ဆလုံများနှင့်ဆလုံကလေးတို့မှာ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ ရက်ရောခြင်းနှင့်ပင် အသက်မွေးလုံလောက်တော့မလောက် ရှိပေသည်။ အကြောင်းမူကား နံနက်စောစောတိုင်း၌ ဘုန်းကြီးကျောင်း၊ ဘုရား၊ သိမ် စသည် အရပ်များတွင် ဆွမ်းတော်မုန့်များကို သိမ်းဆည်းတောင်းရမ်းကာ မှီဝဲစားသောက်နေနိုင်လေ့ ရှိကြသည်။

သီတင်းကျွတ်ပွဲတော်နှင့် သင်္ကြန်ပွဲတော် အခါများ၌မူကား ဆလုံတို့၏ အလွန်အမင်း ဝပြောသာယာကြသော အခါကြီးရက်များပင်တည်း။

အချို့သော တရုတ်လူမျိုး ကမ်းခြေ ကုန်သည်တို့သည် ဆလုံအမျိုးသမီးတို့နှင့် ဆက်ဆံပေါင်းသင်း နေထိုင်ကြ၍ အဖိုးတန်သော အကျော်၊ ကရမက်၊ ငါးကြီးအံဖတ် စသည်များကို လိုက်လံရှာဖွေ ရရှိကြသဖြင့် မြို့သို့ လာရောက်ရောင်းချလျက်ကြွယ်ဝချမ်းသာနေကြလေသည်။

မြို့ပေါ်ရှိ မြန်မာ၊ ကုလား စသည်တို့ကား ဆလုံလူမျိုးတို့အား အရောတဝင်မပြု၊ အောက်ဆုံးအတန်းက ထားလျက် ခိုင်းစေရန်အလို့ငှာသာ အသုံးပြုကြလေသည်။

## နိဂုံး

အထက်ပါဆောင်းပါးဖြင့်ပင် ဆလုံလူမျိုးကြောင်း၌ စေ့ငှ သေချာစွာ လုံလောက်ပေပြီဖြစ်၍ ဤမျှလောက် ၎င်းတို့အကြောင်းကို မသိရှိသေးသော စာဖတ်သူအပေါင်းတို့အား ဗဟုသုတအလို့ငှာ ရေးထည့်လိုက်ရပေတော့သတည်း။

ရေးသူ - မြိတ်သား

၁၉၃၈၊ အမှတ် ၂၀၉၊ ဇန်နဝါရီ၊ ဒဂုန်မဂ္ဂဇင်း - မှ



F - 3B

# မော်ကင်းတို့၏ မြိုတ်ပင်လယ်

**ဒေါက်တာအေးခိုင်ညွန့်**

ငယ်စဉ်ကတည်းက ရန်ကုန်မြို့တွင်သာ ကြီးပြင်းလာသူ ကျွန်မအဖို့ ခင်ပွန်းသည် တာဝန်ကျရာ ဒေသများသို့ သျှောင်နောက်ဆံထုံးပါ လိုက်ပါလာရင်း အဖိုးမဖြတ်နိုင်သော ဒေသန္တရဗဟုသုတများ ရရှိခဲ့ရသည်။

"မိသားစုတွေကတို့တွေလုပ်နေရတဲ့လုပ်ငန်းတွေကို နားလည်ဖို့လိုပါတယ်။ ဒီလို နားလည်မှသာ မိသားစုတွေက တို့တွေရဲ့ လုပ်ငန်းတွေမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ကူညီနိုင်မှာဖြစ်လို့ နားလည်အောင် လေ့လာပါ"ဆိုတဲ့ ခင်ပွန်းသည်စကားကိုနားထောင်ရင်း ရေတပ်သားများ၏ ဘဝကို နားလည်အောင် ကြိုးစားခဲ့ပါသည်။

"မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းလွန်ပင်လယ်ပြင်များတွင် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်နှုန်း



https://www.facebook.com/Moken-in-Myanmar

တိုက်ခတ်မည်။ လှိုင်းအသင့်အတင့်မှလှိုင်းကြီးမည်" ဆိုသည့် ရေဒီယိုမှ မိုးလေဝသသတင်းကို ကြားဖူးကြမည် ထင်ပါသည်။ မြန်မာပင်လယ်ပြင်သို့ ရောက်ဖူးချိန်ကျမှသာ ရေတပ်သားများ၏ဘဝတွေကို ကျွန်မအဖို့ ပိုမို နားလည်သဘော ပေါက်ခဲ့ရပါသည်။ ထို့အပြင် မြန်မာ့ပင်လယ်ပြင်ရှိ အဖိုးမဖြတ်နိုင်သော ကျွန်းများ၊ သဘာဝအလှများနှင့် သယံဇာတများကို တွေ့မြင်လေ့လာခွင့် ရရှိခဲ့ပါသည်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပင် မြန်မာ့ကမ်းရိုးတန်းကို ခင်ပွန်းသည် အပါအဝင် ရေတပ်သားတို့ ကာကွယ်ပေးနေသည့်အကြောင်း စဉ်းစားကာ ဂုဏ်ယူဝင့်ကြွားရပါသည်။ "Guardian of the Golden Sea" ဆိုသည့် စာကြောင်း၏ အဓိပ္ပာယ်ကိုလည်းပိုမိုလေးနက်စွာနားလည်သဘောပေါက် လာခဲ့မိပါ သည်။

မြိတ်ကျွန်းစုသို့ရောက်ရှိစဉ် ဝိသေသထူးခြားသော မော်ကင်း (Moken) ခေါ် ပင်လယ်ပျော် ဆလုံလူမျိုးများကို လေ့လာခွင့်ရရှိခဲ့ပါသည်။ ၎င်းလူမျိုးများသည် ကနဦး မြန်မာသမိုင်းတွင် မုတ္တမပင်လယ်ကွေ့တစ်လျှောက် နေထိုင်လာကြပြီး ရှေးမွန်လူမျိုးတို့ မြောက်ဘက်မှ ဆင်းလာသောအခါ၊ တောင်ပင်လယ်တွင်းရှိ ကျွန်းများရှိရာသို့ ဆုတ်ခွာခဲ့ကြသည်ဟု ဆလုံယဉ်ကျေးမှုပြတိုက်သမိုင်းတွင် မှတ်သားမိပါသည်။ ဆလုံတို့သည် မျက်နှာပေါက်လုံးပြီး မျက်လုံးပြူးသည်။ နှုတ်ခမ်းထူလန်သည်၊ အသားမည်းသည်၊ ဆံပင်များတို၍ ကောက်ကွေးသည်၊ အရပ်အမောင်း ပုပြတ်သည်။ ခြေသလုံးအိမ်တိုင် ရွာအတည်တကျမတည်ဘဲ သွားလာရာ ထိုင်း၊ မလေးရှားတို့တွင်လည်း ဆလုံနှင့်အနွယ်တူများ နေထိုင်ကြသည်။ ဆလုံလူမျိုးများသည် သစ်လုံးတစ်လုံး တည်းမှ ထွင်းသော ကဗန်းလှေများဖြင့် သွားလာကြသည်။ ရံဖန်ရံခါ ပင်လယ်ပြင်တွင် ကဗန်းလှေကြီးရှေ့မှဆွဲသော လှေငယ်လေးများနောက်မှလိုက်၍ငါးဖမ်းထွက်လာသည်ကို တွေ့ရသည်။ ယင်းသို့ လွတ်လပ်စွာ ခြေသလုံးအိမ်တိုင် သွားလာနေထိုင်ပြီး ညရောက်သောအခါ လှေငယ်လေး များပေါ်မှ မိသားစုဝင်များသည် ကဗန်းလှေကြီးပေါ်တွင် စုပေါင်းအိပ်ကြသည်ဟု သိရသည်။ ဆလုံတို့သည် ရေကူး ရေငုပ်ကျွမ်း ကျင်ပြီး ပင်လယ်ထဲသို့ငုပ်ကာ ငါး၊ ပုစွန်၊ ပင်လယ်မျှော့၊ ခရုစေတီ၊ ပင်လယ်ကျောက်ပိုး၊ ကျောက်ပုစွန်၊ သံပခြုပ်များ သယ်ယူကာ ပြန်လည်ရောင်းချပြီး အသက် မွေးကြသည်။ "ကဗန်း" ရိုးရာလှေပေါ်တွင် မိသားစုဘဝ

> အရှေ့တောင်အာရှပင်လယ်နှင့်
> ထိစပ်နေသော
> အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်
> ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊
> ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့်
> အင်ဒိုနီးရှားနိုင်ငံများသည်
> ပင်လယ်ကိုအခြေခံသော
> ခရီးစဉ်အများအပြားဖြင့်
> ကမ္ဘာ လှည့်ခရီးသွားများကိုဖမ်းစားထားပြီး
> နိုင်ငံခြားဝင်ငွေများစွာ ရရှိလျက်ရှိကြောင်း
> လေ့လာသိရှိရသဖြင့်၊ မိမိနိုင်ငံအတွက်
> အားမလိုအားမရ ဖြစ်မိသည်။

တစ်လျှောက်လုံး မွေးဖွားသည်မှ သေဆုံးသည်အထိ ပင်လယ်ပြင်ကြီးအတွင်း ကဗန်းလှေကို အဓိက အမှီပြု နေထိုင်ကြသဖြင့် "လှေအိမ် လူသား" ဟု ခေါ်ဝေါ်ကြသည်။

ယခုအခါ မြိတ်ကျွန်းစုများတွင် ဆလုံရွာများ တည်ထောင်ပြီးကရင်လူမျိုးများနှင့်ရောနှောနေထိုင်လျက်ရှိ သည်။ လွန်ခဲ့သော ၁၉၁၁ ခုနှစ် ဗြိတိသျှလက်ထက် စာရင်း ကောက်ခဲ့စဉ်အခါက ထိုဒေသတစ်ဝိုက်တွင် ဆလုံတိုင်းရင်း သား စုစုပေါင်း ၅၀၀၀ ခန့် နေထိုင်ခဲ့ကြောင်း သိရသည်။ ယခု လက်လှမ်းမီသလောက် ရေတပ်စခန်းများ တည်ရှိရာ ဇာဒက်ကြီးကျွန်းတွင် ၃၀၀ ကျော်၊ ရှင်စောပုကျွန်းအနီးတွင် ၁၂၀ ခန့်၊ ဒုံးပုလဲအော်တွင် ၁၂၀ ခန့်၊ မလိနှင့် ပုလဲကျွန်းတွင် ၁၅၀ ခန့် ပေါင်း ၇၀၀ ခန့် နေထိုင်လျက်ရှိသည်ဟု သိရသည်။ ဇာဒက်ကြီးကျွန်း ဆလုံရွာတွင် အိမ်ခြေ ၃၀၀ ခန့်ရှိပြီး ဒေသခံများနှင့် ရောနှောနေထိုင်ပါသည်။ ရေတပ်စခန်း အကူအညီဖြင့်ဆလုံပြတိုက်တည်ဆောက်ထားပြီးယင်းတို့၏ လှေပုံသဏ္ဍာန်များ၊မှတ်တမ်းဓာတ်ပုံများ၊ပင်လယ်အောက်မှ ရရှိထားသော သန္တာပန်းခက်များ ပြသထားသည်။ ရွာ

အလယ်တွင်နတ်ရိုးရာပသသောနတ်တိုင်ထောင်ထားသည်။ မတူးဒါးနတ်၊ ဒဟန်းနတ်၊ ကျွန်းစောင့်နတ်၊ ပင်လယ်စောင့်နတ်အမျိုးမျိုးကို ပူဇော်ပသလေ့ရှိသည်။ ယခုအခါ ဒေသခံများနှင့် ရောနှောနေထိုင်ရင်း ယဉ်ကျေးမှု ပိုမိုတိုးတက်လာပြီဖြစ်သည်။ ဆလုံလူမျိုး မိခင်နှင့် ကလေးအသင်းဝင်တစ်စုနှင့် တရင်းတနှီး တွေ့ဆုံခဲ့ရာ ဆလုံလူမျိုးများသည် ဖော်ရွေပြီး မြန်မာစကား မပီကလာပြောတတ်ပုံက ခင်မင်ရင်းနှီးဖွယ်ဖြစ်ပါသည်။ ဆလုံကလေးများသည် ဆံပင်နီလေးများဖြင့် ရွာလမ်းတစ်လျှောက် ပြေးလွှားဆော့ကစားနေသည်။ တချို့သူတို့ နဂို နီရှိသလို တချို့က ဆံပင်လေးများ အရောင်ဆိုးထားကြသည်။ ဆလုံမိသားစုများအား ဆန်၊ဆီများ ထောက်ပံ့ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ရာ ဆလုံ အဘိုးအဘွားများ၏ အရေးအကြောင်းများစွာ ဖြင့် ပြည့်နှက်နေသော ခပ်နွမ်းနွမ်း မျက်နှာပြင်ပေါ်မှ နူးညံ့လိုက်လှဲသော အပြုံးဖြင့် ကျေးဇူးတင်မျက်လုံးများကို ဝမ်းသာမဆုံး တပြုံးပြုံးနှင့် တွေ့ခဲ့ရပါသည်။

ဒုံးပုလဲအော်သို့ ရောက်ရှိစဉ်အခါကလည်း သဘာဝအလှတရားများကို ကြည့်ရှုခံစားရင်း ဆလုံမိသားစုများနှင့် တွေ့ဆုံခွင့် ရခဲ့ပါသည်။ ကရင်အမျိုးသမီးတစ်ဦးသည် ဆလုံတိုင်းရင်းသားဒေသများသို့ သွားရောက်ကာ နှစ်ပေါင်းများစွာ ဆလုံများနှင့်အတူ မြုပ်နှံနေထိုင်ပြီး ဗျည်း (၂၂) လုံးပါ ဆလုံစာကိုတီထွင်ပေးခဲ့သောကြောင့် ဆလုံဖတ်စာအုပ်သည် ယခုအထိ မပျောက်မပျက် တည်ရှိနေပါသည်။ ယခု ဒုံးပုလဲအော်ရွာတွင် ဆလုံများနှင့်အတူ နေထိုင်သော ကရင်အမျိုးသမီးကြီး၏ အုပ်ထိန်းစောင့်ရှောက်မှုအောက်တွင် ထိုအရပ်ရှိ ဆလုံများသည် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဝင်ရောက်ခဲ့ကြပါသည်။

ညချမ်းအချိန် ဆလုံသီချင်းဖြင့် ဖျော်ဖြေရာတွင် ပင်လယ်လေနအေးနှင့် တောက်ပသော လရောင်တို့ ဆုံစည်းသည့် သောင်ပြင်ကမ်းစပ်နံဘေး ကွက်လပ်လေး၌ ကလေးလူကြီးမကျန် ဝိုင်းကြီးပတ် ကခုန်ကြပြီး ကျွန်မတို့ အဖွဲ့ပါ တပျော်တပါး အတူကခုန်ခဲ့ကြပါသည်။ ယင်းတို့သည်



https://www.facebook.com/Moken-in-Myanmar



*https://www.facebook.com/Moken-in-Myanmar*

အိမ်အတွင်း အသုံးပြုသည့် ပလပ်စတစ် ဆီပုံးခွံများ၊ ဒန်အိုးဒန်ခွက်များအား တူရိယာအဖြစ် အသုံးပြု တီးခတ်ကခုန်ကြသည်ကိုလည်း ချစ်စရာဓလေ့အဖြစ် တွေ့ခဲ့ရပါသည်။ သူတို့၏ဘဝသည် ခက်ခဲကြမ်းတမ်း ပင်ပန်းသည်။ ခေတ်မီရေငုပ်ကိရိယာများ အသုံးမပြုဘဲ ပင်လယ်ရေအောက်တွင် နာရီ ပေါင်းများစွာ နှစ်ပေါင်းရှည်ကြာ အသက်မွေးဝမ်းကျောင်းခဲ့ရသောကြောင့် အသားအရည်ကြမ်းတမ်းသည့်အပြင် ကျန်းမာရေးထိခိုက်ပြီး အသက်တိုကြရသည်။ ယခုအခါ (၄) မျိုးစပ်ဆေး (နိုင်ငံခြားဆေးများအား တွဲဖက်စားသုံးခြင်း) များကို ရေများများငုပ်နိုင်အောင်သုံးစွဲကြပြီး အသက်ရှည်ရှည်မနေနိုင်ကြဟု ကြားသိရသဖြင့် စိတ်မကောင်းဖြစ်မိပါ သည်။ ထို့ပြင် ဂျလန်းကဲ့သို့ ကျွန်းများတွင် နိုင်ငံခြားသားများ စီးပွားရေး ဝိသမသမားများ၏ ပယောဂကြောင့် ငါးမိုင်းထောင်သည့် နေရာများတွင် ခိုင်းစေခံနေရကြောင်းလည်း သိရသေးသည်။

မြန်မာ့တောင်ပိုင်း ပင်လယ်ပြင်သည် ဆလုံလူမျိုးများ၏ ယဉ်ကျေးမှုသမိုင်းများဖြင့် ဖုံးလွှမ်းနေပါသည်။ မြန်မာ့ပင်လယ်ပြင်နှင့်အတူ ပေါက်ဖွားခဲ့သော ဆလုံလူမျိုးများ၏ ယဉ်ကျေးမှုများ တိမ်မြုပ်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာ့ပင်လယ်ပြင်ကြီး၏ အဖိုးတန်ဆုံး သက်ရှိ သယံဇာတကို ဆက်လက်ရှင်သန်စေခြင်း ဖြစ်ပါသည်။ ဆလုံ Culture သည် မြန်မာ့တောင်ပိုင်း ပင်လယ်ပြင်၏ ကျွန်းများနှင့် ဆက်စပ်တည်ရှိလျက်ရှိပါသည်။ ဆလုံနှင့်ပင်လယ် ခွဲခြား၍မရနိုင်ပါ။ ပင်လယ်ကို တန်ဖိုးထားသကဲ့သို့ ဆလုံတို့ကို တန်ဖိုးထားရန် လိုအပ်ပါသည်။

မြိတ်ကျွန်းစုသည် မပျက်စီးသေးသော သဘာဝဝန်းကျင်များရှိသေးသဖြင့် ယခုအခါ မီးခိုးမထွက်သော စက်ရုံလုပ်ငန်းဖြစ်သည့် မြန်မာပြည် ပင်လယ်အဏ္ဏဝါ အခြေခံ

ခရီးသွားလုပ်ငန်း လုပ်ဆောင်ရန် အကောင်းဆုံး အနေအထားဖြစ်ပါသည်။ သူဌေးကျွန်း၊ ကျွန်းအမှတ် ၁၁၅၊ ခက်ရင်းခွကျွန်းတို့တွင်လည်း Resort လုပ်ငန်းများ စတင်နေပြီဖြစ်သည်။ မြိတ်မြို့တွင်လည်း pearl leguna Resort ပုလဲသန္တာဟိုတယ်အား အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ရာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများ မကြာမီက ယခုထက်ပို၍ တိုးတက်လာမည်ဟု ထင်မြင်မိပါသည်။

အရှေ့တောင်အာရှပင်လယ်နှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများသည် ပင်လယ်ကိုအခြေခံသော ခရီးစဉ်အများအပြားဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဖမ်းစားထားပြီး နိုင်ငံခြားဝင်ငွေများစွာ ရရှိလျက်ရှိကြောင်း လေ့လာသိရှိရသဖြင့်၊ မိမိနိုင်ငံအတွက် အားမလို အားမရ ဖြစ်မိသည်။ ထိုင်းပင်လယ်သည် ယခင်နှစ်ပေါင်းမြောက်များစွာကတည်းကငါးဖမ်းမှုဆိုးများကြောင်း ငါးသယံဇာတများ နည်းပါးနေပြီဖြစ်ရာ မြန်မာ့ပင်လယ်သို့ မကြာခဏဆိုသလို ငါးခိုးဖမ်းမှုများ ပြုလုပ်လျက်ရှိသည်ကိုလည်း ရေတပ်သားတို့ အစဉ်မပြတ် စောင့်ကြပ် ကြည့်ရှုနေရသည်။ ရေလုပ်ငန်းလုပ်ကိုင်သူအများစုပိုလျှံသောရေထွက်ပစ္စည်းများကို အနီးဆုံးဖြစ်သော ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့သာ တင်ပို့ရောင်းချရရာ ဈေးနှိမ်ခံရခြင်း၊ မိမိပစ္စည်းများအား အရည်အသွေး မမီဟုဆိုပြီး ပရိယာယ်ဆင်ငြင်းပယ်ပြီး မတန်တဆ ဈေးလျှော့ရောင်းရခြင်းတို့ ကြုံတွေ့နေရသည်။ မိမိတို့တိုင်းပြည်သို့သာ ကမ္ဘာလှည့်ခရီးသွားများ အများအပြား လာရောက်ပါက ထိုရေသတ္တဝါများအား လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ရောင်းချနိုင်သဖြင့် ဝင်ငွေအဆပေါင်း မြောက်များစွာ တိုးတက်လာပါလိမ့်မည်။

ထိုင်းနိုင်ငံရှိ ဖူးခက်၊ ပတ္တရာ၊ ကိုဆာမွီး၊ ဟွာဟင်နှင့် ကိုပန်းယင်တို့တွင် ကမ္ဘာလှည့်ခရီးသည်များ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အများအပြား လာရောက်လျက်ရှိသည်။ မလေးရှားနိုင်ငံရှိ "လန်ကာဝီကျွန်း" နာမည်ကျော် အပန်းဖြေစခန်းသည်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ကျွန်းပေါင်း ၇၀၀၀ ကျော်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ပင်လယ်အင်္ဂါဝါခရီးစဉ် အမျိုးမျိုး ဖန်တီးထားရှိမှုသည် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ကမ္ဘာကျော် ဘာလီကျွန်းသည်လည်းကောင်း ခရီးသွားလုပ်ငန်းဖြင့် အောင်မြင်ကျော်ကြားလျက်ရှိပါသည်။ ထို့ပြင် Tahiti ကျွန်း၊ Bonaire ကျွန်းနှင့် Maldives ကျွန်းတို့သည်လည်း ရေရှည် စီမံကိန်းများဖြင့် ပင်လယ်အင်္ဂါဝါခရီးသွားလုပ်ငန်းကို ဇောက်ချလုပ်ကိုင်လျက်ရှိရာ အလွန် အောင်မြင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံသားများသည်ပင်လျှင် မြိတ်ကျွန်းစု များထဲရှိ ကတန်ကျွန်းကိုမသိ၊ ဇာဒက်ကြီးကျွန်းကိုမသိ၊ ဘာလီကျွန်း၊ မော်လဒိုက်ကျွန်းဆိုလျှင် လူတိုင်းသိပြီး အလွန် သွားချင်နေကြပါသည်။ ကျွန်မ မေးခွန်းထုတ်မိပါသည်။ မိမိတို့ အနီးဆုံးတွင်တည်ရှိနေသောကမ္ဘာ့အလှဆုံးနှင့် အရှားပါးဆုံး ရေအောက်ရှုခင်းများကိုပိုင်ဆိုင်သောမြန်မာ့ပင်လယ်ပြင်ကို မြန်မာလူမျိုးများက စိတ်မဝင်စားလျှင် မည်သူကလာပြီး စိတ်ဝင်စားမည်နည်း? မည်သည့် အဖွဲ့အစည်းတွေက လာရောက် ထိန်းသိမ်းစောင့်ရှောက်ကြမည်နည်း? မေးခွန်းရှိသော်လည်းအဖြေက "ဒွါနီပြည်ကြီးကဝေးသနှင့်" ဝေးကွာနေဆဲ ဖြစ်ပါသည်။

ပင်လယ်နှင့် ထိစပ်နေသော ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်မည့် အစီအစဉ်အမျိုးမျိုး စိတ်ဝင်စားဖွယ်ကောင်းအောင် ဖန်တီးယူပြီး ယခု ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ ရေရှည်စီမံကိန်းများချမှတ်ကာ ပင်လယ်ပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆောင်ရွက်ကြသည်မှာ အတုယူဖွယ်ကောင်းလှသည်။ ဘာလီကျွန်း၏ ပင်လယ်ခရီးသွားလုပ်ငန်းသည် ကမ္ဘာတွင် နာမည်ကျော်လှပေသည်။ ယင်းတို့သည် ပင်လယ်၏အလှ၊ သဲသောင်ပြင်၏အလှဖြင့် ဆွဲဆောင်သလို၊ ယင်းလူမျိုးစု သမိုင်းကြောင်းဓလေ့များ ရိုးရာအကများဖြင့် ခရီးသွားများ၏ နိုင်ငံခြားငွေများကို သွေ့ယူနိုင်ကြပေသည်။ ခရီးသွားလုပ်ငန်း အောင်မြင်အောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီးရအောင် ဆောင်ရွက်ရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။

မော်လဒိုက်ရှိ ဟိုတယ်များတွင် ခရီးသည်များအတွက် အမှိုက်အိတ်များ ထားပေးထားပြီး၊ မိမိတို့၏ အမှိုက်များ (ရေဘူးခွံ၊ အအေးဘူးခွံ စသည်)ကို ကိုယ့်ခရီးဆောင်အိတ်ထဲသို့ပြန်ယူဆောင်ခိုင်းသည်အထိ သူတို့၏ သဘာဝပတ်ဝန်းကျင်အလှအပ မပျက်စီးစေရေး ထိန်းသိမ်းပုံကို ကြားဖူး၏။ ဒူဘိုင်းကဲ့သို့ သဲကန္တာရများဖြင့် ပြည့်နှက်နေသောနိုင်ငံတွင်ပင် ထန်းပင်သဏ္ဍာန် ကျွန်းအတုပြုလုပ်၍ ခရီးသွားများအား ဆွဲဆောင်လျက်ရှိပါသည်။

မိမိတို့တိုင်းပြည်တွင် ပင်ကိုယ် အလှများ ရှိပြီးသားဖြစ်သည်။ ယင်းပင်ကိုအလှများ မပျက်စီးစေရေးသည် အရေးကြီးလှသည်။ ယခုအခါ မိမိတို့တိုင်းပြည်တွင် အမှိုက်များကို နေရာတကာ စည်းကမ်းမရှိဘဲ ပစ်ကြသည်။ ပင်လယ်နားနီးရွာများသည်ပင်လယ်ကိုအမှိုက်ပုံကြီးသဖွယ်သဘောထားပြီး လက်လွတ်စပယ် ပစ်ကြသည်။ ကမ်းနားလမ်းကို မိရိုးဖလာ အမှိုက် စွန့်ပစ်သည့်နေရာအဖြစ် ထင်မှတ်ကြပေသည်။ မိမိတို့ ပစ်လိုက်သော ပလပ်စတစ်အစများစွာကို ငါးသတ္တဝါများစားကြပြီးအဆိပ်သင့်ကာသေဆုံးတော့မည်။ထိုငါးများကို စားသုံးမိသော သူများအတွက်လည်း ကျန်းမာရေးအန္တရာယ်ကြီးစွာ ထိခိုက်ပါလိမ့်မည်။

တောင်ပင်လယ်တွင် မှီတင်းနေထိုင်လျက်ရှိသော ဆလုံလူမျိုးများသည် သက်တမ်းတို၍ တစ်စတစ်စ လျော့ပါးစပြုလာခဲ့ပါပြီ။ ပင်လယ်ပြင်ကြီးကိုလည်း မိမိတို့ ကိုယ်ကျိုးအတွက် အလွန်အကျွံ သုံးစွဲရင်း ရေနေသက်ရှိ သယံဇာတများ ရှားပါးကာ ရေအောက် သန္တာကျောက်တန်းများလည်း ပျက်စီး ယိုယွင်းကုန်ကြပေပြီ။ ဤအချက်များသည် ကျွန်မတို့အတွက် သတိပေးခေါင်းလောင်းသံများဖြစ်ပါသည်။ ကျွန်မတို့သည် ပင်လယ်ပြင်ကို မည်ကဲ့သို့ထိန်းသိမ်း၍ မည်ကဲ့သို့ အကျိုးရှိစွာ အသုံးပြုရမည်ကိုမသိသော Sea Blindness ဘဝမှ Sea Minded ရှိရှိဖြင့် သန်း ၆၀ သော ပြည်သူများနှင့် နိုင်ငံတော်အတွက် ပင်လယ်ပြင်ကို ထိရောက်စွာ အသုံးပြုနိုင်ရေး အရေးတကြီး လုပ်ဆောင်ရတော့မည့် အချိန်တံခါးဝသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

တိုးတက်မှုနှင့် ဆုတ်ယုတ်မှုသည် ဒွန်တွဲလျက်ရှိပါသည်။ နိုင်ငံခေါင်းဆောင်တစ်ဦးပြောသလို "တံခါးဖွင့်ရင် ယင်တွေ ဝင်မှာပေါ့" ဆိုသည့် စကားအတိုင်း သဘာဝအတိုင်း ရှိနေသည့် မြိတ်ကျွန်းစုသည် ခရီးသွားလုပ်ငန်းဖြင့် တိုးတက်နိုင်မည့် အလားအလာရှိသလို၊ အသိပညာ အားနည်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှု၊ အကျင့်စာရိတ္တပျက်ပြားမှုများကို ပညာတည်းဟူသော တံတိုင်းဖြင့် တားဆီးကာကွယ်ရမည်ဖြစ်ပါသည်။

သမိုင်းကြောင်းအရ ဆလုံသားနှင့် ကဗန်းလှေ ခွဲခြားမရနိုင်သလို၊ မော်ကင်းနှင့်မြိတ်ပင်လယ်တို့သည်လည်း ပိုင်းခြား၍ မရနိုင်ပါ။ မြန်မာတည်သရွေ့ ပင်လယ်ပျော် မော်ကင်းတို့ တည်တံ့စေရပါမည်။ မနက်ဖြန်တိုင်းတွင် ထွက်ပေါ်လာမည့် နေမင်းကြီး၏ အလင်းရောင်သည် မော်ကင်းနှင့် မြိတ်ပင်လယ်ကို ပိုမို လင်းလက်တောက်ပစေနိုင်သလို လမင်း၏ အလင်းအားဖြင့်လည်း အေးချမ်းစေနိုင်ပါလိမ့်မည်။ ကျွန်မတို့အားလုံး မော်ကင်းနှင့် ပင်လယ်ပြင်ကို ချစ်မြတ်နိုးပါသည်။ ကျွန်မတို့ ချစ်မြတ်နိုးသော၊ တန်ဖိုးထားသောအရာများ မပျက်မစီး အတူယှဉ်တွဲရှိစေရေးအတွက် ကျွန်မတို့ အားလုံးတွင် တာဝန်ရှိပါသည်။

ဒေါက်တာအေးခိုင်ညွန့်

၂၀၁၄ ခုနှစ်၊ တပ်မတော် (ရေ) နှစ်လည်မဂ္ဂဇင်းမှ



F - 3A



*https://www.facebook.com/Moken-in-Myanmar*

# ဆလုံနှင့်လှေ

**စိန်ထွန်း(ပခုက္ကူ)**

လှေကို နေအိမ်သဖွယ် သဘောထား၍ လှုပ်ရှားသွားလာကြသော ဆလုံလူမျိုးတို့သည် စိတ်ဝင်စားဖွယ်ကောင်းသော မြန်မာပြည်ဖွား တိုင်းရင်းသားများ ဖြစ်ပေသည်။

ဆလုံနှင့်လှေ၊ လှေနှင့်ဆလုံကား ခွဲခွာ၍ မရစကောင်းပေ။

## လှေပေါ်ဘဝ

အမှန်စင်စစ်လှေသည် ဆလုံလူမျိုးတို့၏ ဘဝတစ်လျှောက်လုံးတွင် အကူအညီပေးလျက်ရှိ၏။ ဆလုံလူမျိုးတို့သည် လှေတစ်စင်းပေါ်တွင် မိသားစုအဖွဲ့ဝင် ၃ ဦးမှ ၉ ဦးခန့်အထိ နေထိုင်လေ့ရှိ၏။ ဆလုံအမျိုးသမီးများသည် လှေပေါ်တွင် ပဋိသန္ဓေလွယ်၍ လှေပေါ်မှာပင် မွေးဖွားသန့်စင်လေ့ ရှိပေသည်။ ဆလုံတိုင်းရင်းသားများသည်

ပင်လယ် ရေပြင်ပေါ်တွင် လူးလာဆန်ခတ် သွားလာနေသော လှေပေါ်မှာပင်မွေး၍၊ လှေပေါ်မှာပင် ချက်ပြုတ်စားသောက်ပြီး လှေပေါ်မှာပင် ကြီးပြင်းကာ၊ လှေပေါ်မှာပင် အသက် စွန့်လွှတ်သည်က များပေသည်။

ဆလုံတို့ နေအိမ်သဖွယ် အသုံးပြုသော လှေများမှာ ကြီးမား ခန့်ထည်လှသည် မဟုတ်ပေ။ ဆလုံတို့၏လှေများ ပေါ်၌ အိပ်ခန်း၊ ချက်ပြုတ်ခန်း၊ ထမင်းစားခန်းဟူ၍ ခန်းမ ဆောင်များ ခွဲခြားထားသည် မရှိဘဲ၊ လှေများပေါ်တွင် သင့်လျော်သလိုသာ တပြေးတည်းနေ၍ ချက်ပြုတ် စားသောက် အလုပ်လုပ်ကြပြီး နားနေ အိပ်စက်ကြ ပေသည်။

## လှေနှင့်ဂုဏ်သိက္ခာ

လှေမရှိ၊ လှေမဆောက်တတ်လျှင် ဆလုံလူမျိုးတို့ လောကဌ်မျက်နှာငယ်လှသည်။ လှေရှိလှေဆောက်တတ်လျှင် ဆလုံလူမျိုးတို့ လောကဌ် ဂုဏ်ရှိန်တက်၍ မျက်နှာပန်း လှပေသည်။ အထူးသဖြင့် ဆလုံအမျိုးသမီးတို့သည် အိမ်ထောင်ဖက်၊ ချစ်ဖော်ချစ်ဖက်ရွေးမည်ကြံလျှင်ပင် လှေပိုင်ရှိသူ၊ လှေဆောက်တတ်သူများကိုသာ ဦးစားပေး၍ ရွေးချယ် လေ့ရှိ၏။

ဆလုံ အမျိုးသားတို့သည် ရေကူးခြင်းအတတ်၊ ရေငုပ်ခြင်းအတတ်နှင့်လှေဆောက်ခြင်းအတတ်ကိုတတ်သင့် တတ်ထိုက် တတ်ရမည်ဖြစ်သော အတတ်ပညာဟူ၍ပင်



အမှတ်သညာထားလေ့ရှိပေသည်။ရေငုပ်တတ်၊ရေကူးတတ်မှ ဆလုံတို့သည် ပုလဲငုပ်သော လုပ်ငန်း၊ ခရု၊ ပင်လယ်ငါးဖမ်းသော လုပ်ငန်းလုပ်ကိုင်၍ အသက်မွေးနိုင်ကြမည် ဖြစ်၏။ လှေဆောက်တတ်မှပင် ဆလုံအမျိုးသားတို့သည် အိုးသစ်အိမ်သစ် ထူထောင်နိုင်မည်ဖြစ်ပေသည်။

## အိမ်ထောင်သစ်ထူထောင်ခြင်း

ဆလုံ လူငယ် လူရွယ်တို့သည် လူပျိုဖော်ဝင်၍ အရွယ်ရောက်လျှင် အိမ်ထောင်သစ် ထူထောင်နိုင်ရန် ကြိုးပမ်းရပေတော့သည်။ ဆလုံအမျိုးသမီးများသည် လှေထိန်းရာ၊ ပဲ့ကိုင်ရာနှင့် ပုလဲငုပ်၊ ငါးဖမ်းရာ၌ အကူအညီ

လှေမရှိ၊ လှေမဆောက်တတ်လျှင် ဆလုံလူမျိုးတို့ လောက၌ မျက်နှာငယ်လှသည်။ လှေရှိ လှေဆောက်တတ်လျှင် ဆလုံလူမျိုးတို့ လောက၌ ဂုဏ်ရှိန်တက်၍ မျက်နှာပန်းလှပေသည်။ အထူးသဖြင့် ဆလုံအမျိုးသမီးတို့သည် အိမ်ထောင်ဖက်၊ ချစ်ဖော်ချစ်ဖက်ရွေးမည်ကြံလျှင်ပင် လှေပိုင်ရှိသူ၊ လှေဆောက်တတ်သူများကိုသာ ဦးစားပေး၍ ရွေးချယ်လေ့ရှိ၏။



https://www.facebook.com/Moken-in-Myanmar

ပေးနိုင်သောကြောင့် အိမ်ထောင်ဦး၌ ဆလုံအမျိုးသမီးတို့သည် အရေးပါ အရာရောက်လှပေသည်။ ဆလုံအမျိုးသားတို့သည် အိမ်ထောင်သစ် မထူထောင်မီကပင်လျှင် မည်သည့်သစ်သည် လှေဆောက်ရာတွင် အကောင်းဆုံးဖြစ်သည်။ ယင်းသစ်မျိုးသည် မည်သည့်ဒေသ၊ မည်သည့်ကျွန်းစုတွင် ရရှိနိုင်သည် စသည်တို့ကိုလည်း သွားရင်းလာရင်း ပင်လယ်ရေပြင်တွင် ကျက်စားရင်းကြိုတင် လေ့လာထားတတ်ပေသည်။ ထို့ပြင် အိမ်ထောင်သစ် ထူထောင်မည့် ဆလုံအမျိုးသားတို့သည် မည်သည့်ဝါးသည် ကုန်းပတ်လုပ်ရန် ကောင်းသည်၊ မည်သည့်ဝါးသည် ရွက်တိုင်လုပ်ရန် ကောင်းသည်၊ မည်သည့် သစ်ရွက်များသည် ပေါင်းမိုးလုပ်ရန်၊ လှေရွက်လုပ်ရန် ကောင်းသည် စသည်တို့ကိုလည်း ကြိုတင် လေ့လာရပေသည်။

## လှေတည်ဆောက်ခြင်း

အိမ်ထောင်သစ် ထူထောင်ရန် ဆုံးဖြတ်ပြီးသည်နှင့်တစ်ပြိုင်နက် ဆလုံအမျိုးသားတို့သည် လှေသစ်တည်ဆောက်ရန် လုပ်ငန်းစရပေသည်။ လှေတည်ဆောက်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံ၊ အကြားအမြင်၊ ဗဟုသုတ

ရှိသော ဖခင်ဖြစ်သူက လှေသစ် တည်ဆောက်မည့်သားကို အစစအရာရာ အကူအညီပေးလေ့ ရှိပေသည်။

လက်စားလိုက်၊ လက်စားကူသော ဓလေ့သည် ဆလုံလူမျိုးတို့၏ မွေးသန္ဓေပါ အလေ့အထတည်း။ ထို့ကြောင့်ပင် ဆလုံတို့သည် လှေတည်ဆောက်မည့်အမျိုးသားအား အစစအရာရာ လိုအပ်သည့်ဘက်မှ အကူအညီပေးကြပေသည်။ သစ်ခုတ်၊ ဝါးခုတ်ရာ လှေဆောက်ရာတွင် အကူအညီပေးကြရင်း သက်ကြီးရွယ်ကြီးတို့သည် လှေသစ်တည်ဆောက်သော အမျိုးသားအား ပင်လယ်လှိုင်း၊ ပင်လယ်ဒီ၊ ပင်လယ်မုန်တိုင်း၊ ပင်လယ်စုန်းနှင့် ဝဲသြဃများ အကြောင်းကို ကိုယ်တွေ့နှင့် နှိုင်းယှဉ်၍ ပြောကြားကြပြီး လှေကြောင်းရေကြောင်း ပင်လယ်ကြောင်းနှင့်ပတ်သက်၍ သင်ကြားပေးလေ့ရှိ၏။

သက်ကြီးရွယ်ကြီးများ၏ ပြောစကားကို ကြားနာခွင့်ရသောကြောင့် ဆလုံလူငယ် အမျိုးသားတို့သည် ပင်လယ်ရေကြောင်း ပညာတွင် တစ်ဝက်နီးပါးမျှပင် တတ်မြောက်ပြီးဖြစ်သွားရသည်ဟု အဆိုရှိလေသည်။

## သံမပါ မယ်န မသုံး

ဆလုံလူမျိုးတို့သည် လှေတည်ဆောက်ရာတွင် သံတစ်ချောင်း မယ်နတစ်ပွင့်မျှပင် မသုံးဘဲ လှေတည်ဆောက်နိုင်သောကြောင့် ချီးကျူးစရာ ကောင်းလှပေသည်။ ဆလုံတို့၏လှေမှာ အလျား ၂၅ ပေခန့်ရှိသော လုံးထွင်းလှေဖြစ်ပေသည်။ ယင်းလှေအိမ်မျိုးကို ဆလုံ အခေါ်အရ "ကဘင်း" ဟု ခေါ်ဆိုလေသည်။ ဆလုံတို့သည် ယင်းလှေမျိုးရရန် ပင်ပန်းကြီးစွာ ကြိုးပမ်းရသည်။

ပင်စည် လုံးပတ်ကြီးသော သစ်ပင်ကြီးများကို ခုတ်လှဲ၍ လှေဝမ်းခေါင်းရရန် မီးမြှိုက်၍လည်း လှေဝမ်းဖောက်ရလေသည်။ လှေပေါ့ပါးရန်အတွက် လှေဝမ်းနှင့် လှေနံရံများကို အပါးနိုင်ဆုံးပါးရန် မီးမြိုက်ပြီး ညှိယူရပေသည်။ ဆလုံတို့သည် လှေ၏ခင်းကြမ်း၊ နင်းကြမ်းနှင့် လှေပေါင်းမိုး ပြုလုပ်ရာတွင်ပင် သံ၊ မယ်နမသုံးဘဲ နီးပင် သင်အူများသာ အသုံးပြုကြလေသည်။

လှေပေါင်းမိုးကို လှေပဲ့ကိုင်တွင် တပ်ဆင်၍ ယင်းပေါင်းမိုးအတွင်းမှာပင် ဆလုံမိသားစုတို့သည် တစ်ပြေးတည်း ပြု၍ အိပ်စက်လေ့ရှိ၏။ ဝိုင်းဖွဲ့ စားသောက်လေ့ရှိ၏။

လှေရွက်ချုပ်ရာ၊ လှေရွက်၊ လက်ရွက်တိုင် ပြုလုပ်ရာ၌ပင် ဆလုံတို့သည် သံ - မယ်နများကိုမသုံး။ သင်အူ - သစ်ရွက်နှင့်ဝါးများကိုသာတွင်တွင်ကျယ်ကျယ်ကြီးအသုံးပြုလျက်ရှိပေသည်။ လှေဆောက်ရာ၊ လှေစပ်ရာတွင်ပင် သံမယ်နကို မသုံး၊ ရတတ်ရာရာ သစ် - ဝါး သင်အူနှင့် သစ်ရွက် စသည်တို့ကိုသာသုံး၍ ဆလုံတို့ လှေဆောက်နိုင်သည်မှာ အံ့ချီးဖွယ်ကောင်းလှပေသည်။

ယခုအခါ၌ ဖော်ပြပါ ဆလုံတို့သည် မိမိတို့ နေထိုင်သွားလာ ကျက်စားရင်းဖြစ်သော ထားဝယ်ကျွန်းစု၊ ဒိုမီကျွန်းစုနှင့် ဝိတိုရိယ အငူဒေသ စသော အရပ်ဒေသများမှ ဖဲကြဉ်ပြီး ရှောင်ခွာလျက် ရှိပေသည်။ မကြာမီကာလအတောအတွင်းမှာပင် ဆလုံလူမျိုးတို့သည် မြန်မာ့နယ်မြေမှ လုံးဝ ပျောက်ကွယ်သွားဖွယ်ရာ ရှိပေသည်။

ဆလုံလူမျိုးတို့ကို မြန်မာ့နယ်မြေကို ခင်တွယ်လာအောင် ကြိုးပမ်းသင့်ပေသည်။ သို့မှသာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်နေသော မြန်မာ့နယ်မြေ၌ တိုင်းရင်းသား အလှပန်းများ ညီညီညာညာနှင့် စုံစုံညီညီ ဖူးပွင့်ဝေဆာနိုင်မည်ဖြစ်သည်။

နောင်လာ နောက်သားတို့ လွယ်လင့်တကူ လေ့လာနိုင်ရန် ဆလုံလူမျိုးတို့၏ လှေဆောက်နည်းကဲ့သို့သော ယဉ်ကျေးမှုလုပ်ငန်းများကို ယဉ်ကျေးမှု မနုဿဗေဒ အမြင်ဖြင့် စုပေါင်းညီညာ ကောက်ယူ၍ မှတ်တမ်းပြုသင့်သည်။ ကျမ်းပြုသင့်သည်။ ပြီးနောက် တိုင်းရင်းသားအားလုံး လေ့လာနိုင်စေရန် တိုင်းပြည်နှင့်အဝှန်း ထုတ်ဝေဖြန့်ချိသင့်သည် ဟူ၍လည်း စေတနာကောင်းဖြင့် အကြံပေးရပေတော့သည်။

စိန်ထွန်း (ပခုက္ကူ)

# ဆလုံ

မောင်ပြေချမ်း (မြိတ်)

ဆလုံ သို့မဟုတ် မော်ကင်းလူမျိုးတို့၏ မူလဒေသမှာ မလေးကျွန်းဆွယ် ဖြစ်ဟန်တူပြီး ၎င်းတို့၏ ရုပ်ရည်မှာ မလေးလူမျိုးနှင့်လည်းကောင်း၊ မြန်မာလူမျိုးနှင့်လည်းကောင်း ခပ်ဆင်ဆင် တူလေသည်။

မောရစ်ကောလစ် ရေးသည့် "ယိုးဒယားပို့က်" စာအုပ်တွင် ၁၆၇၅ ခုနှစ်၌ ဗောင်းရေးဆိုသူ ရေးသားသော ခရီးစဉ် မှတ်တမ်းတစ်ခုကို ကိုးကား၍ ဆလုံတို့ကို ကိုဆီလီတာဟုခေါ်ကြောင်း ဖော်ပြထားလေသည်။ ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်း အစီရင်ခံစာတွင်မူ ဆလုံကို ဆီလုန်ဟု ဖော်ပြထားလေသည်။

ဆလုံတို့သည် မလေးကျွန်းဆွယ်တွင် နေထိုင်ခဲ့ရာမှ မလေးလူမျိုးတို့ ဝင်ရောက်လာသောအခါ မူလဇာတိဒေသကို စွန့်ခွာ၍ ပင်လယ်ပြင်ရှိ ကျွန်းကြီး ကျွန်းငယ်တို့တွင် လှည့်လည်နေထိုင်ကြသည်ဟု ယူဆနိုင်ဖွယ်ရာ ရှိပေသည်။

ထို့ကြောင့် "မြန်မာနိုင်ငံရှိ လူမျိုးများ" စာတမ်းတွင် လောင်းဝစ်ဆိုသူက ဆလုံသည် တိဗက်မြန်မာလူမျိုး၊ မွန်ခမာလူမျိုး၊ယိုးဒယားတရုတ်လူမျိုးဟူသောလူမျိုးအုပ်စုကြီး သုံးစုအထဲတွင် မပါရှိဘဲ မလေးလူမျိုး အဆက်အနွယ် ဖြစ်သည်ဟု ရေးသားထားလေသည်။

ဆလုံလူမျိုးတို့သည် မလေးကျွန်းဆွယ်ရှိ ဂျာကွန်လူမျိုးနှင့် ဆက်စပ်နေသည်ဟူသော အယူအဆကြောင့် လူမျိုးတို့၏သမိုင်းအကြောင်းကို လေ့လာသော "စကီ" နှင့် "ဗလက်ဂဒင်" ပညာရှိကြီးနှစ်ဦးက လွန်လေပြီးသောအခါက အင်ဒိုချိုင်းနား တောင်ပိုင်းဒေသ၌ ဆလုံနှင့် မွန်ခမာလူမျိုးတို့သည် လူမျိုးချင်း အဆက်အသွယ် ဖြစ်ခဲ့ဖူးလိမ့်မည်ဟု ထင်မြင်သဘော ရရှိခဲ့ကြလေသည်။ ဂျာကွန်တို့မှာ မလေးကျွန်းဆွယ်ရှိ ခေတ်ဦး မလေးလူမျိုးများ ဖြစ်ကြလေသည်။ ၎င်းတို့တွင် တောင်တန်းသား "ဩရန်ဗူကက်" နှင့် ပင်လယ်သား "ဩရန်လောက်" ဟူ၍ရှိရာ ဆလုံတို့မှာ ပင်လယ်သားများဖြစ်ကြသည့် "ဩရန်လောက်" လူမျိုး အထဲတွင် အပါအဝင် ဖြစ်လေသည်။ မလေးလူမျိုးတို့ ကိုယ်တိုင်က ဆလုံလူမျိုးတို့ကို "ဩရန်ဗီဆင်" ဟု ခေါ်ကြသည်။ ထို "ဩရန်ဗီဆင်" ဟူသော ဝေါဟာရမှာ ဆီလန်ဝါနှင့်

ဆလုံတို့သည် မြိတ်ဒေသအတွင်း
မြိတ်ကျွန်းစုနေရာအနှံ့အပြားတွင်
နေထိုင်ကြပြီး တာရှည်သဖြင့်
တစ်နေရာတည်းတွင် နေထိုင်လေ့မရှိဘဲ
မိမိတို့ကိုယ်တိုင် တည်ဆောက်ထားသည့်
"ကဗန်း"ခေါ် လှေငယ်ဖြင့်
တစ်နေရာမှ တစ်နေရာသို့ ကူးလူးသွားလာ
နေထိုင်တတ်ကြလေသည်။

မလက္ကာကမ်းခြေရှိ ဂျာကွန်လူမျိုးအပါအဝင် "ဩရန်ဗီဆီဆီ"ခေါ် ပင်လယ်သားတို့နှင့် အနည်းငယ် ဆင်လေသည်။

ဆလုံတို့သည် မြိတ်ဒေသအတွင်း မြိတ်ကျွန်းစုနေရာအနှံ့အပြားတွင် နေထိုင်ကြပြီး တာရှည်သဖြင့် တစ်နေရာတည်းတွင် နေထိုင်လေ့မရှိဘဲ မိမိတို့ကိုယ်တိုင် တည်ဆောက်ထားသည့် "ကဗန်း"ခေါ် လှေငယ်ဖြင့် တစ်နေရာမှ တစ်နေရာသို့ ကူးလူးသွားလာ နေထိုင်တတ်ကြလေသည်။ ၎င်းတို့ကို မြိတ်မြို့ ဆိပ်ငယ်ရပ် ရေစပ်ပိုင်း မြိတ်အနောက် (ကျွန်းစုမြို့နယ်)၊ ကတန်ကျွန်းဇရေ့ရွာ၊ ဘုတ်ပြင်းမြို့နယ် လမ်းပိကျွန်း၊ ပလောမြို့နယ်၊ ဒုံးကျွန်း၊ ကော့သောင်းမြို့ နယ်၊ လင်္ကန်းကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ကော့သောင်းမြို့နယ် ကမ်းနားပိုင်းတွင် တချို့ကို တွေ့ရှိရလေသည်။

၎င်းတို့သည်ဆိုခဲ့သည့်အတိုင်း "ကဗန်း"ခေါ်လှေငယ်ဖြင့် တစ်ကျွန်းမှ တစ်ကျွန်းသို့ လှည့်ပတ်သွားလာနေထိုင်ကြပြီး အရှေ့မြောက်ရာသီ လေတိုက်ခတ်ချိန်ဆောင်းနှင့် နွေရာသီတို့တွင် လှေငယ်များအပေါ်၌ အနေများပြီး မိုးရာသီတွင်မူ ဖြစ်ကတတ်ဆန်း ကြိမ်ဝါးတို့ဖြင့် ဆောက်လုပ်ထားသော ခြေတံရှည် အိမ်ကလေးများ၌ ယာယီနေထိုင်ကြကာမိုးရာသီကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် ရှိသမျှ ပစ္စည်းပစ္စယများနှင့်အတူ မွေးမြူထားသော ခွေး၊ ကြောင်၊ ကြက်၊ ငှက်များပါမကျန် တစ်ပါတည်း ခေါ်ဆောင်လျက် ပင်လယ်အတွင်း လှည့်ပတ်သွားလာရင်း အချိန်ကိုကုန်လွန်စေလေသည်။ ဆလုံတို့တွင် ရိုးရာနတ်များ ဖြစ်ကြသော ကောင်းကျိုးပြု "ချီးဒါး"ခေါ် နတ်နှင့် ဆိုးကျိုးကို ဖြစ်စေတတ်သော "ကတွိုင်"ခေါ် နတ်နှစ်မျိုးရှိသည့် အနက် ကောင်းကျိုးပြုသောနတ်ကို မပ,သလိုက မပ,သဘဲ နေနိုင်ကြသော်လည်း ဆိုးကျိုးပေးတတ်သော နတ်ကိုမူ တစ်နှစ်လျှင် တစ်ကြိမ်မျှ မြန်မာသင်္ကြန်အခါများ၌ အရက်၊ ပေါက်ပေါက်၊ ဆေးကွမ်း၊ တိရစ္ဆာန် အသွေးအသားတို့ဖြင့် ပူဇော်ရလေသည်။ ယင်းတို့၏နတ်ကွန်းကို တွေ့မြင်ဖူးသူ ရှားပါးကြလိမ့်မည်ထင်ပါသည်။တစ်ခုမှာဆိုးကျိုးပြု "ကတွိုင်" ခေါ်နတ်၏ နတ်ကွန်းဖြစ်ပြီး သင်ပုန်းကျွန်း၊ ကုန်းတွင်း တစ်နေရာတွင် တွေ့မြင်ရပါသည်။ ကျန်တစ်ပုံမှာ မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ရေစပ်တွင် ၎င်းတို့နေထိုင်သည့် ခြေတံရှည်အိမ်နှင့်ယင်းတို့ကိုယ်တိုင်တည်ဆောက်အသုံးပြုသည့် "ကဗန်း"ခေါ်လှေငယ်များ၏ပုံ ဖြစ်လေသည်။

မောင်ပြေချမ်း (မြိတ်)

---

(ဓာတ်ပုံကပြောသောမြိတ်သမိုင်းမှတ်တိုင်များ၊ မောင်ပြေချမ်း(မြိတ်)၊ ၁၉၈၉ ခုနှစ်ထုတ်သောစာအုပ်ရှိ စာမျက်နှာ ၁၇၀ နှင့် ၁၇၃ ရှိစလုံလူမျိုးအခန်းကို ကူးယူဖော်ပြထားပါသည်။)



*https://www.facebook.com/Moken-in-Myanmar*

# ဆလုံအကြောင်း သိကောင်းစရာ

မဝင်းမြင့်

စာရေးသူသည် မြိတ်ခရိုင် ပင်လယ်ပြင်ထဲသို့ တတ်စွမ်းနိုင်သရွေ့ ခရီးထွက်ခဲ့ရာ ပုလဲကျွန်းသို့သွားရာ လမ်းတစ်လျှောက်ဝယ် ညမှောင်မှောင်အချိန်တွင် မှိန့်မှိန့် မည်းမည်း မြင်နေရသော ကျွန်းတွေ၏ ကမ်းခြေမှောင်မှောင်မှာ မီးရောင်လေးတွေ ကျိုးကျိုးကျဲကျဲ တလက်လက် တွေ့နေရသည်။ ဤမီးရောင်ကလေးတွေကား လှေကို အိမ်အဖြစ် အသုံးချပြီး နေထိုင်ကြသော ဆလုံတွေ၏ လှေကလေးတွေဖြစ်ကြောင်း သိရသည်။

ဆလုံတွေ၏လှေသည် အများအားဖြင့် လူ ဆယ်ယောက်လောက် ကောင်းစွာ စီးနိုင်သည့် ပေါင်းမိုးတပ်သမ္ဗန်များသာဖြစ်၍ လှော်တက်မသုံး၊ လက်အပင်ပန်းမခံဘဲ ပဲ့ချိတ်စက် တပ်ထားသော သမ္ဗာန်တွေသာ ဖြစ်သည်။ ပဲ့ချိတ်စက် တစ်လုံးကို အဟောင်း၊ အသစ် အမျိုးအစား လိုက်၍ တစ်ထောင်မှအထက် ဈေးရှိသည်။ ထိုစက်ကို ဝယ်၍ သမ္ဗန်မှာ တပ်ထားခြင်းဖြင့် ရေကိုနိုင်သော ဆလုံများအဖို့ ပင်လယ်ရေပြင်ကို မြေပြင်သဖွယ် အသုံးပြုနိုင်

နေနိုင်ကြပေသည်။ ဆလုံအားလုံးလိုလိုပင် ဗမာစကား တတ်ကြသည်။ ဗမာတွေအိမ်မှာ အဝင်အထွက်ရှိ၍ တချို့ ဆလုံအမျိုးသမီးများသည် ဗမာတွေ အိမ်မှာ အလုပ်လုပ်ကြသည်။

တစ်နှစ်တစ်ခါ ကျင်းပသော ပြည်ထောင်စုပွဲတော်သို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပေါင်းစုံမှ မိမိတို့လူမျိုးအလိုက် ကိုယ်စားလှယ်များ စေလွှတ်ကြသည်။ ထိုကိုယ်စားလှယ်များတွင် ဆလုံလူမျိုးများ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်လာသော ဆလုံလူကြီးများကို တွေ့ဖူး မြင်ဖူးကြပေမည်။

ပြည်ထောင်စုပွဲကို တက်ရောက်ရန် ရွေးချယ်စေလွှတ်ခြင်းခံရ၍ ရောက်ရှိလာသော ဆလုံကြီးများကား ဝတ်ကောင်းစားလှဖြင့် စတိုင်ကျကျပင် မြင်တွေ့ရသည်။ ဆလုံ ကိုယ်စားလှယ်တော်ကြီးတွေ ပါလာတတ်သည်ကို မြင်ဖူးသူတွေ စိတ်ထင် အယူအဆမှာကား ဆလုံလူမျိုးတို့၏ ဘဝသည်အတော်အသင့်အခြေအနေမှာရှိနေပေလိမ့်မည်ဟု ထင်မိကြပေမည်။ သို့သော် ဆလုံတို့၏ဘဝကို သေချာနှိုက်ချွတ်စွာ လေ့လာမိပါက ရင်နာဖွယ်ကောင်းအောင်ပင် နိမ့်ကျသော အဆင့်အတန်းမှာ ရပ်တည်နေကြသည်ကို တွေ့ရပေလိမ့်မည်။

ဆလုံလူမျိုးကား ပြည်ထောင်စု မြန်မာနိုင်ငံဝယ် မြိတ်ခရိုင်တစ်ခုထဲမှာသာ ရှိသည်။ အခြားသော တိုင်းရင်းသားများကဲ့သို့ မြို့အနံ့၊ ရွာအနံ့ လျှောက်သွားနေထိုင် အခြေစိုက်ခြင်း မပြုဘဲ မြိတ်ခရိုင် ပင်လယ်ရေပြင်ကို စုံမက်မြတ်နိုးစွာဖက်တွယ်လျက်ကပင်တိမ်မြုပ်ပျောက်ကွယ်လုနီး အခြေအနေ ရောက်နေသော ထူးဆန်းသည့် လူမျိုးတစ်မျိုး ဖြစ်ချေသည်။ ဆလုံလူမျိုးတို့၏ ဖြစ်ပေါ်လာပုံ ဇာတိဇစ်မြစ်၊ ရှေးအတိတ်ရာဇဝင်ကား စိတ်ဝင်စားစရာပင် ဖြစ်ပေသည်။

အာရှတိုက် အရှေ့ တောင်ပိုင်း ဒေသများတွင် ကျက်စား သွားလာနေကြသော လူမျိုးများအနက် ဒုတိယရှေးအကျဆုံးဖြစ်သော ဩစတြေးလျားနွယ်ဝင် (သို့မဟုတ်) ဩစတြိုလွိုက် အမျိုးအနွယ်များမှ ဆင်းသက်ပေါက်ပွားလာသူများ ဖြစ်သည် ဆိုကြသည်။ ဤတွင် ဆလုံလူမျိုးနှင့်ပတ်သက်၍ ပညာရှိများ၊ ရာဇဝင် သုတေသီများ၏ အယူအဆသည် တစ်ဦးနှင့်တစ်ဦး မတူကြသော်လည်း

ဆံပင်မှာ ရှုပ်လိမ်ပွေကောက်ပြီး နီကြန်ကြန် အဆင်းရှိသည်။ မျက်နှာပုံသဏ္ဌာန်မှာ ဂျာဗားကျွန်းသူ ကျွန်းသားများနှင့်တူပြီး အများအားဖြင့် နှာယောင်ပွ၍ ပါးစပ်ပြဲကြသည်။ ကိုယ်ခန္ဓာ အချိုးအဆစ်မှာ ပင်လယ် သဲသောင်ပြင်များမှာ သွားရလွန်း၍ ထင်သည်။ အများစု ဆလုံတို့ အောက်ပိုင်း တိုပြီး တင်ကောက်သည်များကို တွေ့ခဲ့ရ၏။

စိတ်ဝင်စားဖွယ်ရာ ကောင်းသဖြင့် စာရေးသူ ရှာဖွေစုဆောင်းမိသမျှ ရေးသား ဖော်ပြပါမည်။

ကွယ်လွန်သွားပြီဖြစ်သော အမျိုးသား ပညာဝန် ဦးဖိုးကျား၏အယူအဆ အဆိုမှာကား ဆလုံလူမျိုးတို့၏ အပြောအဆို၊ လေယူလေသိမ်းကို အကဲခတ်ခြင်းအားဖြင့် ဆလုံတို့သည် မွန်လူမျိုးများမှ ဆင်းသက်ပေါက်ဖွားလာသူများ ဖြစ်နိုင်ကြောင်း ဆိုခဲ့သည်။

ရာဇဝင် လိုက်စားလေ့လာသူ သုတေသီ ပုဂ္ဂိုလ်တစ်ယောက်၏အဆိုမှာကားရှေးလွန်ခဲ့သောကျောက်ခေတ် အခါကာလက မြန်မာပြည် တောင်ဘက် ပင်လယ်ကမ်းခြေသို့ ကွေ့ဆင်းသွားကြရသော နီဂရီတိုလူမျိုးကြီးများ၏ အဆက် အနွယ်ဖြစ်သည် ဟူ၍ ဆိုသည်။

စာရေးဆရာ မစ္စတာမောရစ်ကောလစ် ရေးသည့် ယိုးဒယားဝှိုက် (Siamese White by Maurice Collis) တွင် ဖော်ပြထားသည်ကား ခရစ်သက္ကရာဇ် အေဒီ - ၁၆၇၅ ခုနှစ်တွင် ဘိုးရေးအမည်ရှိသော ပုဂ္ဂိုလ်ကြီးသည် စာအုပ်တစ်အုပ် ရေးသား ပြုစုထားခဲ့ကြောင်း၊ ထိုစာအုပ်တွင် ဘိုးရေးက ရေးသားဖော်ပြထားသည်မှာ...

"ပင်လယ်ဓားပြ အဖြစ်ဖြင့် တိုက်ခိုက်စားသောက်

နေတတ်သော ဆာလီတားခေါ် လူမျိုးတစ်မျိုးရှိသည်။ ထို ဆာလီတားများသည် မြိတ်ခရိုင် ပင်လယ်ပြင်ရှိ ဂျွန်းဆီလုံ ကျွန်းနှင့် ပူလိုဆမ်ဘီလုံကျွန်းများတစ်ဝိုက်မှာ လှည့်လည် သွားလာ ကျက်စား၍ တိုက်ခိုက်တတ်သည်။ ဆာလီတား များတွင်အကြီးအကဲရှင်ဘုရင်စသည်ဖြင့်အုပ်ချုပ်ကွပ်ကဲသူ မရှိချေ။ ၎င်းတို့သည် ထင်ထင်ရှားရှား လူမြင်သူမြင်ခံ မနေကြဘဲ လျှို့ဝှက် ပုန်းကွယ်နေတတ်ကြသည်။ သူတို့ကား ပင်လယ်ဂျစ်ပဆီလူမျိုးဟု ခေါ်နိုင်သောသူများဖြစ်သည်" စသည်ဖြင့် ဘိုရေးက ရေးသားထားခဲ့သည်။ ၎င်းပြင် ထို အချိန်အခါက ကပ္ပတိန် ဟင်မိလ်တန် အမည်ရှိသော ပုဂ္ဂိုလ်တစ်ဦး၏မှတ်တမ်းတွင်လည်း...

"မြိတ်မြို့နှင့် ဂျွန်းဆီလုံကျွန်း အကြားတွင် သင်္ဘော များ ဆိုက်ကပ်ခိုနားရန် ကောင်းမွန်လုံခြုံသော ဆိပ်ကမ်းများ အများအပြားပင်ရှိသော်လည်း ကောင်းမွန်စွာ လုပ်ကိုင် စားသူများအနေဖြင့် နည်းပါးလှသည်။ အဘယ်ကြောင့် ဆိုသော် ဆလီတားလူမျိုးများသည် ဓားပြအလုပ်ဖြင့် လုယက် တိုက်ခိုက် စားသောက်တတ်ကြသည့်အပြင် လူကိုပါ ဖမ်းသွားပြီး ကျွန်အဖြစ်ဖြင့် အက်ချင်းမြို့သို့ သွားရောက် ရောင်းချတတ်သည်။ ထို့ကြောင့် ဂျွန်းဆီလုံ ကျွန်းမှာ ဆာလီတားတို့၏ နှိပ်စက်မှုဒဏ်ကို မပြတ်ခံနေရ၍ ကောင်းမွန်စွာ လုပ်ကိုင်စားနေသူများ မနေနိုင်ကြပေ"ဟု ရေးထားခဲ့သည်။



*https://www.facebook.com/Moken-in-Myanmar*

ၒင်းပြင် မောရစ်ကောလစ်က ဆလုံများအကြောင်းကို ဆက်လက်ဖော်ပြရေးသားပုံမှာ...

"ပင်လယ် ဂျစ်ပဆီလူမျိုး ဟုခေါ်နိုင်သော ဆလုံလူမျိုးများ သည် ယခုထက်တိုင် ရှိနေသည်မှာ အံ့ဩစရာကောင်းသည်။ ၎င်းတို့ ပေါ်ပေါက်လာခဲ့သည့် သက်တမ်းသည် နှစ်ပေါင်း ၄၀၀ ကျော်ခန့်ပင် ရှိနေပေပြီ။ ၁၉ ရာစုနှစ်တွင်းက မြိတ်ခရိုင်နှင့် ပင်လယ်ပြင် တစ်ခုလုံးသည် အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ပြီး ဖြစ်သည့်အလျောက် အင်္ဂလိပ်အုပ်ချုပ်ရေး ရောက်လာခဲ့သည်။

ခရစ်သက္ကရာဇ် ၁၈၂၅ ခု ဩဂုတ်လကစ၍ မစ္စတာမိန်းဂီ၏တပ်များက ပင်လယ်ဓားပြ ဆလီတားများကိုနိုင် နင်းစွာ ဖြိုဖျက် နှိမ်နင်းခဲ့သဖြင့် ၎င်းတို့၏ သမားရိုးကျပင်လယ်ဓားပြ လုပ်ငန်းကြီးများ ပျက်စီးသွားခဲ့သည်"ဟု ရေးသားဖော်ပြထားခဲ့သည်။

ထိုသို့ မောရစ်ကောလစ်နှင့် ဘိုရေးတို့ မှတ်တမ်းတင်ခဲ့သည့်အတိုင်းပင် ဆလုံတို့သည် ဆာလီတားခေါ် ပင်လယ်ဓားပြကြီးများမှ ဆင်းသက်လာခဲ့သော လူမျိုးများသာ ဖြစ်သည်။

သို့သော် နှစ်ပေါင်း ၅၀၀ နီးပါးခန့်က ဆလီတားများ၏သွေးတွင် လူမျိုးခြားသွေးများ ရောယှက်သွားခဲ့ဟန်လက္ခဏာများရှိသည်။ ရောယှက်သည်ဟု ယူဆရသောသွေးများက (၁) ဒပ်ချ်လူမျိုးများ၏ ရန်စနက်ကြောင့် ထွက်ပြေး တိမ်းရှောင်လာခဲ့ရသော မာကားဆားလူမျိုးတို့၏သွေး။ (၂) အိန္ဒိယပြည် အာသောကမင်းတရားလက်ထက် မဒရပ်ကမ်းခြေ မြောက်ပိုင်းရှိ တိလင်္ဂနအရပ်မှ ထွက်ပြေးလာခဲ့ကြသော တေဂူလ လူမျိုးများ၏သွေးတို့ ရောစပ်ဟန်လက္ခဏာများ ရှိသောကြောင့် ဆလုံလူမျိုးတို့၏ အပြောအဆိုနှင့် လေ့လော့ခတ်ပုံတို့မှာ မွန်တို့နှင့်လည်းကောင်း၊ တေလဂူများနှင့်လည်းကောင်း တူညီနေခြင်းဖြစ်ဟန်လက္ခဏာရှိသည်။ ၎င်းဆလုံတို့၏ ရုပ်ရည်လက္ခဏာမှာအရပ်အမောင်း ပေမီသည်၊ သန်မာသည်၊ အသားအရေနက်မှောင်သည်၊ လှေတစ်စင်းဖြင့်ပင်လယ်ပြင်မှာခြေသလုံးအိမ်တိုင်ပြု နေသူများဖြစ်၍ ဆားငန်ရေ အမြဲ ထိတွေ့နေရခြင်း ကြောင့် ၎င်းတို့ကိုယ်မှာ ဆားပွက် ဆားညှင်းများထပြီး ပွေးညှင်းများကဲ့သို့ ကိုယ်အရေမှာ အဖတ်လိုက်၊ အလွှာလိုက်၊ ကွာကျတော့မည်ကဲ့သို့ ရှိသည်။

ဆံပင်မှာ ရှုပ်လိမ်ပွေကောက်ပြီး နီကြန်ကြန်အဆင်းရှိသည်။ မျက်နှာပုံသဏ္ဌာန်မှာ ဂျာဗားကျွန်းသူကျွန်းသားများနှင့်တူပြီး အများအားဖြင့် နှာယောင်ပွ၍ပါးစပ်ပြဲကြသည်။ ကိုယ်ခန္ဓာ အချိုးအဆစ်မှာ ပင်လယ်သဲသောင်ပြင်များမှာ သွားရလွန်း၍ ထင်သည်။ အများစုဆလုံတို့ အောက်ပိုင်းတိုပြီး တင်ကောက်သည်များကိုတွေ့ခဲ့ရ၏။

သို့သော် အချို့ ဆလုံအမျိုးသမီးများ၏ မျက်နှာ၊ မျက်ခုံး၊ မျက်လုံး၊ နှာတံသည် ပြေပြစ်လှပသည်ဖြစ်ရာအသားအရောင်ဟာ မနက်မှောင်ဘဲ ဖြူစင်လျှင် မည်မျှချောမော လှပမည်နည်းဟု စာရေးသူ စိတ်ကူးယဉ်လိုက်မိပါသည်။ ဆလုံအမျိုးသမီး အမယ်အိုဆိုလျှင် အင်္ကျီ လုံး၀မ၀တ်တော့ပါ။ ဗမာအမျိုးသမီးများ ၀တ်သော ထဘီကိုခါးချပ်သာလျှင်၀တ်သည်။အသက်အရွယ်ငယ်နသေးသောဆလုံအမျိုးသမီးဆိုလျှင် ထဘီကို ရင်ရှား၀တ်သည်။ အင်္ကျီ၀တ်သည်ကိုကား မတွေ့ခဲ့ရ။ ဆလုံအမျိုးသားတွေ အင်္ကျီမ၀တ်ဘဲ ဒူးပေါ်ပုဆိုးတိုတိုသာ ၀တ်ထားသည်။ အင်္ကျီတွေကတော့ ရှိပေသည်။ ပင်လယ်ဆားငန်ဒဏ်ကို အ၀တ်မခံနိုင်၍ ပင်လယ်ပြင်မှာနေခိုက်၊ လှေထဲမှာနေခိုက်မ၀တ်ဘဲနေကြခြင်း ဖြစ်သည်။ မြိတ်မြို့ပေါ်သို့တက်သောအခါမှု မိန်းမရော ယောက်ျားပါ အင်္ကျီ၀တ်ကြသည်။

စာရေးသူတို့သည် ကျွန်း၏ တစ်ဖက်ကွေ့သို့ရေလမ်းမှ လှည့်သွားရန်အတွက် ပဲ့ချိတ်တပ် ဆလုံသမ္ဗန်တစ်စင်း ကို စီးသွားကြသည်။ သမ္ဗန်ပေါ်တွင် မျက်နှာချောမောလှပ၍ မည်းနက်သော အသားပေါ်မှ ဆားညှင်းတွေပွင့်နေသော အသက်နှစ်ဆယ်ကျော်အရွယ် ဆလုံမပျိုတစ်ယောက်က ထဘီရင်ရှားဖြင့်ထိုင်ကာ သမ္ဗန်ပေါ်တက်လာသောစာရေးသူတို့ကိုပြုံးရယ်သောမျက်နှာပေးဖြင့်ကြည့်နေသည်။ သူ့အနားတွင် အသက်ခြောက်ဆယ်ကျော်အရွယ် အပေါ်ပိုင်းဗလာ၊ ထဘီခါးချပ်၀တ်ထားသော ဆလုံအဘွားအိုတစ်ယောက် ရှိသည်။ သမ္ဗန်ပေါ်တွင် သူတို့အိမ်ဖြစ်သည့်အလျောက် အိမ်ထောင်ပစ္စည်းကလေးများ ရှိနေသည်။ သမ္ဗန်ဦးထိပ်တွင်ကား ပင်လယ်ရေအောက်ကျောက်ဆောင်များမှာ ပေါက်ပွားတတ်သည့် သန္တာနီကျောက်ခက်ကြီးများကို တိုင်ထိပ်တွင် ကြိုးဖြင့်ချည်ထားသည်။ သန္တာနီ ကျောက်ခက်ပန်းကြီးကား တွတ်တွတ်



F - 5B

နီရဲသောအရောင်ဖြင့် လှလိုက်ပါဘိ။

ထိုကျောက်ခက်ပန်းကြီးကို စာရေးသူက လိုချင်သည်ဟု ပြောသောအခါ ပွဲချိတ်စက်ကိုင်နေသူ ဆလုံအမျိုးသားက ပျာပျာသလဲ ဖြုတ်ပေး၏။ စာရေးသူက ကျောက်ခက်ပန်းဖိုး ငွေသုံးကျပ်ပေးပြီး အဘွားအိုကို ငွေငါးကျပ် ပေးလိုက်ပါသည်။

သူတို့အနေဖြင့် ရောင်းလျှင် တစ်ကျပ်ခွဲမျှသာ ရမည်ကိုစာရေးသူကရှစ်ကျပ်ပေးသဖြင့်သဘောကျစွာပြုံးနေကြပါသည်။ ဆလုံမပျို၏အမည်မှာ မခင်မြဖြစ်၍ ဆလုံအမျိုးသားနာမည်မှာ မောင်ချစ်လှဟု သိရသည်။ သူတို့အားလုံး ဗမာလို တတ်ကြသည်။

ဆလုံတို့ စွဲမြဲစွာနေသော ဒေသများဟု မှန်းဆရသောနေရာမှာ မြိတ်ခရိုင် ဘုတ်ပြင်းမြို့မှ အနောက်ဘက်အရပ်တွင် တည်ရှိပြီး မိုင်တစ်ရာကျော်ခန့် ဝေးကွာရာ ပင်လယ်ပြင်ကြီးကို လှေဖြင့်ဖြတ်ကျော်လျှင် သုံးရက်ခရီးသွားရသည့် လမ်းပိဟူသော ကျွန်းကြီးမှာ ပင်လယ်ဓားပြဆလီတားများအဖြစ်ဖြင့် လွန်လေပြီးသော နှစ်ပေါင်းများစွာက နေထိုင် အခြေစိုက်ခဲ့ဖူးသည့် ပင်ရင်းဒေသဟု မှန်းဆရပေသည်။ ဘုတ်ပြင်းနယ်အပိုင် လမ်းပိုကျွန်းနှင့် ပုလောနယ်အပိုင် ဒုံးကျွန်းတို့မှာ ဆလုံများ၏ တိုင်းဌာနီ ဖွင့်ခဲ့ကြဖူးပေသည်။

ယခုမူ မြိတ်ပင်လယ်ပြင်အတွင်းမှာ လှပစွာတည်ရှိနေကြသည့် အကြီး၊ အသေး၊ အမွှား ကိုးရာမျှလောက်သော ကျွန်းများသို့ စက်တပ်သမ္ဗန်များဖြင့် ကူးသန်းသွားလာကာ ရှာဖွေ စားသောက်ကြသည်။ ပင်လယ်ရေသတ္တဝါတွင် စားကောင်းသော အကောင်ဟူသမျှ အားလုံးကို ဆလုံတွေစားကြသည်ဖြစ်ရာ ပင်လယ်ပြင်ရှိနေသမျှ ဆလုံတွေ ရိက္ခာ ပြဿနာပေါ်စရာ အကြောင်းမရှိဟု ထင်မိသည်။

အချို့သော ဆလုံတို့မှာ လှေထဲ၊ သမ္ဗန်ထဲမှာလည်း နေသည်၊ ပင်လယ်ကမ်းခြေများတွင်လည်း ခြေတံရှည်တဲအိမ်လေးများ ဆောက်လုပ်နေထိုင်ကြသေးသည်။ ထိုသို့ တဲအိမ်ငယ်လေးများ ဆောက်လုပ်နေထိုင်သော ရွာကလေးတွင် စည်းကမ်းဥပဒေဟူ၍ မရှိသော်လည်း ဆလုံလူကြီးများ၏စကားနှင့် ညွှန်ကြားချက်ကို လိုက်နာကြသည်။

ဆလုံတို့သည် မြိတ်ကျွန်းစု တစ်စုတည်း၌သာလျှင် ထူးထူးဆန်းဆန်း တည်ရှိသော လူထူးလူဆန်းတစ်မျိုးဖြစ်သည်။ ဆလုံကို ရှေးယခင်က မည်သည့်အစိုးရကမှ လူမျိုးတစ်မျိုးအနေဖြင့် အသိအမှတ် မပြုခဲ့ကြချေ။ အင်္ဂလိပ်အစိုးရသည် မြိတ်နယ်ကို နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့သည့်အတွင်း ဆလုံတို့သည် အိုးအိမ်အတည်တကျရှိသော လူမျိုး မဟုတ်ခဲ့သည်နှင့်အညီ သန်းခေါင်စာရင်းတွင်လည်း မပါ။ အိမ်ခွန်၊ မြေခွန်၊ လှေခွန်၊ လူခွန်ပေးဆောင်ရသောလူမျိုးလည်းမဟုတ်ခဲ့။ ပင်လယ်မှာမွေး၍၊ ပင်လယ်မှာကြီးပြီး၊ ပင်လယ်မှာသာသေသည့် ပင်လယ်သတ္တဝါတစ်မျိုးသာဖြစ်သည်ဟု အင်္ဂလိပ်တို့ သဘောထားခဲ့ကြသည်။ မြိတ်ခရိုင်တွင် အောက်တန်းအကျဆုံး၊ အဖိနှိပ်ခံရဆုံးသော လူမျိုးများဖြစ်ခဲ့သည်။ တော်လှန်ရေးကောင်စီ အစိုးရတက်၍ ပြည်ထောင်စုနေ့ ကျင်းပမှသာလျှင် ဆလုံကိုယ်စားလှယ်များ ရွေးချယ်၍ ပြည်ထောင်စုပွဲနေ့ တက်စေခြင်းဖြင့် လူလူချင်းချင်း ချီးမြှင့်အပ်သည်ကို ခံစားကြရရှာသည်။

ပင်လယ်ရေထဲမှာ အကျွမ်းကျင်ဆုံးဖြစ်သော ဆလုံသည် ကျွမ်းကျင်အောင်ပင် မိခင်က သင်ပေးခဲ့၏။ ရေအနက် အလံနှစ်ဆယ်မျှကိုပင် မည်သည့် သိပ္ပံပစ္စည်းကိရိယာမှမပါဘဲ အလွယ်တကူ ငုပ်နိုင်သည်။ ရေထဲတွင် ငါးတစ်ကောင် ဖြတ်ကူးသွားသည်ကိုပင် မလွတ်တမ်းလိုက်ဖမ်းနိုင်အောင် ကျင်လည်သည်။ ရေအောက်မှာ သိပ္ပံပစ္စည်း ကိရိယာမပါဘဲ တစ်နာရီခန့်ကြာအောင် ရေငုပ်နေနိုင်သည်။ ဤသို့ ရေကျွမ်းကျင်စေခြင်းငှာ ဆလုံမိခင်သည် ဆလုံ ကလေးငယ်ကို မွေးကင်းစကပင် သင်ကြားလာခဲ့သည်။ သင်ပေးပုံမှာ မွေးခါစ ကလေးငယ်ကို ပင်လယ်ရေပြင်ထဲသို့ ပစ်ချလိုက်ကာ သုံးမိနစ်ခန့် ရေမွန်းခံစေခြင်းပင် ဖြစ်သည်။ ထို့နောက် ပြန်လည်ဆယ်ယူကာ ရေငန်ဖြင့် ဆေးကြော သန့်ရှင်းစေသည်။ ဤသို့သော ပြုမူဆောင်ရွက်ချက်မှာ ဆလုံတို့၏ ရိုးရာအစဉ်အလာပင်ဖြစ်၍ ဆလုံကလေးငယ်သည် ရေသတ္တဝါတမျှ ပင်လယ်ထဲမှာ ကျွမ်းကျင်မှုဖြစ်စေကြောင်း ဆုတောင်းအဓိဋ္ဌာန်ဖြင့် ပဏာမ ပြုလုပ်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ရှေးယခင်ကမူ ဆလုံတို့သည် ရင်းဂန်းခေါ်ဆူးရှိသည့် ဖော့တစ်မျိုးဖြင့် ပြုလုပ်ထားသည့် ပေါ့ပါးသော လှေကို သုံးခဲ့ကြသည်။ ၎င်းလှေသည် ပင်လယ်ပြင်မှာလှိုင်းလေမည်မျှ

ပြင်းထန်ကြီးမားစေကာမူ လေပြင်းမုန်တိုင်း ထိတွေ့ခြင်းက လွဲလျှင် မည်သည့်အခါမှ မနစ်မြုပ်ချေ။ ၎င်းလှေ၏ ပုံသဏ္ဌာန်၊ လှော်တက်ထားပုံ၊ လှော်ခတ်ပုံတို့မှာ တလဂူကုလားများနှင့်လည်းကောင်း၊ မွန်လူမျိုး တံငါသည်များနှင့်လည်းကောင်း အစစအရာရာ တူညီသည်ဖြစ်၍ ဤဆောင်းပါးအစမှာ ဖော်ပြခဲ့သည့်အတိုင်း မွန်မျိုး၊ ကုလားမျိုး ဆက်နွယ်သည်ဟု ယူဆစရာဖြစ်သည်။

သို့သော် ယခုအချိန်တွင်ကား ဤရင်းဂန်းခေါ် လက်ဖြင့်လှော်ခတ်ရသည့်လှေမျိုးကို ဆလုံအများစုက မသုံးကြတော့ချေ။ ခေတ်မီကုန်ကြပြီဖြစ်သည့်အလျောက် ပေါင်းမိုးတပ်သမ္ဗန်မှာ ပဲ့ချိတ်စက်တပ်ပြီး သက်သက်သာသာ သွားလာနေကြသည်။ ဤကဲ့သို့ စက်တပ် ပြီးစီးနိုင်အောင်ပင် သူတို့အလုပ်အကိုင်က ဖြောင့်ဖြူးဟန်တူပေသည်။

ဆလုံတို့၏ သမားရိုးကျ အလုပ်အကိုင်မှာ ကမာရှာ၊ ပုလဲငုပ်ခြင်း၊ ကျောက်ခက်၊ ကျောက်ပန်းများငုပ်ယူရှာဖွေခြင်း၊ ငါးကြီးအန်ဖတ်၊ ပင်လယ်မျှော့၊ ငှက်သိုက်များ ရှာဖွေခြင်းတို့ဖြစ်သည်။

ငှက်သိုက်ကျွန်းကား မြစ်ကမ်းရိုးတန်းမှ မိုင် ၃၀ ကျော်ကွာ ပင်လယ်ရေနက်ထဲမှာရှိသည်။ ငှက်သိုက်ကျွန်းဆိုသည်မှာ ပင်လယ်ရေပြင်မှ အထက် ပေရှစ်ရာကျော် ပေတစ်ထောင်နီးပါးမြင့်သည့် ကျောက်ဆောင်ကြီးများသာဖြစ် သည်။ ထိုကျောက်ဆောင်ကြီးများမှ ငှက်သိုက်သည် ပိုင်ရှင်မဲ့မဟုတ်ကြချေ။ ကန်ထရိုက်တွေ၊ လိုင်စင်စီတွေရှိသည်။ ကန်ထရိုက်များ၊ လိုင်စင်စီများသည် မိမိတို့သက်ဆိုင်ရာ ငှက်သိုက်ကျွန်းကို ငှက်သိုက်သူခိုးများ မဝင်နိုင်အောင် မကြာခဏ လက်နက်လူသူ အပြည့်အစုံဖြင့် သွားကြည့်ကြရသည်။

ဆလုံများသည် လှေသမ္ဗန်ဖြင့် ကျွန်းအကြိုအကြား ဝမ်းစာရှာဖွေရန် လှည့်လည်နေရာမှ လိုင်စင်စီများ လာရောက်ကြည့်ရှုခြင်းမရှိဘဲ အချိန်ကြာကြာလစ်ဟင်းနေသော ငှက်သိုက်ကျွန်းကို အဆင်သင့်၍ရောက်လျှင် ငှက်သိုက်တွေကို တက်ခိုးသွားတတ်ကြသည်။ သူတို့ ခိုးယူမှန်းသိ၍ ပိုင်ရှင်က ချောက်လှန့်ပြီး တောင်းလျှင် ပြန်ပေးတတ်သည်။



https://www.facebook.com/Moken-in-Myanmar

ကျောက်ဆောင်ပေါ် တက်ခိုးနေစဉ် ပိုင်ရှင်တွေလာသည်နှင့် ဆုံမိနေပါက ပေရှစ်ရာကျော် တစ်ထောင်နီးပါးမြင့်သည့် ကျောက်ဆောင်ပေါ်မှ ပင်လယ်ရေနက်ထဲသို့ အကြောက်အလန့် မရှိ ခုန်ချကာ ရေကူးထွက်ပြေးခြင်းဖြင့်လည်းကောင်း၊ ရေငုပ် ပုန်းအောင်းနေခြင်းဖြင့် သော်လည်းကောင်း ရှောင်တိမ်းတတ်သည်။

တရုတ်လူမျိုးများသည် ကွက်ကျော် မြင်သည့် စီးပွားရေးသမားဖြစ်သည့်အလျောက် ဆလုံတို့ သက်စွန့်ဆံဖျား ကြိုးစားရှာဖွေ စုဆောင်းထားရသည့် ငါးကြီးအန်ဖတ်၊ ငှက်သိုက်၊ ပင်လယ်မျှော့စသည်များကိုလိုချင်လောဘရှိလာကြသည်။ ထို့ကြောင့် ဆလုံများကို အကျွမ်းတဝင် ချော့မော့ပေါင်းသည်။ ဘိန်း၊ ဆေးခြောက်၊ ဖန်ပုတီး၊ ဖန်လက်ကောက်စသည်များကို မည်သို့မည်ပုံ သုံးစွဲစားသောက်ရကြောင်း သင်ပြပေးကာ ဆလုံများ ဘိန်း၊ ဆေးခြောက်စွဲစေပြီး ငှက်သိုက်၊ ငါးကြီးအန်ဖတ်၊ ပင်လယ်မျှော့များကို မတန်မဆလဲလှယ်ယူငင်ကြသည်ဖြစ်ရာ ဆလုံ မိန်းမ၊ ယောက်ျားအတော်များများပင် ဘိန်းစွဲ၊ ဆေးခြောက်စွဲ၊ အရက်စွဲကာ စိတ်ဓာတ်ပါ ပျော့ညံ့သွားကြရကား တစ်ကြိမ်သောအခါက ရဲရင့်ရက်စက်သော ပင်လယ်ဓားပြကြီးများ၏ အဆက်အနွယ်ဟူ၍ ပြောလျှင်ပင် မယုံနိုင်အောင် ကုတ်ချောင်းချောင်းဖြစ်နေကြလေပြီ။ ဆလုံတို့၏ ရဲစွမ်းသတ္တိကား ဘိန်းထဲ၊ အရက်ထဲ၊ ဆေးခြောက်ထဲမှာ ပျောက်ပျက်သွားကြလေပြီ။

ဆလုံတို့မှာ စာပေအက္ခရာဟူ၍ ယခု မျက်မြင်တွင်ကား လုံးဝ မတွေ့ရချေ။

ဆလုံတို့ သုံးစွဲပြောဆိုသည့် ဘာသာစကားမှာ အချို့က မွန်လူမျိုး၏ လေယူလေသိမ်းအသံထားနှင့် တူသည်ပင် ထင်မြင် ယူဆသော်လည်း၊ မွန်လူမျိုးတို့ကမူ လုံးဝမတူဘဲ သိသိသာသာပင် ခြားနားသည်ဟု ငြင်းဆိုသည်။ အချို့ကမူ ပသျှူးစကားနှင့် ဆက်နွယ်သည်ဟု ဆိုသော်လည်း ပသျှူးတို့က လုံးဝ မတူဟုဆိုသည်။ သို့သော် ဆလုံတွေစကားကို ပသျှူးတွေက နားမလည်သော်လည်း ပသျှူးစကားကိုကား ဆလုံတွေ ကောင်းစွာ နားလည်ပြောဆိုနိုင်သည်။

ဆလုံတွေ၏စကားကို စာရေးသူ နားမလည်သော်လည်း ဆလုံအမျိုးသမီးတစ်ယောက်ကို စာရေးသူ၏ မိတ်ဆွေက သီချင်းဆိုခိုင်းသည်ကို နားထောင်ရသောခါ သာယာနာပျော်ဖွယ်ရှိပြီး စာရေးသူနားထဲတွင် ရှမ်းဘာသာဖြင့် သီချင်းဆိုသလိုပင် ထင်မိသည်။ ဆလုံအမျိုးသမီးသည်သူ ဆိုသည့်သီချင်းတွင် အဝေး...ဟူသော စကားလုံး အမြဲပါသည်။ နားထောင်၍ ကောင်းသည်။ သီချင်းအဓိပ္ပာယ်ကို မေးသောအခါ ဆလုံမပျိုက ရယ်ပြီး ဗမာလို ပီပီသသ ပြော၏။

"ငါ သီချင်း မရဘူး၊ အစ်ကို၊ အစ်မတို့က သီချင်းဆိုခိုင်းတယ်၊ ဆိုမပြရင် စိတ်မကောင်းဖြစ်မှာ စိုးရိမ်တယ်၊ ဒါကြောင့် အသံကို သီချင်းလိုဆွဲပြီး အခုပြောတဲ့စကားကိုပဲ သီချင်းလုပ်ဆိုပြတာ"

ဆလုံမပျို စကားကြောင့် စာရေးသူတို့ သဘောကျစွာ ရယ်ရပါတော့သည်။

ဆလုံတို့ ကိုးကွယ်သည်မှာ နတ်ဟုဆိုသည်။ ၎င်းတို့က နတ်ဟုဆိုသော်လည်း နားလည်သူတွေက ရှင်းပြသည်မှာ ပင်လယ် ရေသူရဲကြီးများ၊ ကျွန်းသူရဲကြီးများဖြစ်သည်ဟု ဆိုသည်။ ဆလုံတို့၏ ကတ္တိုင်ခေါ် နတ်ကွန်းနှင့် ချီးဒါး ခေါ် နတ်ကွန်းတို့ကိုမူ ၎င်းတို့ အထွတ်အမြတ်သတ်မှတ်ထားသည့် အမိကရ ကျွန်းကြီးတစ်ကျွန်းတွင် လျှို့ဝှက်စွာထား သဖြင့် တွေ့ဖူးမြင်ဖူးသူ မရှိသလောက်ပင်ဖြစ်သည်။ ပူဇော်ပွဲကို ခြောက်လ တစ်ကြိမ်သော်လည်းကောင်း၊ တစ်နှစ် တစ်ကြိမ်သော်လည်းကောင်း ကျင်းပကြသည်။ ၎င်းတို့ပူဇော်ပွဲကား ကျွန်းနတ်ပွဲနှင့် ရေနတ်ပွဲဟု ခွဲခြားသတ်မှတ်ထား၏။ ပူဇော်သော ပစ္စည်းများကား ကွမ်းဆေး၊ ပေါက်ပေါက်၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်း သတ္တဝါတို့၏ အသွေးအသား၊ ရေသတ္တဝါတို့ အသွေးအသားတို့သာ ဖြစ်သည်။

၎င်းတို့ အဆင်မပြေသည့် ကိစ္စဖြစ်လျှင်လည်းကောင်း၊ မမာမကျန်းဖြစ်လျှင်လည်းကောင်း ကျွန်းနတ်၊ ရေနတ်ကြီးများ ဖမ်းစားသည်ဟုဆိုကာ နတ်ကြီးများအား ဖော်ပြခဲ့သောပစ္စည်းကိရိယာအစုံဖြင့် ပူဇော်ပသ တောင်းပန်ကြသည်။ ထိုသို့ပူဇော်မှသာလျှင် ကျွန်းပေါ်မှာလည်းကောင်း၊ ရေပေါ်မှာလည်းကောင်း၊ ကျွန်းနတ်၊ ရေနတ်ကြီးများက စောင့်ရှောက်ကာ ဘေးအန္တရာယ်ကင်းသည်၊ ကျန်းမာသည်၊ စီးပွားရေးကောင်း၍ ပိုက်ဆံအများကြီးရသည်ဟု အယူရှိကြ၏။

ဆလုံတို့မှာ မိဘ၊ ညီအစ်ကို၊ မောင်နှမဟူ၍ ခိုင်မာသော အသိအမှတ် ပြုထားခြင်းမရှိဘဲ သဘောကျလျှင် အချင်းချင်း အိမ်ထောင်ဖက် ပြုတတ်ကြသည်ဟုဆို၏။

သို့သော် စာရေးသူ အယူအဆကား ဤပြုမူချက်သည် ရှေးယခင်က ဖြစ်ခဲ့ဟန်တူပြီး ယခု မျက်မှောက်ခေတ်တွင်ကား စည်းကမ်းရှိပေလိမ့်မည်ဟု ထင်မိပါသည်။ ၎င်းတို့အမည်မှာ မြိတ်မြို့ပေါ် အရောက်အပေါက်များသူ၊ မြန်မာများနှင့် လက်ပွန်းတတီး ရင်းနှီးစွာနေသူ ဆလုံတွေအဖို့ မြန်မာနာမည်တွေ မှည့်ထားသော်လည်း အချို့ဆလုံတို့၏နာမည်မှာ ထွေထူးဆန်းပြားခြင်းမရှိဘဲ ငါးနာမည်များ၊ ကျွန်းနာမည်များ၊ပင်လယ်ပြင်နာမည်များမှည့်ထားတတ်ကြောင်း သိခဲ့ရသည်။

ဆလုံတို့ကားမြိတ်ခရိုင်တွင်အောက်တန်းအကျဆုံး၊ အဖိနှိပ်ခံရဆုံး လူမျိုးများဖြစ်ပြီး မျိုးဆက်မှာ ပျံ့ပွားစည်ကားခြင်းမရှိတော့ချေ။ ကျွန်းကြို ကျွန်းကြားမှာ အဆင်ပြေသလိုခိုလှုံပြီး အနှံ့အပြား နေကြသည်။ မြိတ်ပတ်ဝန်းကျင်တွင်ကား မှတ်လောက်သားလောက်အောင် များများမရှိတော့ချေ။ ကော့သောင်းမြို့နယ်တွင်ကား ခန့်မှန်းချေ စာရင်းအရ သုံးရာမျှလောက်သာရှိတော့ကြောင်းသိရသည်။ထူးဆန်းသော လူမျိုးတစ်မျိုးအဖြစ် မတိမ်ကောစေရန် ထိန်းသိမ်းရမည်ကလည်း ဆလုံတို့မှာ ယဉ်ကျေးမှုအမွေအနှစ်ဟူ၍ ဘာမှမရှိသည့်အပြင် လူအနားနီးနီးမနေဘဲ ကျွန်းကြိုကျွန်းကြား လျှောက်နေသူတွေဖြစ်ရကား ဆလုံမျိုး မတိမ်ကောစေရန် မြိတ်ခရိုင်မှာ လူမနေဘဲ ပစ်ထားရသည့် မြောက်မြားလှစွာသော ကျွန်းများမှ ထွန်ယက်စိုက်ပျိုးစားနိုင်မည့် ကျွန်းများကို ရွေးချယ်ကာ ဆလုံတွေကို အတည်တကျ မြို့ရွာတည်နေစိုင်းခြင်းဖြင့် ထိန်းသိမ်းထားနိုင်လေမည်လားဟု စာရေးသူ စိတ်ကူးယဉ်မိပါသတည်း။

မဝင်းမြင့်



*https://www.facebook.com/Moken-in-Myanmar*

# ဆလုံတို့ဌာနီ ကျွန်းရှေပြည်

**ရွှေမြိတ်မောင်**

ကျွန်ုပ်သည် ၁၉၄၃ ခုနှစ်အတွင်းက လူသတ်မှု တစ်မှုကို စစ်ဆေးရန် မြိတ်ခရိုင် ဘုတ်ပြင်းဌာနမှ လမ်းပိ ကျွန်းသို့ ထွက်ခွာခဲ့ဖူးလေသည်။ လမ်းပိကျွန်းမှာ ဘုတ်ပြင်း မြို့မှ အနောက်ဘက်အရပ်တွင် တည်ရှိပြီး မိုင်ပေါင်း ၁၀၀ ကျော်ခန့် ကွာဝေးသည်ဖြစ်ရာ ညိုမှိုင်းပြာဝေသော ပင်လယ် ပြင်ကြီးကို လှေဖြင့်ဖြတ်ကျော်၍ နှစ်ရက်ခရီး သွားရ လေ သည်။

အမှန်စင်စစ် လမ်းပိကျွန်းကြီးမှာ ဆလုံလူမျိုးများ နေထိုင်ရာကျွန်းကြီးတစ်ကျွန်းသာ ဖြစ်လေ၏။ ရှေးပဝေသဏီ အခါကစပြီး ယနေ့တိုင် ဆလုံလူမျိုးများစွာ နေထိုင် ကျက်စား

ခဲ့ဖူးသော ဒေသဖြစ်ဟန် လက္ခဏာရှိလေ၏။ မြိတ်စီရင်စု ပင်လယ်ထဲတွင် ကျွန်းပေါင်း ၉၀၀ ကျော်ဖြင့် ဝန်းရံလျက် လှပစွာ တန်ဆာဆင်နေ၏။

ဆလုံလူမျိုးများသည် ထိုကျွန်းကလေးများကို မိမိတို့ လှေငယ်ကလေးများဖြင့် လှည့်လည်သွားလာ ရှာဖွေစားသောက်လျက်ရှိကြကုန်၏။ ဆလုံလူမျိုး အများအပြားစုဝေးနေထိုင်သည့် ကျွန်းများမှာ ဘုတ်ပြင်းနယ်အပိုင် လမ်းပိကျွန်းနှင့်ပုလောနယ်အပိုင် "ဒုံး" ကျွန်းတို့ဖြစ်လေသည်။ ထိုကျွန်းများတွင် ဆလုံလူမျိုးတို့ ပင်လယ်ရွာမကြီး တည်ထောင်ကာ ဆလုံတိုင်းဌာနီ ဖွင့်လှစ်ခဲ့ကြ၏။ ထိုဌာနများ၏ကမ်းခြေများတွင် ဆလုံလူမျိုးတို့သည် သက်ငယ်၊ ဓနိ၊ ဝါးတို့ဖြင့် ဆောက်လုပ်သော ခြေတံ ရှည်လျားသည့်အိမ်ငယ်ကလေးများဖြင့် နေထိုင်ကြ၏။

ထိုကဲ့သို့သော ဆလုံရွာကြီးများတွင် ဆလုံဘုရင်ဟု ခေါ်ဆိုထိုက်သော ဆလုံလူကြီးတစ်ဦးနှင့် လက်အောက်ခံ အရာရှိများက ဩဝါဒပေးကာ အုပ်ချုပ်သော စည်းကမ်းဥပဒေဟူ၍ အသေအချာ မရှိသော်လည်း ထိုလူကြီးများ၏ ညွှန်ကြားရာကို လိုက်နာကြရကုန်၏။

ဆလုံလူမျိုးများသည် မြိတ်ကျွန်းစု တစ်ခုတည်း၌သာလျှင် ထူးထူးဆန်းဆန်း တည်ရှိသော ကမ္ဘာ့လူထူးလူဆန်းတစ်မျိုး ဖြစ်လေတော့၏။ ထိုဆလုံလူမျိုးများကို မည်သည့်အစိုးရကမှ လူမျိုးတစ်မျိုးအနေဖြင့် အသိအမှတ်မပြုခဲ့ပေ။ အင်္ဂလိပ်အစိုးရသည် မြိတ်နယ်ကို နှစ်ပေါင်း ၁၀၀ ကျော် အုပ်ချုပ်ခဲ့သည့်အတွင်း ဆလုံလူမျိုးများသည် အိုးအိမ် အတည်တကျရှိသော လူမျိုးမဟုတ်ခဲ့သည်နှင့် အညီ သန်းခေါင်စာရင်းတွင်လည်း မပါ၊ မြေခွန်၊ အိမ်ခွန်၊ လှေခွန် ပေးဆောင်ရသော လူမျိုးလည်း မဟုတ်ခဲ့ချေ။ ပင်လယ်မှာ မွေး၍၊ ပင်လယ်မှာ ကြီးပြင်းပြီး၊ ပင်လယ်မှာ သေသည့် ပင်လယ်သတ္တဝါ တစ်မျိုးသာလျှင်ဖြစ်သည်ဟု မြိတ်နယ်ကို နှစ်ပေါင်း ၁၀၀ ကျော် အုပ်ချုပ်ခဲ့သော အင်္ဂလိပ်အစိုးရက သဘောထားခဲ့လေသည်။ ယခုမူကား မြန်မာနိုင်ငံတော် အစိုးရက မည်ကဲ့သို့ သဘောထားဦးမည်ကို ကျွန်ုပ်တို့ စောင့်ကြည့်ရပေလိမ့်မည်။

## ရေသူ ဆလုံ

မြိတ်နယ်တွင် ဆလုံလူဦးရေ ၃၀၀၀ ကျော်ခန့် ရှိလိမ့်မည်ဖြစ်၏။ ၎င်းလူမျိုးများမှာ ပင်လယ်၌ အကျွမ်းကျင်ဆုံးသော လူမျိုးတစ်မျိုး ဖြစ်လေသည်။ ရေ အလံ ၂၀ မျှကို လွယ်လင့်တကူ ငုပ်နိုင်သောသူများဖြစ်၍ ရေထဲတွင် အရှင်လတ်လတ်ငါးတစ်ကောင်ဖြတ်ကူးသွားသည်ကိုပင်လိုက်လံဖမ်းဆီးနိုင်သည်အထိ ကျင်လည်ပြီးလျှင် ရေအောက်၌ တစ်နာရီခန့်ကြာအောင် နေနိုင်လေသည်။ ထိုကဲ့သို့ ရေ၌ ကျွမ်းကျင်စေခြင်းငှာ ဆလုံမိခင်သည် ကလေးမွေးပြီးစကပင် သင်ကြားလေ့လာစေခဲ့သည်။ သင်ကြားပုံမှာ မွေးခါစကလေးငယ်ကို ပင်လယ်ရေငန်ထဲသို့ ပစ်ချလိုက်ကာ သုံးမိနစ်ခန့် ရေမွန်းခံစေခြင်းဖြစ်လေသည်။ ထိုနောက်မှ ဆယ်ယူပြီးရေငန်ဖြင့် ဆေးကြောသန့်ရှင်းစေသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ ပင်လယ်ရေငန်တွင်မွေးသော အနီးဆလုံကလေးငယ်သည် ပင်လယ်တွင်း၌ ပင်လယ်ရေသတ္တဝါတမျှ ကျွမ်းကျင်စေသား ဟူသော အဓိဋ္ဌာန်နှင့် စတိလုပ်ပေးလိုက်ခြင်း ဖြစ်ပေသတည်း။

## ပုံပန်းသဏ္ဌာန်

ဆလုံလူမျိုးများ၏ အသားအရေမှာ လွန်စွာမည်းနက်ပြီး ဆားငန်ရေဖြင့် အစဉ်ထိတွေ့နေရမှုကြောင့် ကိုယ်လက်အင်္ဂါ အစရှိသည်တို့တွင် ဆားပွက် ဆားညှင်းများထပြီး ပွေးညှင်းများကဲ့သို့ ကိုယ်ရည်မှာ အဖတ်လိုက်၊ အလွှာလိုက် ကွာကျတော့မတတ် ရှိလေသည်။ ဆံပင်မှာလည်း ရှုပ်ပွေလိမ်ကောက်ပြီး နီကြန်သည့်အရောင် ရှိသည်။ မျက်နှာမှာ "ဂျာဗား" ကျွန်းသားများနှင့် သဏ္ဌာန်တူပြီး နှာရောင်ပွကာ ပါးစပ်ပြဲလေသည်။ ကိုယ်အင်္ဂါအပေါ်ပိုင်းထက် အောက်ပိုင်းက များစွာတိုပြီး တင်မှာ ကောက်ချိတ်လှသည်။ သို့တိုင် အောက်ပိုင်းတိုပြီး တင်ကောက်ရခြင်းမှာ ပင်လယ်သဲသောင်များ၌ သွားလာရလွန်း၍ ဖြစ်လေသည်။

## အစားအသောက် အလုပ်အကိုင်

အစားအသောက်မှာလည်း သားစိမ်းငါးစိမ်းကိုသာ အစားများ၍ အလုပ်အကိုင်မှာ ခရင်းရိုက်ခြင်း၊ ထင်းခွေခြင်း၊ ခရုကမာနှင့် ပုလဲငုပ်ခြင်း၊ ကျောက်ခက်ကျောက်ပန်းများ ငုပ်ခြင်း၊ စကျို၊ ပင်လယ်မျှော့၊ ငှက်သိုက်၊ ငါးကြီးအန်ဖတ်များကို ရှာဖွေခြင်း၊ ပျားရည်နှင့် ပျားဖယောင်းကို ရှာဖွေခြင်း စသည်တို့ဖြစ်လေသည်။

တရုတ်လူမျိုးတို့ကား ဆလုံများနှင့် အကျွမ်းတဝင် စုပေါင်းကြကာ ဘိန်း၊ ဆေးခြောက်များဖြင့်လည်းကောင်း၊

ဖလ်သီးတောင့်များဖြင့် လည်းကောင်း။ ဖြားယောင်း သွေးဆောင်ကာ မူးယစ်မိန်းမောစေ၍ ဆလုံလူမျိုးတို့ထံမှ အထက်ပါ အဖိုးတန်ပစ္စည်းများကို ပိုင်နိုင်စွာ စားသုံးကြလေတော့သည်။ ထို့ကြောင့်လည်း ယခုအခါ ဆလုံလူမျိုး ကြီးငယ် ကျားမ,မရွေး ဘိန်းစွဲလျက် ရှိကြလေတော့၏။ ရဲစွမ်းသတ္တိ စသည်တို့မှာ ဘိန်းဖျက်သဖြင့် ပျက်စီးခဲ့ချေပြီ။

## ဆလုံတို့၏လှေ

"လှိုင်းကြီးလှေအောက်" ဆိုသော စကားပုံကို ဆလုံလူမျိုးတို့က ပိုမို ရှင်းလင်းစေခဲ့သည်။ ဆလုံလူမျိုးများ အသုံးပြုသည့်လှေမှာ "ရင်းဂန်း" ခေါ်ဆူးရှိသည့်ဖော့တစ်မျိုးဖြင့် ပြုလုပ်ထားသော အလွန်ပေါ့ပါးသည့် လှေတစ်မျိုးဖြစ်လေသည်။ လှိုင်းလေ မည်မျှပင် ကြီးမားသော်လည်း ဆလုံလှေမှာ နစ်မြုပ်ခြင်း ဘေးအန္တရာယ်ကို မတွေ့ရချေ။ ပြင်းထန်လှသော လေပြင်းမုန်တိုင်းကြီးများဖြင့် တွေ့မှသာလျှင် ပျက်စီးပြိုကွဲ လွင့်ပျံပြီးသွားလိမ့်မည် ဖြစ်ပေသည်။ ဆလုံတို့သည် ထိုလှေကလေးများနှင့်ပင် မြိတ်ကျွန်းအနှံ့ အပြား လှိုင်းလေမရှောင် လှည့်လည်သွားလာ ကူးလူး ကျက်စားနိုင်ခဲ့ကြတော့သည်။ လှေ၏တက်မ ထားပုံနှင့် ခတ်ပုံမှာ တလိုင်းလူမျိုး တံငါသည်အချို့တို့၏ လှေနှင့် လည်းကောင်း၊ တေလဂူ ကုလားများ၏ လှေဖြင့် လည်းကောင်း တူလေသည်။

## ဘာသာစကားနှင့်အယူဝါဒ

ဆလုံလူမျိုးများ၏စကားပြောပုံဆိုပုံမှာမွန်အမျိုးသား အသံနှင့်တူသည်ဟု ဆိုရသော်လည်း အလွန်ပင် ခြားနားသည်ဟု မွန်တို့က ဆိုလေသည်။ ပသျှူးလူမျိုးတို့ကလည်း မိမိတို့၏စကားမဟုတ်ကြောင်း ဆိုလေသည်။ သို့သော် ပသျှူးဘာသာစကားများကို ဆလုံတို့က နားလည်၍ ပြောလည်း ပြောနိုင်ကြလေသည်။

ဆလုံတို့၏ ဘာသာအယူဝါဒမှာ နတ်ကိုးကွယ်ခြင်းပင် ဖြစ်လေ၏။ ၎င်းတို့၏ နတ်ဆိုသည်မှာလည်း ပင်လယ်ရေသူရဲ၊ ကျွန်းသူရဲကြီးများ ဖြစ်လေ၏။ ၆ လ တစ်ကြိမ်တွင်လည်းကောင်း၊ တစ်နှစ် တစ်ကြိမ်တွင်



https://www.facebook.com/Moken-in-Myanmar

လည်းကောင်း၊ ဆလုံလူမျိုးတို့သည် အဓိကရပင်လယ်ကျွန်းတစ်ကျွန်းကျွန်းတွင် ကျွန်နတ်၊ ရေနတ်ပွဲကြီးများ ပြုလုပ်ကျင်းပကြလေ သည်။ ၎င်းတို့၏နတ်ပွဲတွင် တံခွန်ကုက္ကားများနှင့် ကြက်သွေး၊ ငါးသွေး၊ လဗိုင်သွေး၊ တောတိရစ္ဆာန်သွေးအမျိုးမျိုး ပါရှိရလေသည်။ တစ္ဆေသူရဲကို အယူအဆကြီး၍ တစ်စုံတစ်ခုဖြစ်လျှင် နတ်ဖမ်းစားသည်၊ သူရဲဖမ်းစားသည်ဟု စွပ်စွဲကာ ၎င်းနတ်သူရဲများအား ပူဇော်ပသကြခြင်း ဖြစ်တော့၏။ ပင်လယ်ပြင်တိုင်း၊ ကျွန်းတိုင်းတွင် အစောင့်အရှောက် နတ်ကြီးများရှိသည်ဟူ၍ အယူရှိကြကာရေနတ်၊ကျွန်းနတ်ပွဲကြီးများပြုလုပ်ပေးခြင်းဖြင့် ပင်လယ်ထဲတွင် နတ်မင်းများ၏ အစောင့်အရှောက်ကို ခံယူ ရရှိပြီး ဘေးရန်များ ကင်းရှင်း၍ လာဘ်လာဘ ရွှင်လန်းသည်ဟု ယုံကြည်ကြလေသည်။

ဆလုံလူမျိုးများတွင် မိဘမှလွဲ၍ မောင်နှင့်နမ မရှိခဲ့ကြချေ။ နမကို မောင်ယူ၍ မောင်က အစ်မကိုလည်း အိမ်ထောင်ပြုနိုင်လေသည်။ အမည်နာမ ဟူ၍လည်း ဆန်းဆန်းပြားပြား မရှိ။ အချို့ ဆလုံအမည်များမှာ ငါးအမျိုးအမည်များ ကျွန်းအမည်၊ ပင်လယ်အမည်များ ဖြစ်လေသည်။

## ရှေးအတိတ်ရာဇဝင်

ဆလုံလူမျိုးများ၏ရှေးအတိတ်ရာဇဝင်ကိုပြန်လည်ကြည့်ရှုလျှင် ရှေးနှစ်ပေါင်း ၄၀၀ ကျော်ခန့်က ကမ္ဘာသို့ ဟိုးဟိုးကျော်ခဲ့ဖူးသော ယိုးဒယားပင်လယ်ကွေ့အတွင်း ရဲစွမ်းသတ္တိနှင့် အထူးပြည့်စုံစွာ တိုက်ခိုက်လုယက်ကြသည့် (ဆားလူး) ပင်လယ်ဓားပြကြီးများဆင်းသက်လာကြောင်းကို တွေ့ရပေလိမ့်မည်။ အင်္ဂလိပ်များ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးသည့်နောက် ခရစ်သက္ကရာဇ် ၁၈၂၅ ခုနှစ် ဩဂုတ်လမှစ၍ မစ္စတာမိန်းဂျီး (A.D. Maingy) ဆိုသူ၏ တပ်တော်သားများက အကြမ်းပတမ်း လိုက်လံ နှိမ်နင်းကြသောကြောင့် ဆားလူးပင်လယ်ဓားပြများမှာ တဖြည်းဖြည်း တစ်စစ အမျိုးပျောက်ကာ တိမ်ကောခဲ့ရပေတော့သည်။ ထို့ပြင်လည်း တရုတ်လူမျိုး၏ လူညွှန့်တုံး ဆေးစွမ်းကောင်းများကို အမြတ်တနိုး မှီဝဲသုံးဆောင်ခဲ့ရခြင်းများကြောင့် လူစဉ်မမှီ သတ္တိကြောင်သည်ဟု ထင်ရသော အောက်တန်းစား ဆလုံလူမျိုးများဘဝသို့ လွယ်လင့်တကူ ဆင်းသက်လာခဲ့ကြခြင်း ဖြစ်တော့၏။

ကွယ်လွန်သူ အမျိုးသားပညာဝန် ဦးဖိုးကျားကမူကား ဆလုံလူမျိုးများ၏ အပြောအဆို၊ လေယူလေသိမ်းကို အကဲခတ်ခြင်းအားဖြင့် ဆလုံတို့မှာ တလိုင်းလူမျိုးများမှ ဆင်းသက်သည်ဟုဆိုခဲ့ဖူးလေသည်။ မြန်မာပြည်၌ကျော်စောသော ရာဇဝင်ဆရာတစ်ယောက်ကလည်း ရှေးအတီတေကျောက်ခေတ်အခါကာလက မြန်မာပြည် တောင်ဘက်ပင်လယ်ကမ်းခြေသို့ ကွေ့ဆင်းသွားရသော နီဂရီတိုလူမျိုးကြီးများ၏ အဆက်အနွယ်ဖြစ်သည် ဟူ၍လည်း ဆိုလေသည်။ နာမည်ကျော်စာရေးဆရာမြို့တ်အရေးပိုင်ဟောင်း မောရစ်ကောလစ်ကမူကား ဆလီးတားပင်လယ်ဓားပြများ၏ အနွယ် ဖြစ်သည်ဟူ၍ ဆိုလေသည်။ ၎င်းနှင့်အလားတူ ခရစ်သက္ကရာဇ် ၁၆၇၅ ခုနှစ်အတွင်း သင်္ဘောအရာရှိများ ဖြစ်သော မစ္စတာဘိုရီနှင့် ကပ္ပတိန်ဟာမီ(လ်)တန်တို့ကလည်း ဆိုခဲ့ဖူးလေသည်။

အမှန်စင်စစ်မူကား ဆလုံလူမျိုးများမှာ ယခင်ဆိုခဲ့သည့်အတိုင်း (ဆားလူး)ခေါ် ပင်လယ်ဓားပြကြီးများမှ ဆင်းသက်လာခဲ့သော လူမျိုးသာလျှင်တည်း။ သို့သော် ရှေးနှစ်ပေါင်း၅၀၀နီးပါးခန့်က ဆားလူးများ၏သွေးတွင် ဒပ်(ချ်)လူမျိုးပိုင်၊ ဆီးလီပီးနယ် မကာဆာမြို့တော်မှ ဒပ်(ချ်)လူမျိုးများ၏ ရန်စနက်ကြောင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရရှာသော မာကားဆားလူမျိုးတို့၏ သွေးအချို့နှင့် အိန္ဒိယပြည် အာသောကမင်းတရားကြီးလက်ထက် မဒရပ်ကမ်းခြေမြောက်ပိုင်းရှိ တိလင်္ဂနအရပ်မှ ထွက်ပြေးလာခဲ့ကြသော တေလဂူ လူမျိုးများ၏ သွေးအချို့ ရောယှက်သွားခဲ့ဟန် လက္ခဏာရှိလေတော့သည်။ ထို့ကြောင့်ပင် ဆလုံလူမျိုးများ၏ အပြောအဆိုနှင့် လေ့လော်ခတ်ပုံတို့မှာ မွန်တို့နှင့်လည်း ကောင်း၊ တေလဂူများဖြင့်လည်းကောင်း၊ တူညီနေခြင်းဖြစ်ဟန် လက္ခဏာရှိသည်ဟု နီးစပ်ရာကိုသာ တွေးတောယူဆနိုင် တော့ပေသတည်း။

ရွှေမြို့တ်မောင်

၁၉၄၉ ခုနှစ်၊ အတွဲ – ၂၊ အမှတ် – ၂၄၊ ရှုမဝမဂ္ဂဇင်း။



*https://www.facebook.com/Moken-in-Myanmar*

# ဆလုံ

**မြိတ်မောင်ယဉ်ဦး**

စာရေးဆရာ ဦးသိန်းဖေမြင့် ရေးသားထားသော အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီဝတ္ထုသည် ဝိဇ္ဇာနှင့်သိပ္ပံကို တွဲဖက်ထားပြီး မြိတ်ကျွန်းစုအတွင်းရှိ ဆလုံလူမျိုး အကြောင်းကို အခြေခံထားခြင်းဖြစ်ပါသည်။ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ပထမနှစ်တွင် ပြဋ္ဌာန်းခဲ့သော ယင်းဝတ္ထုသည် ကျောင်းသားများအတွက် ဗဟုသုတပေးသော်လည်း ဆလုံလူမျိုး အကြောင်းကို ကျယ်ကျယ်ဝန်းဝန်း မသိကျွမ်းခဲ့ကြရပေ။ သူတို့၏ဘဝကို တရင်းတနှီး လေ့လာဖို့ရာ မလွယ်ကူလှသည်က တစ်ကြောင်း၊ အဏ္ဏဝါပင်လယ်ပြင်ပေါ်တွင် တစ်ကျွန်းမှတစ်ကျွန်း စခန်းချပြီး အသက်မွေးကြသဖြင့်စည်းလုံးဖို့အားအင်ရှိသင့်သလောက်မရှိသောကြောင့် တစ်ကြောင်း ဤအကြောင်းများကြောင့် သူတို့၏ဘဝအခြေအနေကို တရင်းတနှီး လေ့လာဖို့ရာ ခဲယဉ်းလှပါသည်။

ယခုမှုကား ဆလုံလူမျိုး၏ ဘဝအခြေအနေကိုလည်းကောင်း၊ ယဉ်ကျေးမှုအခြေအနေကိုလည်းကောင်း၊ အမျိုးအနွယ်ကိုလည်းကောင်း အလွယ်တကူ လေ့လာခွင့်ရပါသည်။

**အခေါ်အဝေါ်**

ဆလုံလူမျိုးကို တစ်နည်းအားဖြင့် "မော်ကင်း"

(Mawkin) ဟူ၍ ခေါ်ပါသည်။ မော်ကင်းသည် ဆလုံလူမျိုး၏ ဘာသာစကားအရ နစ်မြုပ်ခြင်းဟု အဓိပ္ပာယ်ရသော (I'maw)ဟူသောစကားနှင့်ဆားငန်ရေအနက်ရသော(O'en ken) ဟူသောစကား နှစ်လုံးပေါင်း၍ ဆားငန်ရေအတွင်း နစ်မြုပ်နေသူများဟု အဓိပ္ပာယ်ရသည့် "မော်ကင်း"ဟူသော အခေါ်အဝေါ် ဖြစ်လာပါသည်။ ယိုးဒယားဘက်တွင် နေထိုင်ကြသော ဆလုံလူမျိုးကို "ချော်နန်း" (Chaunam) ဟူ၍လည်းကောင်း၊ မလေးကျွန်းဆွယ်ဘက်ရှိ ဆလုံလူမျိုးများကို အိုရန်းဘက်စင် (Orang Bassin) ဟူ၍လည်းကောင်း ခေါ်ကြောင်း သိရပါသည်။

## အမျိုးအနွယ် ဆင်းသက်လာပုံ

ဆလုံလူမျိုးသည် မြန်မာပြည်အတွင်း မြိတ်ကျွန်းစုတစ်ဝိုက်တွင် ရေးနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြခြင်းကြောင့် မြန်မာတိုင်းရင်းသား လူမျိုးစုဟုဆိုရပေမည်။ နောက်ကြောင်း ရာဇဝင်မှာ မသိမသာ ကွဲပြားနေကြပါသေးသည်။ ဆလုံလူမျိုးများ၏ကိုယ်ပိုင် ယူဆချက်အရဆိုသော် ကုန်းဘောင်မင်းဆက်၊ အလောင်းဘုရားမင်းလက်ထက်က စစ်ရေးစစ်ရာ ကြောက်ရွံ့သဖြင့် မြန်မာပြည်တောင်ပိုင်း မြိတ်ကျွန်းစုများ၌ဝင်ရောက်အောင်းခိုနေကြောင်းသိရပါသည်။ တချို့လည်း ယိုးဒယားဘက်သို့ လွန်ထွက်သွားကြပါသည်။ တချို့ ဆလုံလူမျိုးတို့သည် အာရှအရှေ့တောင်ပိုင်းတွင် ရေးအကျဆုံးသော "ဩစတြစ်"အမျိုးအနွယ်ဝင်များ ဖြစ်သည်။ယင်း"ဩစတြိုနီးရှင်း"အနွယ်နှင့်"ဩစတြိုအေရှားတစ်" ဟူ၍ အနွယ်နှစ်မျိုး ထပ်ကွဲနေပြန်ပါသည်။ ဩစတြိုနီရှင်း အုပ်စုကြီး အနွယ်ဝင်များဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေး လူမျိုးကြီးများမှ အုပ်စုတစ်စုသည် အခြားသော လူမျိုးစု၏ ဖိနှိပ်ချုပ်ချယ်မှုကြောင့် တိမ်းရှောင်လာသဖြင့် မြိတ်ကျွန်းစုသို့ ရောက်လာကြောင်း သိရပါသည်။


https://www.facebook.com/Moken-in-Myanmar

သားသမီးများအပေါ် ချစ်ခင်ယုယလိုသော ဆန္ဒရှိသော်လည်း နုံချာလှသော ဘဝအခြေအနေကြောင့် ကောင်းစွာ မယုယနိုင်ကြသဖြင့် အသက်ရှင်သော ကလေးတစ်ယောက် ဖြစ်လာဖို့ရန် မလွယ်ကူလှပေ။ အလုပ်မလုပ်လျှင် ငတ်သည်၊ ပြတ်သည်။ အလုပ်ခွင်တွင် တစ်ဖက်သတ် စိတ်ဝင်စားသဖြင့် ကလေးများကို လှိုင်းကြားလေကြားထဲတွင် သက်သောင့် သက်သာထားဖို့ရာ မလွယ်ကူလှပေ။



## အလုပ်အကိုင်

မြိတ်ကျွန်းစုတွင် တံငါလုပ်ခြင်း (မြိတ်အခေါ် ကျားပါးစပ်)၊ ကနကမာကောင်များကို ငုပ်ပြီး ၎င်းသတ္တဝါထဲမှ ပုလဲလုံးများကို ရှာဖွေခြင်း၊ ကျောက်ခက်၊ ကျောက်ပန်းများ ရှာဖွေခြင်း၊ ငှက်သိုက်ရှာဖွေခြင်း၊ (ဘယဆေးဖော်ရန် အသုံးချသည်) ကျွန်းများပေါ်ရှိ သောင်များမှ ငှက်ချေး (ယမ်းစိမ်းဓာတ်ပါသော မြေသြဇာတစ်မျိုး)ကို ရှာဖွေခြင်း စသည့် လုပ်ငန်းများဖြင့် အသက်မွေးမြူကြပါသည်။

## နေထိုင်ပုံ

ရေးနှစ်ပေါင်းများစွာကပင်လှေကိုအိမ်ကလေးသဖွယ် ပြုလုပ်ပြီး ပင်လယ်ပြင်ပေါ်တွင် နေထိုင်ကြပါသည်။ လှေ၏ အလျားမှာ ၂၅ ပေခန့် ရှိသည်။ ရင်ကန်းခေါ် အပင်တစ်မျိုးကို အသုံးပြုသည်။ သံတစ်ချောင်း၊ သွပ်တစ်စမျှ မပါချေ။ လောင်းထည်ကို သစ်ကိုယ်ထည်အဖြစ် အသုံးပြုပါသည်။ ရေမဝင်စေရန် ပွဲညက်၊ အင်တွဲဖြင့် အသုံးပြုပါသည်။ ရင်ကန်းဖြင့် ပြုလုပ်သောကြောင့် လှိုင်းဒဏ်ကို ကောင်းစွာ ကာကွယ်နိုင်သည်။ သူတို့၏ သဘာဝအတိုင်း လှေပေါ်တွင် ကလေးမွေးခြင်း ပြုလုပ်ကြပါသည်။ ဆလုံလူမျိုးသည် သားသမီးများအပေါ် ချစ်ခင်ယုယလိုသော ဆန္ဒရှိသော်လည်း နုံချာလှသော ဘဝအခြေအနေကြောင့် ကောင်းစွာ မယုယနိုင်ကြသဖြင့် အသက်ရှင်သော ကလေးတစ်ယောက် ဖြစ်လာဖို့ရန် မလွယ်ကူလှပေ။ အလုပ်မလုပ်လျှင် ငတ်သည်၊ ပြတ်သည်။ အလုပ်ခွင်တွင် တစ်ဖက်သတ် စိတ်ဝင်စားသဖြင့် ကလေးများကို လှိုင်းကြားလေကြားထဲတွင် သက်သောင့် သက်သာထားဖို့ရာ မလွယ်ကူလှပေ။ အရွယ်ရောက်လာပြန်သော်လည်း ကျောင်းနေဖို့ကား ဝေးစွ၊ အလုပ်ခွင်ထဲသို့သာ လိုက်ရပါသည်။

## ဘာသာတရား

ဘာသာတရားသည် ရှေးကျသော ယူဆချက်တစ်ရပ် ဖြစ်သည်။ မြေကြီးနှင့်တကွ လူသားအားလုံးသည် သီဒါ (Thida) ခေါ် ဝိညာဏ်မှ အစပြုလာသည်ဟု ယူဆကြပါသည်။ ဝိညာဏ်သည် ပုံသဏ္ဍာန်အားဖြင့် အတိအကျ မရှိ၊ ကျား,မလည်း မကွဲပြားပေ၊ သီဒါဝိညာဏ်ကို ယုံကြည်ထားကြသော်လည်း ပူဇော်သက္ကာယပြုလေ့မရှိကြ။ မိမိ တို့အပေါ် ဘေးအန္တရာယ်များ ကျရောက်စေနိုင်သော

နတ်ဆိုး၊ ဝိဉာဏ်ဆိုး၊ တစ္ဆေသူရဲတို့ကိုသာ သား၊ ငါးဖြင့် ကိုးကွယ်သင့်သည်ဟု ယူဆထားကြပါသည်။ သူတို့သည် အတွိုင်းခေါ် (Katoi) နတ်နှင့်တကွ၊ သူရဲ၊ တစ္ဆေတို့ကိုသာ ကိုးကွယ်ကြပါသည်။

ဒေါက်တာ စတီဗင်ဆိုသူ၏ တင်ပြချက်မှာ အထက်ပါသီဒါဝိညာဏ်ရှင်နှင့်အနည်းငယ်ကွဲပြားနေပါသည်။ ဆလုံလူမျိုးတို့သည် "တူးဒါး" (Tu Da) ခေါ် သက်ရှိသတ္တဝါတို့ထဲတွင် အထွတ်မြတ်ဆုံးသော ဘုရားသခင်ကို ယုံကြည် ကိုးကွယ်ကြပါသည်။ တူးဒါးခေါ် ဘုရားသခင်သည် နိဗ္ဗာန်နှင့်တကွ ကမ္ဘာမြေပေါ်ရှိ အရာအလုံးစုံကို ဖန်ဆင်းတော်မူခဲ့သည်။ ကမ္ဘာပေါ်ရှိ လူမျိုးစုအသီးသီးကိုလည်းကောင်း၊ ယင်းလူမျိုးအသီးသီး လိုက်နာကြသော ဓလေ့ထုံးစံများနှင့် အလေ့အထများကိုလည်းကောင်း၊ တူးဒါးဘုရားသခင်က ဖန်တီးပေးခဲ့သည်။ လူ၏ မူလအစသည် တူးဒါးဘုရားသခင်မှ စသည်ဟု ဖော်ပြထားပါသည်။

## စာပေ

ဆလုံစာပေ အရေးအသားနှင့်ပတ်သက်၍ ဂျေ၊ ပီ၊ အင်ဒရူးနှင့် ဝေါ်တာ၊ ဂရိန်းဝိုက် စသော ပုဂ္ဂိုလ်တို့တင်ပြချက်အရ ဆလုံစာပေသည် ၁၉ ရာစုနှစ် ရှေးဦးပိုင်းအချိန်လောက်ကပင် ပေါ်ပေါက်လာကြောင်း သိရသည်။ ယင်းစာပေသည် အမေရိကန် နှစ်ခြင်း ခရစ်ယာန်သာသနာပြုမစ္စတာ စတီဗင် (Mr. Steven) ဆိုသူက ရောမအက္ခရာများကိုအသုံးပြု၍တီထွင်ပြုစုပေးခဲ့သည်ဟုအဆိုရှိပါသည်။ယင်း၏နောက်ပိုင်းတွင် ဒေါက်တာ ဒီ၊ အယ်၊ ဘရေတွန် (Dr. D.L. Brayton)ဆိုသူကယခင်ပစ္စတာစတီဗင်ပြုခဲ့သောမူကြမ်းကို ၁၈၄၄ ခုနှစ်တွင် ကူးယူခဲ့၏။ ထို့နောက် ၁၈၄၆ ခုနှစ်အတွင်း၌ (A Primer of the Selong Language) အမည်ဖြင့် အမေရိကန်နှစ်ခြင်း ခရစ်ယာန် သာသနာပြု ပုံနှိပ်တိုက်မှတစ်ဆင့် မော်လမြိုင်မြို့တွင် ပုံနှိပ်ထုတ်ဝေသွားကြောင်း သိရပါသည်။ ဆလုံလူမျိုး၏ ဘာသာစကားမှ အသံထွက်ကို ရောမအက္ခရာဖြင့် ဖလှယ်၍ ဆလုံအက္ခရာအဖြစ် ဖန်တီးယူထား၏။ အက္ခရာမှာ (၂၂) လုံးပါဝင်ကြောင်း သိရပါသည်။ ပင်လယ်ပြင်တွင် တကွဲတပြား နေထိုင်ကြသဖြင့် နောက်ပိုင်းကာလတွင် ထိန်းသိမ်းမည့်လူ မရှိသောကြောင့် တိမ်မြုပ်သွားခဲ့ရပါသည်။

## ယဉ်ကျေးမှုဘာသာစကား

ဆလုံလူမျိုးစကားသည် နေရာ ဒေသအလိုက် ကွဲပြား ခြားနားကြပါသည်။ မြိတ်ကျွန်းစုရှိ ဆလုံလူမျိုး၏ အသုံးအနှုန်းများမှာ အမေရိကန်ကို အီနွန်း (Enong) ဟူ၍လည်းကောင်း၊အဖေကိုအပုန်း(Apong)ဟူ၍လည်းကောင်း၊ အဘိုးကို အဗက် (Ibup) ဟူ၍လည်းကောင်း ခေါ်ကြောင်း သိရပါသည်။ သူတို့၏ဘာသာစကားကို သာမန်အားဖြင့် ကြည့်လျှင် မလေးဘာသာစကားနှင့် ဆက်သွယ်မှုရှိသည်ဟု ယူဆပါသည်။ နောက်ပိုင်းခေတ်ကျမှ ဆလုံတို့၏ဘာသာစကားသည် ကမ္ဘောဒီးယားမှ "ခမ်" (Chan) ဟု ခေါ်သော ဘာသာစကားနှင့် နီးစပ်မှု ရှိပါသည်။ ယနေ့ မြိတ်ပတ်ဝန်းကျင် ပင်လယ်ပြင်မှ လှေလှော်ပြီး သီချင်းဆိုနေသော ဆလုံလူမျိုး၏ သီချင်းသံသည် မွန်သံ ဝဲနေကြောင်း သတိပြုမိပါသည်။

## ဘဝအကျိုးပေးမကောင်းပုံ

မြိတ်ပင်လယ်ပြင်တွင် နေထိုင်ကြသော ဆလုံလူမျိုးများသည် တရားသောနည်းဖြင့် အသက်မွေးဝမ်းကျောင်း နေကြရသော်လည်း စီးပွားရေးအကွက်ကို မြင်ကြသော အရင်းရှင်အချို့သည် သူတို့အား ငွေပေးမည့်အစား "ဘိန်း"ကို ပေး၍ ခိုင်းကြပါသည်။ တဖြည်းဖြည်း ဘိန်းစွဲလာသောအခါ ငွေကို တန်ဖိုးမထားဘဲ ဘိန်းကို တန်ဖိုးထားလာသဖြင့် လူညွန့်တုံးသည်ထက် တုံးခဲ့ရပါသည်။ ရွံ့နွံထဲတွင် နေ့စဉ် နစ်မြုပ်နေရသဖြင့် ဝမ်းမဝသည့်အထဲ လူလုံးမလှ ဖြစ်ခဲ့ကြရသည်။ သို့သော် တော်လှန်ရေးအစိုးရသည် ဘိန်းပေးခြင်းကို ပြင်းထန်စွာ ကွပ်ကဲအရေးယူသဖြင့် ညှိုးငယ်နေသော ပင်စည်ကို ရေလောင်းပေးလိုက်သကဲ့သို့ လန်းဆန်းစိုပြေသော မြန်မာတိုင်းရင်းသားလူမျိုးတစ်မျိုး ဖြစ်လာနိုင်ခဲ့ပါပြီ။

မြိတ်မောင်ယဉ်ဦး

၁၉၇၂-၇၃ ခုနှစ်၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း။

# မြိတ်ရွှေပုလဲ

ဒေါ်ခင်ဝင်း
(ဘာသာပြန်ဆိုသည်)



*https://www.facebook.com/Moken-in-Myanmar*

မြိတ်ကို လာလည်ခွင့်ပြုတဲ့အထဲမှာ ပထမဆုံး နိုင်ငံခြားသားအနေနှင့် လည်ခွင့်ရတဲ့အတွက် ကျွန်တော် အလွန် ကံကောင်းပါသည်။ ကျွန်တော့်ရဲ့ အဖေဖြစ်သူ ၁၉၇၆ ခုနှစ်က ရနောင်းမှာ သေဆုံးခဲ့သူ၏ အိပ်မက်ကို ပြည့်ဝအောင် ဆောင်ရွက်ပေးရသလို ရှိပါသည်။ ကျွန်တော့်ရဲ့အဖေဟာ ယခု မြန်မာလို ဆလုံဟုခေါ်သော "မော်ကင်း" လူမျိုးများကို လေ့လာနေစဉ်တွင် သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်တော်ဟာ မြိတ်နှင့် ကျွန်းစုများကို လာရောက်လည်ပတ်လိုသောကြောင့် အိပ်မက်များပင် မက်နေမိပါသည်။ မြိတ်ကျွန်းစုများအကြောင်း စာအုပ်များကိုလည်း ဖတ်ရှုလေ့လာခဲ့ပါသည်။

ပထမဆုံးအနေဖြင့် မြိတ်မြို့တွင် ရပ်နားသောအခါ အလွန်ပင်အံ့အားသင့်စရာကောင်း၍ ၁၇ ရာစုနှစ်သို့ပြန်လည်ရောက်ရှိသွားသလို ခံစားရပါသည်။ ကြီးမားကျယ်ပြန့်၍

အနီရောင်မည်းမှောင်နေသောအိမ်ကြီးများသည်အဝါရောင်၊ အပြာရောင် (သို့မဟုတ်) အစိမ်းနုရောင်များ ခြယ်ထားသော ရှေးဦး ပေါ်တူဂီလူမျိုးများ၏ အိမ်များနှင့် တူယှဉ်ကာ အချို့မှာ ယခုတိုင် တည်လျက်ရှိပါသည်။ ဆိပ်ကမ်းတစ်လျှောက်တွင်လည်း လူများ စည်ကားတက်ကြွစွာ ရှိနေပါသည်။ အဲဒီမြို့ရဲ့ ဆွဲဆောင်မှုတွေဟာ ရေတွက်လို့ မရအောင် ရှိပါသည်။ သစ်သားလှေ၊ ရွက်လှေ၊ ငှက်လှေ၊ ရွှေရောင်တောက်ပနေတဲ့ ဘုရားတွေဟာ ခရီးသည်တစ်ဦး မျှော်လင့်ထားသမျှ မြိတ်မြို့မှာ အစုံရှိနေပါသည်။ ကျွန်တော်တို့ဟာ ဂုဏ်ယူဝင့်ကြွားသော ရှေ့ဆောင်လမ်းပြအနေဖြင့် ရွက်လွှင့်သွားရောက်ခဲ့ပြီး ပထမဆုံးက တန်ကျွန်းရဲ့ပြင်သစ်အော်မှာ ပထမဆုံး ရပ်နားခဲ့ပါသည်။

အဲဒီဒေသမှာဆိုရင် ရောင်စုံ ခြယ်ထားသကဲ့သို့ လှပသော သမိုင်းမော်ကွန်းတင်ဒေသအဖြစ် တစ်ဦးကိုတစ်ဦး သတိပေး ပြောကြားမိပါသည်။ ပင်လယ်ပြင်ကြီးပေါ်တွင်လည်း ထူးခြားကောက်ကွေးစွာ ပုံသဏ္ဍာန်ဖော်ထားသော မြန်မာ့လှေများသည် စီးမျောလွင့်လျက် ကျွန်ုပ်တို့အား ကြိုဆိုနေပါသည်။ ကျွန်ုပ်တို့ တွေ့ဆုံခဲ့သမျှသော ကြင်နာဖော်ရွေလှသည့် တံငါသည်ကြီးများထံမှ ကျွန်ုပ်တို့သည် ငါးများကို စီးကရက်များ၊ အစားအသောက်များဖြင့် လဲလှယ်ခဲ့ပါသည်။ အံ့ဩစရာကောင်းတဲ့ ကျောက်တုံးကြီးရယ်၊ လှည့်လည်သွားလာနေတဲ့ လူမျိုးစုရဲ့အခြေအနေဟာ အခြားလူမျိုးစုထက် ကောင်းနေပါသည်။ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတွေလည်း ကောင်းမွန်ပြီး တစ်ဦးနှင့်တစ်ဦး မျှဝေ စားသောက်နေတာကို တွေ့ရပါတယ်။ ကရင်တွေဟာ ဆလုံလူမျိုးတွေကို ပညာရေး ကူညီပေးတဲ့အတွက် ဆလုံလူမျိုးတွေဟာ အသိပညာ တိုးပွားပြီး နေကြပါသည်။

ယခုအချိန်မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြ၍ ရန်ကုန်မြို့ရှိ သမ္မာကျမ်းစာအဖွဲ့များထံ ဆလုံဆရာများကို လေ့ကျင့်သင်ကြားပေးလျက် ရှိကြသည်။ ဒုန်းကျွန်းရှိ ဆလုံများသည် မြန်မာရွာအနီးတွင်နေကြ၍ နတ်များကို ကိုးကွယ်ကြသည်။အဲဒီမှာရှိတဲ့လူများဟာချစ်ခင်ရင်းနှီးစွာဖြင့် ကာကွယ်ပေး၍ စောင့်ရှောက်ကြပါသည်။ တောင်ဘက်ရှိ လန်းဝီကျွန်း၊ စိန်လူးကာကျွန်းများသို့သွားသည်နှင့်အမျှ ဆလုံများရဲ့ ရိုးရာဓလေ့အလိုက် နေထိုင်သည်ကို တွေ့ရပါသည်။ မြိတ်ကျွန်းစု အပေါ်ပိုင်းမှာရှိတဲ့ ဆလုံများဟာ

အပြင်ပန်းယဉ်ကျေးမှု၊
လူမှုရေး အချက်အလက်များ၏
ပြောင်းလဲမှု အတတ်ပညာသည်
လူတစ်ဦး၏ စိတ်ထဲ၌
စွဲထင်ကျန်ရစ်ခဲ့သည်။ ၎င်းတို့သည်
ပတ်ဝန်းကျင်နှင့်
ဆီလျော်စွာနေထိုင်နိုင်သော
လူမျိုးစုများ ဖြစ်ကြပါသည်။
ထို့ကြောင့် ၎င်းတို့၏
သီးသန့်နေထိုင်မှုသည်
တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့သည်။


https://www.facebook.com/Moken in Myanmar

နတ်ကိုးကွယ်မှုနှင့် ရှေးယုံကြည်မှုများ လျော့ပါးလာတာ တွေ့ရပါသည်။ ၎င်းတို့သည် ကိုးကွယ်မှုပွဲတော်များကို ဧပြီလောက်တွင် ကျင်းပလေ့ရှိသည်။ ၎င်းတို့၏ လှေဆောက်လုပ်မှုဆိုင်ရာ နည်းပညာများလည်း ပြောင်းလဲလာပြီး ကရင်များ၊ ဗမာများကဲ့သို့ အသေးစား ငါးဖမ်းသမားများဖြစ်လာခဲ့ပါသည်။

အပြင်ပန်း ယဉ်ကျေးမှု၊ လူမှုရေး အချက်အလက်များ၏ ပြောင်းလဲမှုအတတ်ပညာသည် လူတစ်ဦး၏စိတ်ထဲ၌ စွဲထင်ကျန်ရစ်ခဲ့သည်။ ၎င်းတို့သည် ပတ်ဝန်းကျင်နှင့် ဆီလျော်စွာနေထိုင်နိုင်သော လူမျိုးစုများဖြစ်ကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ သီးသန့်နေထိုင်မှုသည် တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့သည်။ ၎င်းအချင်းအရာသည် တန်ဖိုးတစ်ခုအနေဖြင့် ပေးဆပ်ရခြင်းဖြစ်ပါသည်။ ၎င်းတို့ကို သီးသန့်လူမျိုးစုအနေဖြင့် လက်ခံပြီး ၎င်းတို့၏ခေါင်းဆောင်အဖြစ် ပသျှူးကျွန်းရှိ ရှာမင်မဒါကို လက်ခံခဲ့ပါသည်။ ၎င်းတို့ရဲ့ ယဉ်ကျေးမှုဆိုင်ရာ သီးခြားအရည်အသွေးများကို အမျိုးသားမှတ်ပုံတင်၌ ဖော်ပြထားပြီး ၎င်းတို့အား ဆလုံဟုခေါ်၍ ၎င်းတို့၏အသက်မွေးမှုမှာလည်း ရေငုပ်ခြင်းဖြစ်ပါသည်။

သူတို့ဟာ တံငါသည်အစစ်များ မဟုတ်ကြဘဲ ၎င်းတို့၏ လူနေမှုပုံစနစ်နှင့် လှေများကို တည်ဆောက်မှုနည်းပညာများသည်ပင် သီးခြားကမ္ဘာလေး၏ ဒဏ္ဍာရီသဖွယ် ဖြစ်ပါသည်။ တစ်ခါတုန်းက ၎င်းတို့ဟာ ဘုရင်မ "စီဘီယမ်" လက်အောက်တွင် နေထိုင်ကြောင်းကို ဂါမင်၏ ကဗျာတွင် ဖော်ပြထားပါသည်။ ၎င်းတို့သည် လှေများကို စုဆောင်း ပိုင်ဆိုင်သည့် တစ်နှစ်တွင် ဂါမင်ဟုခေါ်သော မလေးလူမျိုး ရောက်ရှိလာပြီး မကြာမီအတွင်းမှာ မော်ကင်းလူမျိုးရဲ့ယဉ်ကျေးမှုကို စွမ်းဆောင်ပေးနိုင်သည့် လူစွမ်းကောင်းတစ်ယောက် ဖြစ်ခဲ့ပါသည်။ ထမင်းချက်နည်း၊ မီးအသုံးပြုပုံကို ပြသ သင်ကြားပေးသူလည်း ဖြစ်ပါသည်။ စီဘီယမ်ဘုရင်မနှင့်လက်ထပ်ခဲ့ပြီးညီမတော်နှင့်ဖောက်ပြားခဲ့သည့်အတွက် ညီမတော်အား ဒေါသအလွန်ဖြစ်၍ ရင်နင့်စွာ ခံစားနေရသော မိဖုရားကြီးက ရေတွင်နစ်သတ်ပြီး ပီမိုဂမ်ဟု အမည်ပေးခဲ့သည်။ ထိုမှ မော်ကင်းဟုခေါ်သော ဆလုံနာမည် ဖြစ်ပေါ်လာခဲ့ပါသည်။ ၎င်း၏လူမျိုးများကို



လည်း ခြေသလုံးအိမ်တိုင် လှည့်လည် သွားလာနေရမည်ဟု စီရင်ချက် ချပါသည်။ အမှားကျူးလွန်သူများအဖြစ် ၎င်းတို့၏ လေ့ပေါ်တွင် လူသား၏ခန္ဓာကိုယ်၌ မျိုးပွားမှုမပြုနိုင်သော လူ၏ပုံသဏ္ဌာန်ကို ခုတ်ထစ်၍ အမှတ်အသားပြုထား ရသည်။ ထို့ကြောင့် ဘုရင်မ၏ ကျိန်စာအရ ဆလုံလူမျိုးများ ဆင်းရဲရပါသည်။

ယခု မျက်မှောက်ခေတ်၌ ဆလုံ လူမျိုးများမှာ ကရင်၊ မြန်မာ လူမျိုးများနှင့် မထူးခြားလှတော့ဘဲ ကုန်ထုတ်မှုများ၌ ကွာဟမှု မရှိလှပါ။ ၎င်းတို့သည် စီးပွားရေးဥပဒေများ ကိုလည်း အများနည်းတူ လိုက်နာပါသည်။ ယခုအခါ မြန်မာ တို့ရဲ့ လှေတည်ဆောက်ပုံမျိုး တည်ဆောက်လာခဲ့သည်။ ယခင်ကကဲ့သို့သော အမှတ်အသားမျိုး မရှိတော့ပါ။ ဗဟို တက်မကိုလည်း အသုံးပြုလာကြပါသည်။ ပင်လယ်ပျော် ဆလုံလူမျိုးအသွင် ပျောက်ကွယ်လာပြီး ကုန်းတွင်းပိုင်း တံငါသည်များအဖြစ် ပြောင်းလဲလာပါသည်။ မြိတ်ကျွန်းစု တွင်နေသော လူမျိုးစုများဖြစ်သော ကရင်၊ မြန်မာ၊ မွန်၊ ဆလုံလူမျိုးတို့သည် ပင်လယ်ပြင်တွင် အတူတကွ နေထိုင်၍ ကုန်ထုတ်မှုလည်း တူညီပါသည်။ ယခင်ကကဲ့သို့ သီးသန့် ကွဲပြားခြားနားမှုလည်း ထင်ရှားစွာ ရှိမနေတော့ပါ။

၁၉၉၈ ခုနှစ်တွင် ကရင်၊ မြန်မာ၊ ဆလုံများသည် ပင်လယ်ထုတ်ကုန်များကို ပြည်တွင်း ပြည်ပ ကုန်ကူးမှု ပြုလုပ်ကြပါသည်။ သက်သေအနေဖြင့် ဈေးကွက်စီးပွားရေး တွင် စုပေါင်းကုန်ထုတ်မှု ဖြစ်ပေါ်စေ၍ ကျွန်းစုများအတွင်း ရေကြောင်းသွားလာမှု လွယ်ကူစေ၍ ဆလုံတို့၏ဘဝကို အဆင်ပြေစေပါသည်။

နိဂုံးချုပ်ရသော ယခင်က လုံခြုံမှုမရှိခဲ့သော မြိတ်ကျွန်းစုများ၌ ယခုအခါမှာ ရိုင်းပင်းကူညီတတ်သော တံငါသည်များအဖြစ် အေးချမ်းစွာ ပင်လယ်အစားအစာ များကို ကုန်ခြောက်များဖြင့် ဖလှယ်ကြပါသည်။ ကျွန်တော် ကဲ့သို့ သင်လည်း ကံကောင်းမည်ဆိုလျှင် မော်ကင်း (ဆလုံ) တို့၏ဘဝကို မျှဝေခံစားနိုင်မည်၊ သူတို့၏ဘဝတွင် ပျော်ရွှင်မှု များ၊ ဝမ်းနည်းမှုများ၊ အဆို၊ အကများဖြင့် ရာပေါင်းများစွာ သော မြိတ်ကျွန်းစု၌ ရှာဖွေဖော်ထုတ်ရန် စောင့်မျှော်လျက် ရှိပါသည်။

မြိတ်ရွှေပုလဲ တည်းခိုရိပ်မွန်သို့ ရောက်ရှိလာသည့် ပြင်သစ်နိုင်ငံမှ စာရေးဆရာ Dr. Jacquies Ivanoff, French National Scientific Council အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည့် ခရီးသွားဆောင်းပါးကို ဆရာမဒေါ်ခင်ဝင်းက မြန်မာဘာသာဖြင့် ပြန်လည် ရေးသားထားပါသည်။

ဒေါ်ခင်ဝင်း
၁၉၉၉ ခုနှစ်၊ မြိတ်မဂ္ဂဇင်း။

# First Visit To Myeik
## and
# the surrounding islands

This year we were lucky to be one of the first foreigner visitors allowed to travel among the enchanting few hundred islands of the Myeik Archipelago. At least I have fulfilled the dream of my father who died in Ranong in 1974 while studying the Moken, Known in Myanmar as Selong. I also dream of the town of Myeik and its islands, reading every book I found. We first made a stop in Myeik town, a fascinating Place. One emerged in this melting pot as he was back in the 17 th century. The wide red dark wooden houses rotten in their brilliant past still stand there beside the yellow, blue or pale green sino-portugese construction of the old town. The busy port area with all its all made vegetal house is full of live. The charms of this town is countless: wooden boat, sailing boat, 'bird' boat, shining pagoda. Myeik has every thing a traveller expected. Then we sail, proud pioneers, to the islands. Our first stop was in the french bay of King islands where we could remind each other the epic history of the colourful region. The sea was good, clement, welcoming us, as were the sailing Myanmar boat with their strange curved price and back. Exchange of fishes, cigarettes and food were friendly done with all the king fishermen us met. Arriving at Elphingstone was a great experience. At least we will see by ourselves what is the situation of the elusive sea-gypsies population. We find their situation better that every where else nationality, education, health care and food distribution are offered to them. Moken leave in good intelligence with the Karen who provided them education. By the mean time some of them are christianized and even Moken teacher were trained in Yangon at the bible society. In Dong island the Moken leave near a Myanmar village and they worship the nats. In lord loghorough and Suitor island Moken leave in a friendly relationship with the racy which protect and sometimes feed them. The more we go to the south (lumpi, St. Luck) the more the Moken leave a traditional way of life. In the upperpart of the Archi-pleago Moken loose their belief in their ancestors and dilinity they used to worship on the fifth month (April in the old calender). their boat building technology also changed because they more and more become small fishermen like the Karen and the Myanmar. But one must be impremed by their capacity of change according to external cultural and social factors. They are a very well adapted population. But by doing that they are loosing part of their idendity. This is the price to be paid for integration. We must point out that the Moken in Myanmar are accepted as a specific population and some of

their teacher leader were choosen to represent their people in Yangon, like the shaman Madah of Matthew island in the famous Moketa of Myeik town. Their cultural specialities are mentioned in their identity card: they are called Selong and the profession is divers. True indeed, because they are not real fishermen and their way of life, as well as their boat building techology in the consequence of their mythical world. Once long say the most important epic poem of Gaman, the Moken lived together under the rule of their queen Sibian. They collected and owned boats. One day, Gaman the Malay appeared, he soon became the hero who caused the Moken to become civilized. He brought them fire and rice. Gaman married Sibian but commited adultery with Ken the queen's young sister. Furious and deeply hurt, the queen condemned her sister to be immersed Lemo Ken which give the name Moken. She also condemned her people to become wanderers by obliging them to perpetuate the marks of her judgement on their boats, the notches symbolising a human body which cannot accumulate. This is why the Moken are poor. Coming back to the actual situation we must say that the moken, in some parts, are no different form their Karen or Myanmar fishermen neighbour, at least in their mode of production. All of them conform to the same economic rules. Thus the boat changed and one now finds boats using Myanmar technology, with a central rudder and no notches which formerly was use as a footboard to the divers. Seagypsies disappear become small inshore fishermen. All the different groups living in the Myeik Archipelago (Karen, Mons, Myanmar, Moken) whose livehood has always come from the sea now produce the same thing and dentity difference based on production methods is no longer no sharoly defined.

In 1998 the Keren, the Myanmar and the Moken were involved in the production of seaslugs (sold to local and foreigb traders.) This prove the vivacity of the market economy which, in the end, permits the survival of nomadism since the demand for collected products mutable navigation among the island a necessity and live the continuation of the Moken way of life. To conclude we must say that the once well known for its insecurity, the Myeik archiplego is an enchanting peaceful place where helpful fishermen, smoothly sailing exchange their fresh seafood and share their meal. And if you are lucky, as we wear, you can share the Moken life, full of joy, sadness, song, dance, seating in the unspoiled sand of one of the hundred marvellous islands waiting to be discovered.

JACQUES IVANOFF
14 RUE DU CLOS BERGER
78830 BONNELLES
FRANCE

*(စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။)*

# ဆလုံ–ဗမာ ဓမူဆာ ဂျူကာ

သိပ္ပံမြင့်ဦး



*https://www.facebook.com/Moken-in-Myanmar*

"ဟောဟိုကြွေ့ထဲက လေ့စုဟာ ဆလုံလေ့တွေပဲဗျို့ စာရင်းကောက်ရအောင် မော်တော်နဲ့ကပ်လိုက်ကြစို့"

မြိတ်ခရိုင် ဘုတ်ပြင်းမြို့နယ်ဆိုင်ရာ စာရင်းအင်း ဝန်ထမ်းမှူး ဦးလှမြင့်က မြိတ်ပင်လယ်ပြင်ရှိ အခြေစိုက်ပုလဲ မွေးမြူရေးစခန်း တည်ရှိရာ ပုလဲကျွန်း၏အနီးရှိ ကျွန်းတစ်ကျွန်း၏ကွေ့တွင် ခပ်လှမ်းလှမ်း မြင်နေရသော လေ့စုကို လက်ညှိုးညွှန်ရင်း ပဲ့နင်းကြီးထံ လှမ်းအော်လိုက်သည်။

ဆိုရှယ်လစ် စီးပွားရေးစစ်တမ်းကို အမြို့မြို့ အနယ်နယ်၌ ကောက်ယူရာတွင် အိမ်ခြေ ယာခြေ အတည် တကျ မနေဘဲ အရပ်ရပ်သို့ ရွှေ့ပြောင်း လှည့်လည်နေထိုင် သောမိသားစုကိုလည်း "ရွှေ့ပြောင်းနေသောလူဦးရေ" အဖြစ် ခေါင်းစဉ်တပ်၍ စာရင်းကောက်ရသေးသဖြင့် ဦးလှမြင့် သည် မြိတ်ခရိုင်ထဲတွင် ဆလုံလူမျိုး စုစုမြင်တိုင်း စာရင်း ကောက်ရန် ချဉ်းကပ်လေ့ရှိသည်။ ယခုလည်း ဆလုံများ

မကြာခဏ ဝင်ရောက်နားနေ၊ စတည်းချလေ့ရှိသဖြင့် "ဆလုံအော်"ဟုခေါ်သော ပင်လယ်ကွေ့တွင် ဆလုံလှေများ မြင်ရ၍ စာရင်းကောက်ရန် ချဉ်းကပ်ရပြန်သည်။ ဆလုံ အမျိုးသားများကို တွေ့ချင်၊ မြင်ချင်၊ လေ့လာချင်ခဲ့သည်မှာ ကြာပေပြီ။ ယခု ဆလုံလှေများကို ကြုံကြိုက်ရသည်မှာ အခန့်သင့်လှသည်ဟု အောက်မေ့လိုက်ရသည်။

ဆလုံလှေ ငါးစီးသည် ဆလုံအော်၏ကမ်းစပ် ရေတိမ်ပိုင်းတွင် ဆိုက်ကပ်ထားကာ လှေပေါင်းမိုးများ မီးခိုးတလူလူ ထွက်လျက်ရှိသည်။ နံနက်စာအတွက် ချက်ပြုတ်နေကြဟန်တူပေသည်။

ကမ်းနား ရေတိမ်ပိုင်းဖြစ်၍ ပုလဲမော်တော်ငယ်သည် စက်ရှိန်ကိုလျှော့ကာ တဒုန်းဒုန်းမြည်ရင်း လှိုင်းနှင့် မျှော၍ ကမ်းစပ်ဆီသို့ ရွေ့ရှားသွားနေလေသည်။ "ဆလုံတွေ ပြေးကုန်ကြပြီဟေ့၊ ပြေးကုန်ပြီ"

ဦးပိုင်းမှ ပုလဲလုပ်သားတစ်ဦးက အော်လိုက်၏။ ဆလုံလှေစုရှိရာသို့ လှမ်းမျှော်ကြည့်လိုက်လျှင် ဆလုံအမျိုးသမီးများ ကလေးကိုယ်စီချီ၍ လှေပေါ်မှ ခုန်ချ ရေကူးကာ ကမ်းပေါ်ရောက်လျှင် ချုံကြိုချုံကြားဆီသို့ အပြေးအလွှား ဝင်သွားကြသည်။ သစ်ပင်အုပ်ထူထပ်လှသော ကျွန်းကြီးဖြစ်သဖြင့် ဆလုံများအား စက္ကန့်ပိုင်းအတွင်းမှာပင် အစအန မမြင်ရတော့ပေ။

"ကဲကဲ... မော်တော်ကို နောက်သာ ပြန်ကွေ့ဗျာ၊ သူတို့လှေနား သွားစောင့်နေလို့လည်း သူတို့ တစ်နေ့လုံးပြန်လာတော့မှာ မဟုတ်ဘူး"

ဦးလှမြင့်က ရေးဟန်မှတ်ဟန် တကဲကဲ ပြင်ထားသော ဖိုင်တွဲကြီးကို ကြမ်းပြင်ပေါ်ပစ်ချလိုက်ရင်း စိတ်ပျက်လက်ပျက် ညည်းလိုက်လေသည်။

မော်တော်ကို စက်ရပ်ကာ အတန်ကြာ စောင့်နေသော်လည်း ဦးလှမြင့် ပြောသည့်အတိုင်းပင် ဆလုံတစ်ဦးတစ်လေမျှ ပြန်ပေါ်မလာပေ။ သူတို့၏ လှေကလေး ငါးစင်းကမူ ကမ်းစပ်အနီးတွင် လှိုင်းလုံးတို့ကြား၌ တလှုပ်လှုပ်ရှိကာ အရှင်သခင် လှေပိုင်ရှင်များ၏ ပြန်အလာကို စောင့်မျှော်နေကြဟန်ရှိပေသည်။

ပင်လယ်ပြင်တွင် တစ်ကျွန်းဝင် တစ်ကျွန်းထွက် လှေငယ်ကို အိမ်ပြု၍ သွားလာနေကြသော ဆလုံအမျိုးသားများသည် သင်္ဘောများ၊ မော်တော်များကိုမြင်လျှင် နီးရာကျွန်းသို့ကပ်၍ ဤသို့ပင် တက်ပြေး ပုန်းအောင်းလေ့ရှိကြကြောင်း သိရသည်။

"ဗမာ့ပင်လယ်မြင်မှာ လာပြီး ငါးခိုးဖမ်းတဲ့ "တန်ကေး"ခေါ်တဲ့ ယိုးဒယားငါးခိုးသင်္ဘောတွေက ဆလုံလှေတွေမြင်ရင် တစ်ခါတည်း တိုက်ပြီး နစ်ပစ်လိုက်လေ့ ရှိလို့ အခုလို သင်္ဘောမြင်တိုင်း ပြေးကြတာလို့ ပြောတာပဲဗျာ"

ပုလဲလုပ်သား တစ်ဦးက သူ ကြားဖူးသမျှ ပြောပြသည်။ ဟုတ်သည် မဟုတ်သည်ကိုကား မသိ။ ဆလုံများသည် လူစိမ်းမြင်တိုင်း၊ သင်္ဘောမော်တော်မြင်တိုင်း အကပ် မခံဝံ့ဘဲ ထွက်ပြေးတိမ်းရှောင်လေ့ရှိသည်မှာကား အမှန်ဖြစ်ပေသည်။ ဦးလှမြင့်နှင့်အတူ စီးပွားရေးစစ်တမ်းကောက်ယူသူပေါင်းများစွာတို့သည် မြိတ်ပင်လယ်ပြင်တွင် သွားလာနေကြသော ဆလုံလှေငယ်များကို တွေ့သည့်နေရာတိုင်းတွင် အသက်၊ အမည်၊ မိသားစုဦးရေ စသည်ဖြင့် စာရင်းကောက်ယူရန် ချဉ်းကပ်ကြည့်ကြဖူး၏။ သို့သော် ဆလုံများသည် အကပ်မခံဘဲ လှေပေါ်မှ ခုန်ချ ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် မည်သို့မျှ မေးမြန်းမှတ်သားလိုက်ရသည် မရှိပေ။

ဆလုံများသည် စာရင်းအင်းကောက်မည့်သူများ မော်တော်နှင့် သူတို့လှေစုရှိရာသို့ ချဉ်းကပ်လာကြပြီဆိုလျှင် နို့စို့ရွယ် သားငယ် သမီးငယ်များကိုပင် လှေပေါ်တွင် ငိုလျက်သား ပစ်ထား၍ ရေထဲသို့ အတင်းခုန်ချပြေးလေ့ရှိကြသည်။ စာရင်းကောက်လိုသူတို့ မည်မျှကြာအောင် ထိုင်စောင့်နေသော်လည်း ဆလုံတို့ကား တစ်ဦးတစ်လေမျှပင် ပြန်မလာတော့ပေ။ ဆလုံကလေးငယ်ခမျာမှာလည်း ငိုမြဲ ငိုလျက်ပင်။ သို့နှင့် ကလေးငယ် ငိုရရှာသည်ကို သနားကာ လက်လျှော့ပြန်လာ ကြရသည်ချည်း ဖြစ်သည်။

မော်တော်ကို သူတို့လှေစုမှ ထွက်ခွာ၍ ခပ်လှမ်းလှမ်း တစ်နေရာမှ ပုန်းကွယ်ကြည့်ရှုလျှင် ဆလုံ အမျိုးသမီး၊ အမျိုးသားများသည် မကြာမီအတွင်းမှာပင် ပုန်းအောင်းရာနေရာများမှ အလျှိုအလျှို ထွက်လာကာ လှေစုရှိရာသို့ ရေကူးလာကြပြီးနောက် ငိုမြဲငိုလျက်ရှိသော ကလေးငယ်များကို တယုတယ ပွေ့ပိုက်ချော့မော့ကြသည်။ တစ်ခါတစ်ရံလည်း ငိုနေသောကလေးငယ်ကို ပိုက်ချီကာ ဆလုံမိခင်များလည်း ရော၍ငိုလိုက်ကြပြန်ပေသည်။

မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်္ဘောမော်တော် စသည်တို့ကို မြင်တိုင်း သားသမီးငယ်များကို လွှတ်၍ကိုယ်လွတ်ရုန်းထွက်ပြေးရလောက်အောင်အကြောက်

ကြီး ကြောက်နေကြရရှာသော ဆလုံလူမျိုးတို့၏ဘဝသည် သနားဖွယ်၊ ကြေကွဲဖွယ်ဖြစ်ပေသည်။

မြိတ်မြို့ ဆိပ်ကမ်းတစ်လျှောက်တွင် ဆိုက်ကပ်လာကြသော ဆလုံလှေငယ်များမှ မိသားစုတို့ကိုမူ စီးပွားရေးစစ်တမ်းကောက်သူတို့ ချဉ်းကပ်၍ ရပေသည်။ သူတို့သည်သင်္ဘောနှင့်မော်တော်စသည်များကိုမမြင်ဖူး၊မတွေ့ဖူး၍ မြင်တိုင်းတွေ့တိုင်း ထိတ်လန့်ခြင်းမဟုတ်ဘဲ လူသူကင်းဝေးသော ပင်လယ်ပြင်တွင် အန္တရာယ်ပြုလာမည့် အရာများအဖြစ်သာ ကြောက်ရွံ့ကြခြင်းဖြစ်ကြောင်း ထင်ရှားလှသည်။

"အဲဒီလို မြိတ်ဆိပ်ကမ်းမှာ အကပ်ခံလို့ မေးမြန်းကြည့်ပြန်တော့လည်း ဘယ်တုန်းကမွေးတယ်၊အသက်ဘယ်လောက်ရှိပြီဆိုတာ တစ်ဦးမှ မပြောတတ်ကြဘူးဗျ၊ ဘယ်နေရာမှာလည်း အတည်တကျ နေခဲ့ကြတယ်လို့ မရှိဘူး၊ တကယ့်ကို ပင်လယ်ထဲက ဂျစ်ပဆီလူမျိုးတွေပဲ"

ဆလုံများ၏ဘဝသည်သူတို့ချဉ်းကပ်နားနေဝံ့သော မြိတ်မြို့တွင် ပင်လယ်ထဲမှ သူတို့ရှာဖွေတွေ့ရှိလာကြသော ငါးကြီးအန်ဖတ်၊ငှက်သိုက်၊ကမာကောင်၊မုတ်ကောင်စသည့် အဖိုးတန်ပစ္စည်းများကိုရောင်းချကာ သူတို့အလိုရှိသော ဆန်၊ ဆား၊ ငရုတ် စသည်များကိုဝယ်ယူ၍ ပင်လယ်ပြင်သို့ ထွက်ခွာကြပြန်သည်။ ချက်ပြုတ်စားသောက်ရာတွင် ဆီကို သုံးလေ့မရှိကြပေ။

ထိုသို့ အဖိုးတန် ပင်လယ်ထွက်ပစ္စည်းများ တက်ရောက် ရောင်းချရာတွင် မြို့ပေါ်ရှိ တရုတ်ကုန်သည်များက ဈေးအလွန်နှိမ်သည်။ ပေါက်ဈေး၏ လေးချိုးတချိုးမျှသာ ဆလုံတို့ရကြသည်။ အချို့တရုတ်ကုန်သည် ငွေရှင်ကြေးရှင်ကြီးများသည် ပင်လယ်ထွက်ပစ္စည်းများ လာရောက်ပေးသွင်းရောင်းချသော ဆလုံအချို့ကို ဖောက်သည်အဖြစ် လက်သတ်မွေးထားလေ့ရှိကြ၏။ ဆလုံများထံမှ လိုရာကို ဈေးချိုချိုနှင့်ယူထားကာ တန်ဖိုးအဖြစ် ငွေမပေးဘဲ စားစရာ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်များပေးပြီး ဘိန်းကို ကျွေးတတ်ကြသည်။

သို့ကြောင့် ဆလုံအတော်များများပင် ဘိန်းစားရမှ ဘိန်းမျိုးရမှ အလုပ်လုပ်နိုင်သော အခြေအထိ ပျက်စီးလာကြသည်။ ထိုသို့ ဘိန်းဖျက်၍ ပျက်ခဲ့ပြီဖြစ်သော ဆလုံများသည် တရုတ်ကုန်သည်များ လိုသလိုခိုင်း၍ရသော ငွေဝယ် ကျွန်နီးပါး ဖြစ်လာကြပေသည်။ ဈေးကြီးကြီးထား၍ ပေးသော ဘိန်းအနည်းငယ်မျှအတွက် ဆလုံများသည် မုတ်ကောင်များနှင့်ငါးကြီးအန်ဖတ်၊ငှက်သိုက်စသည်များကို အမြောက်အမြား ပေးသွင်းကြရသည်။

ယခု တော်လှန်ရေးအစိုးရ လက်ထက်တွင်မူ အုပ်ချုပ်ရေးပိုင်းက အတော် ကြပ်မတ်ပြုပြင်လိုက်သော ကြောင့် ဆလုံများအပေါ် မတန်တဆ ဈေးနှိမ်၍ ငွေဝယ်ကျွန်ပြုသောစနစ်များ အတော်အတန် ပပျောက်ကင်းရှင်းသွားပြီဟု ဆိုလေသည်။

ကျွန်တော်တို့တစ်တွေသည် မော်တော်ကို စက်အရှိန်လျှော့၍ နောက်သို့ တဖြည်းဖြည်း ဆုတ်လာကြရင်း ဆလုံတို့ဘဝ အဖြစ်သနစ်များကို အတော် ပြောလိုက်မိကြသည်။ စကားလက်ဆုံကျနေစဉ်မှာပင် မော်တော်တစ်စင်း လာနေသံ ကြားရသည်။

"အတော်ပဲ၊ ဟောဟို မော်တော်ပေါ်မှာ ဆလုံသူကြီး ဦးချစ်တီး ပါလာတယ်၊ သူ့ကို ခေါ်ခိုင်းရင် ဆလုံတွေ ပြန်လာမှာပဲ"

နောက်ရောက်လာသော မော်တော်ပေါ်တွင် ပါလာသည့် ဆလုံသူကြီး ဦးချစ်တီးမှာ ပင်လယ်ပြင်တွင် သွားရင်းလာရင်းနှင့်ပင် ပုလဲကျွန်းသို့ အကြိမ်ကြိမ်ရောက်ကာ ကျွန်းပေါ်မှ ပုလဲလုပ်သား မြန်မာများနှင့် ရင်းနှီးလာသူဖြစ်သည်။ ဆလုံထဲတွင် ရှပ်အင်္ကျီနှင့်၊ ဆေးတံနှင့် မြန်မာလိုလည်း ပြောတတ်ဆိုတတ်ရှိကာ ပင်လယ်ပြင်သို့ ခရီးမထွက်လျှင် ပုလဲကျွန်းတွင် လှေဆိုက်၍ စတည်းချနေသူဖြစ်သည်။

ဦးချစ်တီး၏မိသားစုများသည် ပုလဲကျွန်းမှ ဆေးမှူးထံတွင် ဆေးထိုးကြ၊ ဗီတာမင်ဆေးပြားများ ယူစားကြနှင့်၊ အတော် ခေတ်မီနေကြသူများဖြစ်၏။

ယခုလည်း လှေပေါ်မှ ဆလုံများအား နာမကျန်းဖြစ်သူရှိလျှင် ကျွန်းပေါ်မှ ဆေးခန်းသို့ လာရောက်ဆေးဝါးကုသမှု ခံယူနိုင်ကြောင်းဖြင့် ဦးချစ်တီးက ဆလုံဘာသာစကားဖြင့် အော်ဟစ် ပြောဆိုပေးရမည်ဖြစ်သည်။

ဦးချစ်တီးက "အာလာလေ အေးလားလား" စသည်ဖြင့် ပသျှူးစကားဆန်ဆန် စကားများကို မော်တော်ပေါ်မှ အော်သည်။ တစ်ကြိမ် အော်လိုက်၍ တစ်ဦးတလေမှ ထွက်လာသည်ကို မတွေ့ရပေ။

နောက်တစ်ကြိမ် အော်ပြန်၏။ မည်သူမျှ မပေါ်လာ။ နောက် တတိယအကြိမ် အော်လိုက်လျှင် ကမ်းစပ်

ချုံပုတ်များ ကြားမှ ဆလုံအမျိုးသမီးများ၊ ဆလုံယောကျ်ားအမျိုးသားကြီးများ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။

"ကမ်းစပ်က ရေတိမ်တယ်၊ သူတို့လှေနားအထိ မော်တော်သွားလို့ မရဘူး၊ လှေတွေ ဒီကို လှော်လာခဲ့ကြပါလို့ ပြောပါ""

ပွဲနင်းကြီး ပြောသည့်အတိုင်း ဦးချစ်တီးက ဆလုံဘာသာဖြင့် အော်သည်။ ဆလုံလှေများသည် မီးခိုးတအူအူဖြင့် မော်တော်ရှိရာသို့ တရွေ့ရွေ့လာနေကြသည်။

မလှမ်းမကမ်း ရောက်၍ ကြည့်လိုက်လျှင် ဆလုံအမျိုးသမီး၊ အမျိုးသားလူကြီးများအားလုံး လှေပေါင်းမိုးထဲတွင် ထိုင်ကာ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကလေးငယ်များက လှေတစ်စင်းတွင် တစ်ဦးစီ လှော်ခတ်လာကြခြင်းဖြစ်သည်။ ကလေးများအားလုံး ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်ကိုယ်စီ ပါးစောင်တွင် ခဲလျက်သား လှော်ခတ်လာကြသည်။ တစ်ဦးကမူ ဝါးမြစ်ဆုံဆေးတံနှင့် ခပ်တည်တည် လှော်လာသည်။

ရင်ငန်းသားဖြင့် ဆောက်လုပ်ထားသော ဆလုံတို့၏ လှေသည် ပေါ့ပါးသလောက် အတွင်းပိုင်းတွင် ကျယ်ဝန်း သည်။ လှေတစ်စင်းဆီတွင် ခွေးတစ်ကောင်စီလည်း ပေါင်းမိုးအဝတွင် ထိုင်လျက်သား ပါလာသည်။

"ဆလုံတွေအဖို့ လှေဟာ အိမ်ပဲဗျ၊ ချက်ပြုတ်စားသောက်ဖို့ မီးဖိုရော၊ အိပ်ရာနေရာရော၊ ကလေးမွေးဖို့မီးနေ ခန်းက ဒီလှေပေါ်မှာပဲ။ ကျင်ကြီးကျင်ငယ် စွန့်တာကျတော့ ပင်လယ်ထဲ စုန်ချလိုက်တာပဲဗျ၊ ကိစ္စပြီးရင်းလှေနောက်မြီးက ပြန်တက်လာကြတာပဲ""

ဆလုံလှေများသည် မော်တော် ယှဉ်ကပ်မိလျှင် ဆေးခန်းသို့လိုက်မည့် ဆလုံမိသားစုများ မော်တော်ပေါ်သို့ တက်လာကြသည်။ အသက် အလွန်ကြီးပုံရသော ဆလုံအိုကြီး တစ်ဦးနှင့် လေးနှစ်သားခန့်ရှိမည့် ဆလုံကလေးငယ်တစ်ဦးတို့မှာ အဖျားတက်လျက်ရှိသည်။

ဖျားနေသော ဆလုံကလေးငယ်သည် ကိုယ်ပူလျက်က စောစောပိုင်းက ပင်လယ်ထဲ ခုန်ချကူးပြေးကာ ပုန်းအောင်းလိုက်ရသေးသဖြင့် ရေစိုနေသော သူ့တစ်ကိုယ်လုံးတွင် အငွေ့တွေ တထောင်းထောင်း ထနေလေသည်။ ဦးလှမြင့်က မကြည့်ရက်သဖြင့် အငွေ့တထောင်းထောင်း ထကာ ခိုက်ခိုက်တုန်နေသော ကလေးငယ်အား သက္ကလပ်စစ်အင်္ကျီခြုံပေးလိုက်သည်။

ဆလုံကလေးသည် တခိုက်ခိုက် တုန်နေရင်း ဆေးပေါ့လိပ်တိုတစ်လိပ်ကိုအားရပါးရရှိုက်ဖွာနေသည်။ သူ့နှာခေါင်းကထွက်သော ဆေးလိပ်မီးခိုးနှင့် သူ့ကိုယ်မှထွက်သော ကိုယ်ငွေ့အခိုးများသည် သူ့ဘေးတွင်ဝိုင်းရံရောယှက်နေသည်။ သူ ဆေးလိပ်သောက်နေပုံကို သဘောကျ၍ ဓာတ်ပုံဦးမြက ဓာတ်ပုံတစ်ချက်ရိုက်လိုက်ရာ မီးဝင်းခနဲ လက်သွား သဖြင့် ဆလုံမိသားစုများအားလုံး ရယ်လိုက်ကြသည်။

ယခုမူ သူတို့သည် မီးလက်၍လည်း မကြောက်ကြတော့ပေ။ ပုလဲကျွန်းမှ မြန်မာလုပ်သားများနှင့် မြန်မာမော်တော်များ၊ သင်္ဘောများသည် သူတို့ကို အန္တရာယ်မပြု၊ သူတို့ကြောက်ရန်မလိုကြောင်း သူတို့ နားလည်နေကြပေပြီ။

ဆလုံမိသားစု ပြုံးပြုံးရွှင်ရွှင် ရှိလာကြသောအခါ ပုလဲမွေးမြူရေးမှူး ဦးလှအောင်က ဆလုံသူကြီး ဦးချစ်တီး သင်ပေးထားသော ဆလုံစကားတစ်ပိုဒ်ကို ဆလုံမိသားစု အနီးသို့သွားထိုင်၍ ပြောပြလိုက်သည်။

"ဆလုံ ဗမာ မေ့ဆာ...ဂျူကာ"

ဦးလှအောင်ပြောသလိုပင် ဆလုံမိသားစုကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ပြန်ပြောပြကြသည်။

ထိုစကားပိုဒ်၏အဓိပ္ပာယ်ကို ဦးလှအောင်အား မေးကြည့်ရသည်။ "ဆလုံဗမာညီရင်းအစ်ကိုတွေပဲ၊ အတူတူပဲ ချစ်ခင်ကြစို့"ဟု အဓိပ္ပာယ်ရကြောင်းဦးလှအောင်ကရှင်းပြ၏။

ထို့ကြောင့် ကျွန်တော်လည်း ဆလုံအဘိုးကြီးရှေ့နားသွားထိုင်ကာ ထိုစာပုဒ်ကိုရွတ်ပြမည်ကြံမိ၏။ ရှေ့တွင် ထိုင်၍ ကျွန်တော်က ဘာမျှမပြောရမီမှာပင် ဆလုံအဘိုးကြီးကဦးစွာ ပြောလိုက်လေသည်။

"ဆလုံဗမာ အတူတူပဲ၊ ညီအစ်ကိုပဲ"

သူသည်လည်း ဆလုံသူကြီး ဦးချစ်တီးကဲ့သို့ပင် မြန်မာရည်ဝကာ မြန်မာလို တစ်စွန်းတစ်စ တတ်နှင့်နေသော ဆလုံအမျိုးသားကြီးပေတကား။ ။

သိပ္ပံမြင့်ဦး

၁၉၆၄ ခု၊ နိုဝင်ဘာလ၊ အတွဲ – ၁၃၊ အမှတ် (၁)၊ မြဝတီမဂ္ဂဇင်း။

# ဆားရေပြင်မှ ဆလုံများ

**မာဂဇီသာစည်**

ဆလုံလူမျိုးများအကြောင်းကို စာနယ်ဇင်းများတွင် ရံဖန်ရံခါ ဖတ်ရဖူး၏။ ဖတ်ရတိုင်းလည်း သနားစရာလူမျိုးများအဖြစ်ကိုယ်ချင်းစာ၍ကရုဏာသက်ခဲ့ရ၏။ ဆလုံလူမျိုးကို တွေ့ဖူးချင် မြင်ဖူးချင်သော်လည်း နေရာဌာနဝေးကွာ ပြီး အခြေအနေမပေးသောကြောင့် မတွေ့နိုင်၊ မမြင်နိုင်ခဲ့ပါ။ တိုင်းနှင့်ပြည်နယ် ၁၄ ခု ရှိသည့်အနက် ဆလုံတို့မှာ တနင်္သာရီတိုင်းပင်လယ်ကျွန်းစုများ၌သာ နေထိုင်ကျက်စား၍ အခြားတိုင်းနှင့် ပြည်နယ်များတွင် ဆလုံများကိုတွေ့ရမည်မဟုတ်ပါ။ သို့ဖြစ်၍မန္တလေးတိုင်း၌ မွေးဖွားကြီးပြင်းရသော စာရေးသူအဖို့ ဆလုံလူမျိုးတို့ကို အနီးကပ်မြင်တွေ့လေ့လာနိုင်ဖို့ဆိုသည်မှာ ခက်ခဲသောဒုလ္လဘတစ်မျိုးလို ဖြစ်နေပါသည်။

ယင်းသို့ရှိနေရာမှ မမျှော်လင့်ဘဲ ၁၉၈၆ ခု ဇန်နဝါရီလအတွင်းက တနင်္သာရီတိုင်း ပင်လယ်ကျွန်းစုများသို့ ရောက်ရှိသွားခဲ့ရာ ဆလုံလူမျိုးများ၏ လှုပ်ရှားမှုကို အနီး ကပ် တွေ့ မြင်ခဲ့ရပါသည်။ ဆလုံတို့၏ဘဝမှာ စာရေးဆရာများ ရေးသားတင်ပြကြသည်ထက် ပို၍ ဆင်းရဲတွင်းနက် ကြောင်း ကိုယ်တွေ့မျက်မြင် သိခဲ့ရပါသည်။

**မျိုးရိုးဇာတိ**

ဆလုံတို့၏ ဘဝရင်းမြစ်ကို လေ့လာကြည့်ရာ အာရှအရှေ့တောင်ပိုင်းတွင် ဒုတိယ ရှေးအကျဆုံးဖြစ်သော ဩတတြိုလွိုက် အနွယ်ဝင်များမှ ဆင်းသက်လာကြောင်း သိရှိရပါသည်။ "ဩစတြိုနီရှင်း" အုပ်စုကြီး၏အနွယ်များဖြစ်သည့် အင်ဒိုနီးရှားနှင့်မလေးလူမျိုးစုကြီးများမှဆလုံလူမျိုးများ

ပေါ်ပေါက်လာကြောင်း ယူဆကြသည်။ ဆလုံတို့သည် မလေးကျွန်းစုတွင်နေထိုင်ခဲ့ရာမှ မလေးလူမျိုးတို့ ဝင်ရောက်လာကြသောအခါ မူလဇာတိဒေသကိုစွန့်၍ မြန်မာနိုင်ငံ ပင်လယ်ပြင်ကျွန်းစုများတွင် ယနေ့တိုင် လှည့်လည်နေထိုင် လျက်ရှိကြောင်း အများက လက်ခံယူဆထားကြသည်။ ထိုအကြောင်း "မြန်မာနိုင်ငံရှိ လူမျိုးများ" စာတမ်းတွင် လောင်းဝစ်ဆိုသူက "ဆလုံတို့သည် တိဗက်-မြန်မာလူမျိုး၊ မွန် ခမာလူမျိုး၊ ယိုးဒယား တရုတ်လူမျိုးဟူသော လူမျိုးအုပ်စုကြီးသုံးစုထဲတွင်မပါဝင်ဘဲမလေးလူမျိုးအဆက်အနွယ် ဖြစ်သည်"ဟု ရေးသားထားလေသည်။

## ဆားငန်ရည်အတွင်း နစ်မြုပ်နေသူများ

ဆလုံဟူသော အခေါ်အဝေါ်မှာ မြန်မာတို့က ခေါ်ဝေါ်သော အခေါ်သာဖြစ်သည်။ ဆလုံတို့၏ အခေါ်မဟုတ်၊ ဆလုံတို့ကမူ သူတို့ကိုယ်သူတို့ "မော်ကင်း"ဟု ခေါ်ကြသည်။ မော်ကင်း၏အဓိပ္ပာယ်မှာ ဆားရည်အတွင်းနစ်မြုပ်နေသူများ ဟုအဓိပ္ပာယ်ရပါသည်။ သည်ဝေါဟာရနှင့်သည်အဓိပ္ပာယ်မှာ ဆလုံတို့၏ဘဝရပ်တည်ချက်နှင့်အလွန်ဟပ်မိထပ်မိပါသည်။

စာရေးဆရာကြီးမောရစ်ကောလစ်ကမူ ဆလုံတို့ကို ဆီလီတာဟုခေါ်ကြောင်း "ယိုးဒယားပိုက်"အမည်ရှိစာအုပ်တွင် ဖော်ပြထားပါသည်။ ဗြိတိသျှအစိုးရလက်ထက် ၁၈၉၁ ခုနှစ် ကောက်ယူသော သန်းခေါင်စာရင်း၌ ဆလုံတို့ကို ဆီလုန်ဟု ရေးသားဖော်ပြကြောင်း သိရပါသည်။

## ဆလုံအိမ်

မြိတ်ကမ်းခြေတွင်နေထိုင်သော ဆလုံများကိုသာ တဲအိမ်နှင့်တွေ့ရပြီး ကျန်ဒေသမှဆလုံများကိုမူလှေကိုအဖော်ပြု၍ ပင်လယ်ပြင်မှာချည်း တွေ့ခဲ့ရသည်။ အိုးအိမ်အတည်တကျမရှိ။ လှေသည်ပင် သူတို့အိမ်၊ လှေသည်ပင် သူတို ဗိမာန်၊ လှေသည်ပင် သူတို့ဘဝဖြစ်သည်။ အမျိုးသမီးအားလုံးနီးပါး အထက်ပိုင်းခန္ဓာကိုယ် ဗလာကျင်းလျက် တွေ့ရသည်။ အထည်အဝတ် ရှားပါး၍လော၊ ဆလုံတို့၏ ဓလေ့သဘောပင်လော။

ရှေးယခင်က မြိတ်ကမ်းခြေတွင် ဆလုံလူမျိုးများ နေထိုင်ရာ ဆလုံရပ်ကွက် သီးခြားရှိကြောင်း သိရသည်။ ယခုအချိန်တွင်ဆလုံရပ်ကွက်ဟူ၍သီးခြားမရှိတော့ပါ။ဆလုံ တဲအိမ်ငယ်၁၀လုံးခန့်သာတွေ့ရသည်။မြိတ်မြို့တလိုင်းစုရပ် ပင်လယ်ကမ်းခြေရှိညွန့်မြေဝယ်အချိုးအစားလုံးဝမကျသော ခြေတံရှည်အိမ်ကလေးများကို မညီမညာ တွေ့ရသည်။ အမြတ်မြတ်ကမ်းလူရှိသည်မဟုတ်။အရွယ်အစားကလည်းခိုအိမ်တမျှ သေးငယ်လှသည်။ဤမြင်ကွင်းကိုတွေ့လိုက်ရုံဖြင့်ဆလုံတို့၏ နေထိုင်ရာ အိမ်ဂေဟာအဖြစ်ခန့်မှန်းကြည့်နိုင်သည်။

ဆလုံအိမ်မှာ တံခါးမရှိ၊ သော့မပါ။ ယာစောင့်တဲ အဆင့်မျှသာရှိသည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလို သွားပြီးဘဝကိုရုန်းကန်နေကြသူများဖြစ်သည်။ဆလုံလောကတွင် ဤမြိတ်မြို့ကမ်းခြေမှ ဆလုံများမှာ ခေတ်အမီဆုံး ဆလုံများဟုခေါ်ဆိုလိုက ခေါ်ဆိုနိုင်ကြောင်း ဘာသာပြန်ဆရာကြီး ဦးပုကရှင်းပြပါသည်။ဤအုပ်စုမှအချို့ဆလုံများမှာပွဲချိတ်တပ်စက်လှေစီးခြင်း၊လက်ပတ်နာရီပတ်သူကပတ်ခြင်း၊တက်ထရွန်စသော အဝတ်မျိုးကိုဝတ်သူက ဝတ်ခြင်းများ၊ ရုံဖန်ရံခါ တွေ့ရသည်ဟုဆိုပါသည်။မည်သို့ပင်ဆိုစေအချုပ်သဘောမှာ ဆလုံတို့၏ဘဝသည်ပင်လယ်ပြင် ဆားငန်ရေကို မှီတွယ်နေရသမျှ တိုးတက်သောအဆင့်သို့ ရောက်ဖို့ဆိုသည်မှာ အိပ်မက်မျှပင် မက်ဖူးလေဟန်မတူ ချေ။

## ဆလုံတို့၏ရုပ်ရည်

ဆလုံတို့မှာ လူ့ဘဝသို့ရောက်လာရသော်လည်း ကုသိုလ်ကံအကျိုးပေးမကောင်းသူများအဖြစ်မှ မှတ်ချက်ချရမလို ဖြစ်နေပါသည်။ ပင်လယ်ပြင်တွင် မွေးဖွားပြီး ပင်လယ်ပြင်၌ကျက်စားကာပင်လယ်ပြင်မှာပင်ဘဝကိုအဆုံးသတ်ကြရ၍ ရင်နာစရာ ကောင်းလှပါသည်။

ဆလုံတို့၏အရပ်အမောင်းမှာဖွံ့ဖြိုးထွားကျိုင်းမှုမရှိလှ။ ခန္ဓာကိုယ်သေးငယ်သည်။ပင်လယ်ပြင်ဆားငန်ရေတွင်သာ အနေများ၍ နေဒဏ်၊ လေဒဏ်နှင့် ဆားငန်ရေ ထိတွေ့မှုဒဏ်ကြောင့် ဆလုံတို့၏အသားအရေမှာ ဝင်းဝါစိုပြည်မှု မရှိ။ ခြောက်သွေ့ညိုမောင်းပြီး ကြံ့လှီညှိုးနွမ်းသောအသွင်ကို ဆောင်နေသည်။ မိန်းမ၊ ယောကျ်ား မူးယစ်သေစာ သောက်စားလေ့ရှိပြီး သူတို့ရှာဖွေရသမျှ စုဆောင်းရမှန်း မသိ။ တိုးတက်မှုလမ်းကြောင်းဆိုသည်ကို နားမလည်ရှာ။ ဦးဆောင်ပေးမည့်သူလည်းမရှိ။ ခေတ်အဆက်ဆက် ဘဝသီးခြားနေလာကြသည်မှာ ရာစုခေတ်တွေ များလှပါပြီ။

## ရေဘုရင်များ

ဆလုံမှန်လျှင် မိန်းမယောကျ်ား၊ ကလေးလူကြီး

လူတိုင်းပင်ရေငုပ်ကျွမ်းကျင်ကြသည်။ဆလုံများမီးဖွားသည်နှင့် တစ်ပြိုင်နက်ဆလုံမွေးကင်းစကလေးငယ်ကိုပင်လယ်ရေတွင် မြှောက်ချီကြွချီ အနည်းဆုံး သုံးခါထပ်ပေးရသည်ဆို၏။ သဘောမှာ ဆလုံနှင့်ရေ၊ ရေနှင့်ဆလုံ ရှင်မကွာ သေမကွဲ အမြဲတစေ ဒွန်တွဲရမည်ဆိုသည့်သဘောပင် ဖြစ်သည်။

ဆလုံတို့သည် ရေအောက်သို့ ၁၀ မိနစ်မှ အကြာဆုံး မိနစ် ၃၀ အထိ ရေငုပ်နိုင်စွမ်းရှိကြသည်။ ဤသို့ ရေငုပ် ရာ၌ ရေငုပ်ဝတ်စုံများ၊ အောက်ဆီဂျင်ဘူးများကိုအသုံးမပြုဘဲ ပကတိအတိုင်း ငုပ်နိုင်စွမ်းရှိသောကြောင့် ကမ္ဘာကပင် အံ့သြယူရသည်။ ထို့ကြောင့် ဆလုံများကို ရေဘုရင်၊ ရေသူရဲများဟု တင်စားခေါ်ဝေါ်ကြသည်။

အဖိုးတန် ပုလဲရတနာများထွက်သော မုတ်ကောင် များမှာ ပင်လယ်ရေပြင်အောက်က အတော်နက်သော နေရာ များတွင်သာကျက်စားပေါ်များသောကြောင့်ယင်းမုတ်ကောင်မှ ပုလဲများကို ဆလုံတို့ကပင် ဖမ်းယူပေးခဲ့ကြသည်။ မြန်မာ့ ပုလဲလုပ်ငန်းတွင် ဆလုံတို့သည်အဓိကအခန်းမှပါဝင်သူများ ဖြစ်ကြသည်။

ဆလုံတို့သည် တစ်ခါတစ်ရံ မိကျောင်းများနှင့် လုံးထွေးသတ်ပုတ်ပြီး မိကျောင်းကိုပင် ဖမ်းယူနိုင်စွမ်းရှိလေ သည်။

## ဆလုံတို့၏အလုပ်အကိုင်

ဆလုံတို့သည် ရေကူးရေငုပ် ကျင်လည်သူများပီပီ သူတို့၏ အဓိကလုပ်ငန်းမှာလည်း ငါးဖမ်းခြင်း၊ ပုလဲငုပ်ခြင်း၊ ခရင်းခွာခြင်း၊ကျောက်ပန်းကျောက်ခက်ရှူးခြင်း၊ငါးကြီးအန်ဖတ် ရှာဖွေခြင်းပင်ဖြစ်သည်။ ရှာဖွေရရှိသော ပစ္စည်းများ ဖြင့် မြန်မာများထံဖြစ်စေ၊ ပသျှူးများထံဖြစ်စေ၊ ယိုးဒယား(ထိုင်း) များထံဖြစ်စေ ဆန်၊ ဆီ၊ အထည်အဝတ်တို့ဖြင့် လဲလှယ် သုံးစွဲကြရရှာသည်။ သို့သော် တန်ရာတန်ကြေး မရရှာဘဲ ဆလုံတို့က အနာဘက်ကချည်း ဖြစ်သည်။

ရေလုပ်ငန်းအပြင်ဖျာရက်ခြင်း၊ပျားရည်နှင့်ဖယောင်း များ ရှာဖွေခြင်း၊ လူသူအရောက်အပေါက်နည်းသော ပုလဲကျောက်တောင်များမှ ငှက်သိုက်တို့ကို ခဲခဲယဉ်းယဉ်း ရှာဖွေခြင်းစသော လုပ်ငန်းများကိုလည်းအပင်ပန်းခံလုပ်ရရှာ သည်။ ပုလဲနှင့်ငှက်သိုက်မှာ တန်ဖိုးကြီးသော်လည်း ဆလုံတို့ကိုယ်တိုင်ကအသိဉာဏ်နည်း၍လော၊ဆလုံတို့ထံမှ ဝယ်ယူသူတို့ကပင် ကိုယ်ချင်းမစာ၍လော။ ဆလုံတို့မှာ ထိုက်တန်သော အကျိုးခံစားခွင့် မရရှာပေ။

ဆလုံတို့သည်ရေငုပ်၊ငါးဖမ်းစသောတံငါလုပ်ငန်းကို ဝါသနာထုံသလောက် လယ်ယာစိုက်ပျိုးခြင်းအလုပ်မျိုး ကို ဝါသနာပါဟန် မတူကြချေ။ အသီးအပင် တစ်ခါစိုက်လျှင် လေးလကြာမှ အသီးအပွင့်ကို စားရသောကြောင့်ယင်း သဘောကို ကြန့်ကြာဟန်တူသည်ဟု ဆလုံတို့က ယူဆပုံရသည်။ သို့ဖြစ်၍နေရာအတည်တကျနေလေ့မရှိသော ဆလုံတို့အနေဖြင့် စိုက်ပျိုးခြင်းအလုပ် (ခုရှာ၊ ခုဖမ်း၊ ခုလက်ငင်းရသောတံငါအလုပ်မျိုးလောက်)စိတ်ဝင်စားကြဟန် မတူ။ သို့ဖြစ်၍ဆလုံများစိုက်ပျိုးသောအသီးအနှံဟူ၍မကြားဖူး၊ မမြင်ဖူးသလောက် ရှားလှပါသည်။

## ဆလုံဓလေ့ ဆလုံစွမ်းရည်

ဆလုံလူမျိုးများအကြောင်းကို မြိတ်မြို့မှ နေရှင် နယ်ကျောင်းဆရာကြီး ဦးဘတင်က တေးထပ်တစ်ပုဒ်ရေး စပ်၍စာဖွဲ့ထားပါသည်။ ဆရာကြီး၏တေးထပ်မှာ ဆလုံတို့၏ သဘာဝကို ပီပီပြင်ပြင်ဖော်ပြထား၍ ဆလုံသုတအဖြစ် ဤစာရေးသူက ထပ်မံဂုဏ်ပြု ဖော်ပြလိုက်ပါကြောင်း။

- မြိတ်ဒီပါ ကျွန်းတစ်ဝိုက်၊ စဉ်ပျော်ပိုက် လှည့်လည်။
- ရေပေါ်၌ ကယ့်တကယ်၊ ပြိုင်ဖက်ကွယ် လွန်ရှား။
- လှိုင်းကြီးလဲပိုမဖြုန်၊ အိုဆလုံ ရှားတဲ့လူသား။
- မိကျောင်းက ဆလံတင်၊ မြန်တခွင်ကျော်ကြား။
- ရေပေါ်မှာ မော်ကြွားလို့၊ မစော်ကားနှင့်သူ့ကို။
- ပုလဲကမာ အစုံငုပ်၊ ရုပ်ပလုပ် စသည်ထိုထို။
- ပုဆိုးစုတ်ကိုနံ့တိုတို၊ဟန်သလိုခါးတောင်းကျိုက်၍။
- စောင်းအလိုက် ကျောဝယ်သာ၊ သားလွယ်၍လာ။
- အကျော်ကရမက်စမ္မာကို၊ရံတစ်ခါလာရောင်းလို့လေး။

## ဆလုံကဗန်း လှေတဲနန်း

ဆလုံလူမျိုးတို့မှာအိုးအိမ်နေရာအတည်တကျမရှိဘဲ ရန်သူကင်းရာ၊ အစာပေါ်ရာ၊ ပင်လယ်ကျွန်းစုများတွင် လှည့်လည်နေထိုင်ရသောကြောင့်သူတို့၏ဘဝတွင်သေမကွာ ရှင်မကွဲ ဒွန်တွဲနေရသော ပစ္စည်းမှာ လှေဖြစ်သည်။ လှေကို ဆလုံဘာသာအားဖြင့် ကဗန်းဟုခေါ်၏။ သံတစ်ချောင်း၊ သွပ်တစ်ကြိုး၊ ကြေးတစ်ပွင့်မျှမပါဘဲ ကဗန်းခေါ် လှေကို ဖြစ်မြောက်အောင် တည်ဆောက်နိုင်၍ ဆလုံတို့၏ လှေ

တည်ဆောက်မှုအတတ်ပညာမှာ လက်ဖျားခါ၍ ဂုဏ်ယူလောက်ပါသည်။

လှေတည်ဆောက်ရာတွင် သစ်လုံးကို လိုအပ်သည့်ပမာဏအတိုင်းထွင်း၍ အောက်ခံအဖြစ် အသုံးပြုသည်။ လှေနံရံအဖြစ် အလွန်ပေါ့ပါးသော "ရင်ကမ်း" သားကို အသုံးပြုလေ့ရှိသည်။ ရင်ကမ်းသားပင်စည်များကို တစ်ခုပေါ်တစ်ခု အလျားလိုက် ထပ်ဆင့်၍ နွယ်ကြိုးဖြင့် ချည်နှောင်ချုပ်စပ်ထားပုံမှာသေသပ်လွန်းလှသည်။ လှေပေါင်းမိုးဖြစ်ခနိရွက်ကို အသုံးပြုထားသည်။ ခရီးကြမ်းတမ်း၍ အပြောကျယ်လှသောပင်လယ်ပြင်ဝယ်သံတစ်ချောင်း၊ သွပ်တစ်ကြိုးမျှမပါဘဲ လှိုင်းဒဏ်၊ လေဒဏ်ခံနိုင်စေရန် တည်ဆောက်နိုင်စွမ်းရှိသော ဆလုံတို့၏ လှေတည်ဆောက်မှု အတတ်ပညာကို အဘယ်သူသည် မချီးကျူးဘဲ နေနိုင်အံ့နည်း။

ဆလုံတို့အဖို့ထိုလှေသည်ပင်လျှင် ရပ်တည်ခိုနားရာဘဝတစ်ခုဖြစ်၏။ ရာသီဥတု သာယာနေသမျှ ကဗန်းခေါ်လှေငယ်တွင် သားမယားနှင့်တကွ ခွေးရော ကလေးပါ တင်ဆောင်၍ပင်လယ်ပြင်တွင် လှည့်လည်နေထိုင်ကြသည်။ မိုးကာလ ကျရောက်ချိန်တွင်သာ ကျွန်းကြီးကျွန်းငယ်ပင်လယ်ကမ်းခြေသို့ကပ်၍ သုံးလေးလမျှ မိုးခို၍ နားနေကြသည်။ ယင်းသို့ ခေတ္တနားခိုက် ရွံ့ညွန်ထူထပ်ရာကမ်းစပ်တွင် ခြေတံရှည် တဲကလေးများကိုဆောက်လုပ်၍ ဖြစ်သလို နေထိုင် ကြသည်။ မိုးကုန်သော် ထိုနေရာမှခွာ၍ ပင်လယ်ပြင်သို့ လှေတစ်စင်းဖြင့် ထွက်ကြပြန်လေသည်။

**တစ်လင် တစ်မယားစနစ်**

ဆလုံတို့၏ အိမ်ထောင်မှုစနစ်မှာ ထွေလီဆန်းပြားမှုမရှိ။ တစ်လင် တစ်မယားစနစ်သာ ဖြစ်သည်။ သေတပန်သက်တဆုံးပေါင်းသင်းကြသည်။ပင်ကိုသဘာဝ ရိုးသားသော ဆလုံတို့၏သစ္စာတရားက တစ်လင် တစ်မယားစနစ်ကို သာ ခွင့်ပြုထားသည်မှာဗုဒ္ဓဘာသာ တရားတော်နှင့်ကိုက်ညီလျက်ရှိပါသည်။

အပျို၊ လူပျိုဘဝမှ အိမ်ထောင်ရှင်ဖြစ်လာပုံမှာ မြန်မာတို့၏ဓလေ့နှင့် ခြားနားမှုသိပ်မရှိလှ။ အိမ်ထောင်ဖက်ကွယ်လွန်သွားပါကတပင်လဲမှုတစ်ပင်ထူခွင့်ရှိသည်။ သို့သော် အများအားဖြင့် မုဆိုးဖိုနှင့်မုဆိုးမအချင်းချင်းသာယူလေ့ယူထရှိသည်ဆို၏။ ဤအချက်ကား ထူး၏။

**အယူဝါဒကိုးကွယ်မှု**

ဆလုံတို့မှာ ဘိုးစဉ်ဘောင်ဆက် နတ်ကိုးကွယ်မှုပြုကြသည်။ မကျန်းမမာဖြစ်ရာ၌ပင် နတ်ဆရာ၏ညွှန်ပြမှုအတိုင်း လုပ်ကိုင်နေကြသည်။

ဆလုံများ သေဆုံးလျှင် မြေတွင်မြှုပ်နှံလေ့မရှိဘဲ သေသူ၏ရုပ်ကလာပ်ကိုလင့်စင်ပေါ်တင်ပြီးစွန့်ထားခဲ့ကြသည်။ လူသေစွန့်ရာကျွန်းကို ကျောခိုင်း၍ ထိုနေရာတွင် ဆက်လက်မနေတော့ဘဲ တခြားနေရာသို့ ပြောင်းရွှေ့သွားကြသည်။ သေသူပိုင် ပစ္စည်းများကိုလည်း သေသူ၏ရုပ်ကလာပ်အနီးတွင် ထားရစ်ခဲ့ကြသည်။ လှေပိုင်ဆိုင်သူ ကွယ်လွန်ပါက သူပိုင်လှေကို ထက်ခြမ်းခွဲ၍ ထိုလှေထက်ခြမ်းခွဲဖြင့် အသုဘ ရုပ်အလောင်းကို ဖုံးလွှမ်းပြီးလျှင် စွန့်ပစ်လေ့ရှိကြသည်။

ယခုအခါ လူသေကောင်ကို လင့်စင်ပေါ်တင်ခြင်း အလေ့များ တစ်စတစ်စ ပျောက်ကွယ်၍ မြေမြှုပ်သင်္ဂြိုဟ်သောဓလေ့များကို လိုက်နာစ ပြုပါပြီ။ ၂၆-၁-၈၆ နေ့က ဆလုံအလောင်းမြေမြှုပ်သင်္ဂြိုဟ်သည်ကိုစာရေးသူကိုယ်တိုင် မြိတ်သချိုင်းတွင် တွေ့မြင်ခဲ့ရပါသည်။

**ဆလုံစာပေ**

ဆလုံလူမျိုးများမှာ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဂီတရှိဖူးပါသလားဟုမေးလာလျှင် ရှိဖူးပါသည်ဟု ဖြေရပါမည်။ သို့ရာတွင် ဆလုံတို့ကိုယ်တိုင် စာပေ၏တန်ဖိုးကို မသိရှာ၍ ရေရှည်ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ ယခုအချိန်၌ ဝမ်းနည်းဖွယ်ရာ ပျောက်ကွယ်သွားပါပြီ။ ဆလုံစာပေ တတ်ကျွမ်းသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပါ။

တစ်ချိန်ကအမေရိကန်နှစ်ခြင်းခရစ်ယာန်သာသနာပြုမစ္စတာ စတီဗင် (Mr. Stevens) ဆိုသူက ရောမအက္ခရာများကိုအသုံးပြု၍ ဆလုံစာပေကို တီထွင်ပြုစုသွားကြောင်း မှတ်သားရဖူးပါသည်။ ခရစ်နှစ် ၁၈၈၄ ခုနှစ်တွင် ဒေါက်တာဒီ၊ အယ်၊ဗရေတန် (Dr. D.L. Brayton)ဆိုသူကမစ္စတာစတီဗင် ပြုစုခဲ့သော မူကြမ်းကို ကူးယူခဲ့ပြီးလျှင် ဆလုံ သင်ပုန်းကြီး တစ်စောင်ပြုစုကြောင်း သိရပါသည်။ စာအုပ်အမည်မှာ (A Primer of the Selong Language)ဖြစ်ပြီး၁၈၄၆ခုနှစ်တွင် ယင်းစာအုပ်ကို အမေရိကန် နှစ်ခြင်းခရစ်ယာန် သာသနာပြု ပုံနှိပ်တိုက်မှ မော်လမြိုင်တွင် ပုံနှိပ် ကြောင်း သိရပါသည်။

ထိုစာအုပ်မှာလည်း အုပ်ရေ ၁၀၀ မျှသာ ရိုက်နှိပ်ပြီး နောက်ထပ်တစ်ကြိမ် တစ်ခါမျှ ပြန်လည် ရိုက်နှိပ်ခြင်းမရှိဟု ဆိုပါသည်။ ထိုစာအုပ်၏သက်တမ်းသည်ပင်လျှင် အနှစ်၁၀၀ တိတိ ရှိပြီဖြစ်၍ ယခုအချိန်၌ ထိုစာအုပ်ကို မည်သို့မျှ ရှာဖွေတွေ့နိုင်တော့မည် မဟုတ်ပါ။

မစ္စတာဗရေတန်ဆိုသူက ယင်းစာအုပ်ငယ်ကို လက်စွဲစာအုပ်အဖြစ်သတ်မှတ်၍ကျောင်းတစ်ကျောင်းတည် ထောင်ပြီး စာပေသင်ကြား ပို့ချပေးကြောင်း သိရပါသည်။ သို့ရာတွင် အိုးအိမ်နေရာ အတည်တကျ နေလေ့မရှိသော ဆလုံတို့မှာစာပေသင်ကြားရေး၌စိတ်ဝင်စားမှုမရှိသောကြောင့် ဆလုံစာပေအဖြစ် တည်တံ့ထွန်းကားမှုမရှိခဲ့ပါ။ သို့ဖြစ်၍ယနေ့ မျက်မှောက်ခေတ်တွင် စာပေတတ်ကျွမ်းသော ဆလုံဟူ၍ ရှာမတွေ့နိုင်တော့ပါ။ ဆလုံတို့၏ ဘဝကို တိုးတက်ရာ တိုးတက်ကြောင်း လမ်းစဖော်ပေးသူ ရှိဖူးပါလျက် ဆလုံတို့ ကိုယ်တိုင်က တန်ဖိုးနားမလည်၍ အသိဉာဏ် အလင်းရောင် ပျောက်ကွယ်ပြီး စာမတတ်မှုဆိုသော အမှောင်နယ်တွင် ယနေ့တိုင် ကျင်လည်၍နေရရှာပါသည်။ သြော်…ဘဝနံ့သော ဆလုံများပါတကား။

## ဆလုံဂီတ

ဆလုံတို့တွင် ယဉ်ကျေးမှု မှတ်တမ်းတင်လောက် အောင် ပြောင်မြောက်သော ဆလုံဂီတမရှိပါ။ အပျင်းပြေ သဘောလောက် တီးမှုတ်ပျော်ရွှင်သော တူရိယာမျိုးကား ရှိပါသည်။ ဆလုံတူရိယာ ဆလုံဂီတဆို၍ ကြီးကျယ်လှသည် တော့ မဟုတ်ပါ။ ဗုံ၊ ပလွေနှင့် ဝါးလက်ခုပ် ဤသုံးမျိုးသာ ဖြစ်ပါသည်။ အလုပ်အားလပ်သောနေ့အခါမျိုး၌ဖြစ်စေ၊ ညအခါ လသာချိန်မျိုး၌ဖြစ်စေ၊ ဆလုံအမျိုးသားတို့က တီးမှုတ်၍ ဆလုံ အမျိုးသမီးများက ဝိုင်းဖွဲ့လျက် (သို့မဟုတ်) တန်းစီ လျက် ပျော်ရွှင်စွာ ကပြကြသည်။ ဆလုံဂီတ၊ ဆလုံတူရိယာ၊ ဆလုံ အနုပညာမှာ ဤအဆင့်ထက် မပိုလှပါ။

ဆလုံလူမျိုးတို့သီဆိုကြသော သီချင်းသံများမှာ နီးရာ ဒေသခံ လူမျိုးများ၏အသံနှင့် ဆက်နွယ်လျက်ရှိကြောင်း နားဆင်ကြည့်လျှင် သိနိုင်ပါသည်။ ဥပမာ ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ဆလုံလူမျိုးတို့၏ သီချင်းဆိုသံမှာ ပသျှူးသံနွယ် ၍ ကော့သောင်းမြို့နယ်ရှိဆလုံလူမျိုးတို့၏သီချင်းသံမှာယိုးဒယား (ထိုင်း)တို့၏အသံနှင့်နွယ်နေပါသည်။ မြိတ်ပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဆလုံလူမျိုးတို့၏ သီချင်းသံမှာ မွန်သီချင်း သံနှင့် နီးနွယ်နေသည်ကို တွေ့ရပါသည်။

## ပြည်ထောင်စုပွဲနှင့် ဆလုံဘဝ

တစ်ကြိမ်တစ်ခါက ဆလုံအမျိုးသားနှင့် အမျိုးသမီး များကို ရန်ကုန် ပြည်ထောင်စုပွဲသို့ ဖိတ်ခေါ်၍ တိုင်းရင်းသား လူမျိုးများအဖြစ် ပွဲထုတ် ပြသဖူးပါသည်။ တစ်နှစ်၊ နှစ်နှစ် လောက်သာ ဖိတ်ခေါ်ခံရပြီး နောက်ပိုင်းကာလတွင် အဖိတ် အပြု လုံးဝ မရှိတော့ပါ။ ၁၃၃၀ ပြည့်နှစ် စာဆိုတော် ငွေရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော မြိတ်မဂ္ဂဇင်းတွင် မြိတ်သားဇာတိကဗျာဆရာမောင်ခက်ညှာဆိုသူကဆလုံတို့၏ ဘဝသရုပ်ကို အောက်ပါအတိုင်း ဖော်ထုတ်ထားပါသည်။

ပြည်ထောင်စုနေ့၊ ပင်လုံနေ့တိုင်း
တွေ့မြင်ကြိုက်ကြဲ၊ မြင်ရပုံမှာ
ဆလုံအမျိုးသား၊ တိုင်းရင်းဖွားဟု
အားရဖွယ်ပင်၊ ဝတ်ဆင်သန့်ပြန့်
အနေခန့်၏။
လက်တွေ့၌ကား၊ သူတို့များမှာ
ဘာသာစကား၊ အရှိသားနှင့်
အမျိုးသားစာပေ၊ မရှိလေ
အမျိုးသားဂီတ၊ ရှာမရ
အမျိုးသားယဉ်ကျေးမှု၊ နှစ်လုလု
အမျိုးသားပညာရေး ဝေလာဝေး။
လုံတို့ကား၊ တို့သားတို့သွေး
တို့ပြည်မွေးတည့်၊ မနေးစာနာ
သိကြပါမူ၊ သူတို့အတွက်
မေးခွန်းထွက်လိမ့်။
ဆလုံအမျိုးသား၊ တိုင်းရင်းသားတို့
လွှင့်ပါးမျိုးပျက်၊ ကွယ်ပစေမည်လား
မြင့်မားတိုးတက်၊ ကြွယ်ဝစေမည်လား။

မောင်ခက်ညှာ

## အဖိနှိပ်ခံ ဆလုံများ

ဆလုံလူမျိုးတို့မှာ မည်သူ့ကိုမျှ ရန်တုံ့မူခြင်းမရှိဘဲ ပင်ကိုသဘာဝအားဖြင့် အေးအေးဆေးဆေးနေလိုသောဆန္ဒ ရှိပါသည်။ ဆလုံအချင်းချင်းမှအပ အခြားလူမျိုးတို့နှင့် ရောရောနှောနှော နေလေ့မရှိ။ ပင်ကိုအားဖြင့် ကြောက်တတ်

သော လူမျိုးဖြစ်၍ မြန်မာ၊ ထိုင်း၊ မလေး၊ ပသျှူးတို့၏ အနိုင်ကျင့်မှုကို ခေတ်အဆက်ဆက်ခံလာခဲ့ကြရသည်။

ရေကူး၊ ရေငုပ်ကျွမ်းကျင်ခြင်း၊ ပုလဲစသောအဖိုးတန်ရတနာများကို ရှာဖွေပေးနိုင်ခြင်း စသော စွမ်းရည်ထူးများကြောင့် ရှေးယခင်က လူမျိုးခြားရော တိုင်းရင်းသားများနှင့်ပါ တန်းတူရည်တူ ဆက်ဆံပေါင်းသင်းခွင့်ရခဲ့သည်ဟု ဆိုရပါသည်။ သို့ရာတွင် နှောင်းခေတ်ကာလ၌ တိုင်းရင်းသား မြန်မာအချို့နှင့် လူမျိုးခြားများကပါ ဆလုံတို့၏ရိုးသားမှု နှင့် ကြောက်ရွံ့မှုကို တလွဲအသုံးချပြီး စီးပွားရေးခေါင်းပုံဖြတ်လာကြသည်။ ဆလုံတို့၏ရိုးသားမှုနှင့် သစ္စာရှိမှုစသော အမျိုးသားစရိုက်ကို မူးယစ်ဆေးဝါးတို့ဖြင့် ဖျက်လိုဖျက်ဆီး သွေးဆောင်ဖြားယောင်းကြသောကြောင့် အသိဉာဏ် နုံချာသော ဆလုံတို့၏ဘဝမှာ နိမ့်ကျမြဲ နိမ့်ကျခဲ့ရသည်။ ဤသို့အားဖြင့် ပင်လယ်ပြင် ကျွန်းစုများ၌ ဆင်းရဲပင်ပန်းစွာ လှုပ်ရှားနေကြရသော ဆလုံတို့၏ဘဝမှာ မူးယစ်သေစာကို တစ်စတစ်စ စွဲလမ်းခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာ ရေး စသည်တို့ မတိုးတက်ဘဲ တဖြည်းဖြည်းချင်း ဆုတ်ယုတ်လာနေပြီကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။ ကာလကြာသော် မြန်မာ့ရေပြင်မှ ဆလုံလူမျိုးများ ပျောက်ကွယ်သွားမှာ စိုးရပါသည်။

ဆလုံလူမျိုးများ အရှည်တည်တံ့ရေးနှင့် ဆလုံလူမျိုးတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းနိုင်ကြပါစေ၊ ကြိုးစားကြပါစို့။

မာဂဓီသာစည်

၁၉၈၆ ခု၊ ဇွန်လ၊ အမှတ် ၃၁၂၊ ငွေတာရီမဂ္ဂဇင်း

# ဆလုံ(ခ)မော်ကင်းလူမျိုးစုဒေသသို့

# ဗုဒ္ဓဘာသာရောက်ရှိခြင်း

ဂျလန်းကျွန်းဆရာတော်



*https://www.facebook.com/Moken-in-Myanmar*

ဆလုံ (ခ) မော်ကင်း လူမျိုးစုတို့သည် တနင်္သာရီ ကမ်းရိုးတန်းဒေသ မြိတ်ကျွန်းစုရှိ ကျွန်းကြီး၊ ကျွန်းငယ်၊ ပင်လယ်အော်များတွင် နေထိုင်သော လူမျိုးစုများဖြစ်သည်။ ဝေးလံသောဒေသတွင်နေထိုင်ရခြင်း၊လူဦးရေးနည်းပါးခြင်း၊ ဆက်သွယ်ရေးခက်ခဲခြင်း၊ ပညာဗဟုသုတ ခေါင်းပါးခြင်း တို့ကြောင့် ဆလုံ (ခ) မော်ကင်းလူမျိုးများတွင် ရှေးရိုးရာ နတ်ကိုးကွယ်မှုရှိပါသည်။ ကမ္ဘာပေါ်ရှိ ဘာသာတရားများကို ကိုးကွယ်ခြင်းမရှိပါ။

ထိုဒေသသို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးမှ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းဆောင်ရွက်ပုံကိုတင်ပြထား ပါသည်။

## ဆလုံ (ခ) မော်ကင်းရွာများ

(က) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၌ မလိကျွန်း ဆလုံရွာ အိမ်ခြေ ၁၀၀ ကျော် ရှိသည်။ ပုလောမြို့မှ နောက်မြောက်ဘက် ပင်လယ်ထဲသို့ စက်လှေဖြင့် နှစ်နာရီကျော် သွားရသည်။

(ခ) မြိတ်မြို့ကျွန်းစုမြို့နယ်၌ -

(၁) ဒုံးပလဲအော်ဆလုံရွာအိမ်ခြေ၁၀၀ကျော်၊ ကရင်နှင့်ဆလုံ ရောနှောနေထိုင်သည်။

(၂) ဒုံးကမာချောင်းဆလုံရွာ

(၃) ဒုံးလင်းလွန်းကျွန်းဆလုံရွာ

(၄) ပရောဝါးကျွန်း ဆလုံ + ကရင်ရွာ

(၅) ညောင်မိုင်း ဆလုံရွာ

(၆) မီးစိမ်း ဆလုံရွာ

(ဂ) ဘုတ်ပြင်းမြို့နယ်၌ -

(၁) လာငန်းဆလုံရွာ အိမ်ခြေ ၁၅၀ ရှိ ကျောင်းကန်ဘုရားတို့ဖြင့် စည်ကားသည်။

(၂) ပုလဲကျွန်း ဆလုံရွာ

(၃) လက်စွဲအော်ဆလုံရွာ

(ဃ) ကော့သောင်းမြို့နယ်၌ -

(၁) မဂျုံကလက်ဆလုံရွာ အိမ်ခြေ ၁၀၀ ကျော်ရှိ။ ၂၀၀၄ ခုနှစ်က ဆလုံပွဲတော် ကျင်းပခဲ့သည်။ အစိုးရအလယ်တန်းကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်း ရှိသည်။

(၂) ကိုဖော့အော် ဆလုံရွာ

(၃) ညောင်ဝိဆလုံရွာ

(၄) ဇာဒက်ကြီး၊ဇာဒက်ငယ်ရွာ၊အ.ထ.ကနှင့် ဆေးခန်းရှိသည်။

(၅) ဂျလန်းကျွန်းဆလုံရွာ - ၁၉၆၆ခုနှစ်တွင် စတင် တည်ထောင်သည်။ လှေ ၄၆ စီးမှ အိမ်ခြေ၄၆အိမ်ဖြစ်လာသည်။ လူဦးရေ ၂၅၀ ခန့် ရှိသည်။ မြန်မာ ၁၀ အိမ်ခန့် ရှိသည်။

## ဂျလန်းကျွန်း

မြန်မာနိုင်ငံတောင်ဘက်၊တနင်္သာရီကမ်းရိုးတန်းဒေသ အောက်ဆုံးကျသော နေရာတွင်ရှိသော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ တည်နေရာအားဖြင့် ခန့်မှန်း လတ္တီကျူ (၁၀ံ) ဒီဂရီနှင့် လော်ဂျီကျူ (၉၈ံ) ဒီဂရီကြားတွင် ရှိသည်။ လမ်းပီကျွန်းတန်းရှည်ကြီး၏အနောက်တောင်ဘက် ခပ်ယွန်းယွန်း အရပ်၊မြန်မာပင်လယ်ရေပိုင်နက်တွင်ရှိသည်။ ဂျလန်းကျွန်း၏ အရှေ့တောင်ဘက် ရေမိုင် ၃၀ ခန့် အကွာအဝေး၌ ဇာဒက်ကြီးကျွန်း၊ ဇာဒက်ငယ်ကျွန်းငယ်များရှိ သည်။ ကော့သောင်းမြို့မှ စက်လှေဖြင့် ၈ နာရီခန့်သွားရသည်။ ဂျလန်းကျွန်း၏ အနောက်ဘက်တွင် ကျွန်းများ၊ ရွာများမရှိတော့။ ကပ္ပလီပင်လယ်အော်၊ ပင်လယ်ပြင်ကြီးသာ ရှိတော့သည်။ ကမ္ဘာ့ရေကြောင်း ရေပိုင်နက်ဖြစ်သည်။ ရေအရောင်မှာ အနက်ရောင်၊ အပြာရောင်၊ အစိမ်းရောက်များဖြစ်၏။ လေပြင်းတိုက်ခတ်ရာဒေသ ဖြစ်သည်။

## သာသနာပြုဆရာတော်

တနင်္သာရီကမ်းရိုးတန်းမြိတ်ကျွန်းစု၌နေထိုင်ကြသော ဆလုံ(ခ)မော်ကင်းလူမျိုးစုတို့သည်ကိုးကွယ်သည့်ဘာသာ မရှိကြ။ ရိုးရာနတ်ကိုးကွယ်သည့်သူများ ဖြစ်ကြသည်။ ဤသို့ ဝေးလံခေါင်းပါးသည့် ပင်လယ်ပျော် လူမျိုးစုများရှိရာသို့ စွန့်စားသွားလာပြီး ဗုဒ္ဓဘာသာ သာသနာပြုသောဆရာတော်များ ယခင်ကရှိသည်ဟု မကြားရဖူးပေ။ ယခု ဂျလန်းကျွန်း ဆလုံရွာတွင် သီတင်းသုံးနေထိုင်ပြီး ဗုဒ္ဓသာသနာပြုနေသော ဆရာတော်အကြောင်း တင်ပြပါမည်။

၁၉၇၇ ခုနှစ် ဇန်နဝါရီလ (၂၀) ရက် တနင်္လာနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘိုကုန်းကျေးရွာ ၌ အဖ ဦးသိန်းဟန်၊ အမိ ဒေါ်စန်းမြင့်တို့မှ ဆရာတော်လောင်းလျာကို ဖွားမြင်ခဲ့သည်။

၁၉၈၉ ခုနှစ် ဝါဆိုလပြည့်နေ့၌ သာစည်မြို့နယ်၊ ကျောက်တောင်ကျောင်းဆရာတော် ဦးဇောတိကထံ၌ ရှင်သာမဏေ ပြုသည်။ ဘွဲ့မှာ ရှင်ကုသလ ဖြစ်သည်။

၁၉၉၇ ခုနှစ် တပို့တွဲလပြည့်နေ့၌ ပဲခူးတိုင်း အနောက်ပိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ နွားမယံကျေးရွာနေ ဦးသွင်ထူးညွန့် + ဒေါ်စန်းရီ မိသားစုတို့၏ ပစ္စည်း

လေးပါးကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ သာစည်မြို့နယ် ကျောက်တောင်ကျောင်း၊ မိတ္ထီလာမြို့ ရွှေစောလူးစာသင်တိုက်နှင့် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်တို့တွင် လောကီ လောကုတ္တရာပညာများ သင်ကြားခဲ့သည်။

၂၀၀၁ခုနှစ်တွင်တက္ကသိုလ်ဝင်(၁၀)တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ရန်ကုန် အဝေးသင်တက္ကသိုလ်၊ ပြည်ဌာနခွဲမှ သတ္တဗေဒ အဓိက (B.Sc.Zoology) ဘွဲ့ ရရှိသည်။၁၉၉၇ခုနှစ်တွင်အစိုးရပထမကြီးတန်းအောင်မြင်သည်။ ၂၀၀၄ခုနှစ်တွင်သာသနဓဇဓမ္မာစရိယဘွဲ့ကိုရသည်။ ၂၀၀၇ ခုနှစ်မှစ၍ (ဤစာမူ ပြုစုသည့် ၂၀၁၄ ခုနှစ်) ယခုအချိန်ထိ တနင်္သာရီတိုင်းဒေသကြီးကော့သောင်းမြို့နယ်၊ဂျလန်းကျွန်း ဆလုံရွာတွင်သီတင်းသုံးနေထိုင်လျက်ဘာသာမဲ့ဖြစ်နေသော ဆလုံလူမျိုးများအားဗုဒ္ဓဘာသာဝင်ဖြစ်စေရန်နှင့်ကျန်းမာရေး၊ ပညာရေး၊ ပရဟိတလုပ်ငန်းများကိုပါ သာသနာပြုဆောင်ရွက်လျက်ရှိသည်။

## သာသနာပြုခရီး

၂၀၀၆ ခုနှစ်တွင် ဆရာတော်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုသို့ ဓမ္မခရီးစဉ်အဖြစ် နယ်လှည့်တရားဟော ကြွရောက်လျက်ရှိသည်။ ကော့သောင်းမြို့မှတစ်ဆင့် "မဂျုံကလက်" ခေါ် ဆလုံ+မြန်မာရွာကြီးသို့ ဓမ္မခရီးစဉ်အဖြစ် ရောက်စဉ် ထားဝယ်တိုင်းရင်းသူ ဒကာမတစ်ယောက်မှ ဆရာတော်အား "ဂျလန်းကျွန်း" ဆလုံရွာအကြောင်း လျှောက်ထား သည်။ ဝေးလံပြီး ဗုဒ္ဓဘာသာ မရောက်သေးသော ရွာဖြစ်ကြောင်း၊ မြန်မာအိမ် ၃ အိမ်ခန့်ရှိကြောင်း ဆရာတော်အား ကြွရောက်ပေးပါရန် လျှောက်ထားလာပါသည်။ ဆရာတော်လည်း ဆန္ဒ ဖြစ်ပေါ်လာသဖြင့် "ဂျလန်းကျွန်း" ဆလုံရွာသို့ ကြွရောက်ခဲ့သည်။

## ပထမအကြိမ် တရားဟောခြင်း

ဆရာတော် ဂျလန်းကျွန်း ဆလုံရွာသို့ စရောက်ရောက်ချင်းအထူးအဆန်းဖြစ်နေကြသည်။ ရိုင်းနေကြသည်။ အနားမလာရဲ၊ ကလေးတွေငိုကြ၊ ထွက်ပြေးကြသည်။ ဘယ်လိုသတ္တဝါလဲဟုတည်ပြီးကြည့်နေကြသည်။ ဂျလန်းကျွန်း ဆလုံရွာတွင် ရွာသူကြီး ရှိသည်။ "ဦးလော်ကဲ" ဟု ခေါ်သည်။ ဆလုံ၊ မြန်မာ၊ ထိုင်း ၃ ဘာသာ ပြောတတ်သည်။ ဦးလော်ကဲနှင့် မြန်မာ ၃ အိမ် စုပေါင်းပြီး တရားပွဲပြုလုပ်သည်။ ဆလုံဘာသာစကားဖြင့် သူကြီးထံမှ ဆလုံတွေခေါ် ပြီး တရားနာခိုင်းသည်။ ဆလုံတွေ အိမ်ကြားမှာ ပလတ်စတစ်ကြိုးဖြင့် ကြိုးဝိုင်းပြီး ခုတင်တစ်လုံးချထားလိုက်သည်။ ဤကဲ့သို့ ပြင်ဆင်နေသည်ကို ဆလုံတွေက သင်္ကြန်ကျပြီထင်မှတ်ပြီး တရားပွဲစည်းဝိုင်းထဲ ဝင်ရောက်ကခုန်ကြ၏။ ဒါ သင်္ကြန် မဟုတ်သေး၊ ဆရာတော် တရားဟောမှာဟုပြောမှ ထွက်သွားကြကုန်သည်။ ညဘက် တရားပွဲတွင် ဆလုံလူကြီး၊ လူလတ် ၅၀ ခန့် စည်းဝိုင်းထဲဝင်ထိုင်သည်။ ကလေးတွေ အပြင်က ကြည့်နေကြသည်။ မြန်မာ ၇ ဦးနှင့် ကျန်တာဆလုံတွေဖြစ်သည်။ ဆရာတော်တရားစဟောရာ ဆလုံတွေ ဘုရားလည်း မရှိခိုးတတ်၊ သီလလည်း မယူတတ်ကြ။ ဆရာတော်မှ ရှေ့ကနေတိုင်ပေးရသည်။ ရွာသူကြီးကို ကြောက်လို့သာ ထိုင်နေကြသည်။ ဘာမှနားမလည်ပါ။ တရားစဟောတော့ငြိမ်နေသည်။ ၁၅မိနစ်လောက်ကြာသော် လှုပ်လှုပ်ရွရွဖြစ်လာပြီး နောက်ကနေ တကုပ်ကုပ်နဲ့ တရားစည်းဝိုင်းထဲက ထွက်သွားလိုက်ကြတာ တရားလည်းပြီးလို့သာဓုခေါ်ရော ဆလုံတွေတစ်ယောက်မှ မကျန်တော့ပေ။ မြန်မာ ၇ ယောက်နှင့် ရွာသူကြီးဦးလော်ကဲတို့သာ ကျန်တော့သည်။ ဆရာတော်တရားဟောကောင်းလိုက်တာ ဆလုံတွေထွက်ပြေးကုန်ကြသည်။ ဒုတိယနှင့် တတိယညတွေမှာလည်း ရွာသူကြီးမှ အတင်းခေါ်တာကြောင့် ဆလုံတွေအောင့်အီးပြီး တရားနာလာကြသည်။

တရားပွဲ ၃ ည ပြီးဆုံးသောအခါ ဆလုံများနှင့် ဆရာတော် ရင်းနှီးမှုရလာသလို ဘာသာတရားကိုလည်း စိတ်ဝင်စားလာကြပါသည်။

## ဆရာတော်နှင့် ဂျလန်းကျွန်းရွာ

တရားပွဲ ၃ ညဟောပြီးနောက်ဆရာတော်တည်းခိုရာသို့ ဆလုံလူမျိုးများ လာရောက်လည်ပတ်ကြသည်။ မြန်မာစကား နည်းနည်းပါးပါးပြောတတ်သော ဆလုံမတွေက "ဆရာတော် ငါတို့ရွာမှာ လာနေပါလား" ဟု ပြောသည်။ လျှောက်ထားကြသည်။ တစ်ဖန် မြန်မာနှင့်ဆလုံစုပေါင်းပြီး ဆရာတော်ကို လာလျှောက်သည်မှာ ရဟန်းသံဃာနေထိုင်

(သီတင်းသုံး)စေလိုကြောင်း၊ အိမ်ငယ်ငယ်(ကျောင်းငယ်) ဆောက်ပေးမည်။ မိမိတို့ရွာတွင် လာနေပါဟု ပြောလာကြသည်။

ဆရာတော်သည် ဆလုံ (ခ) မော်ကင်းတွေကို သနားလာသည်။ ပညာရေး၊ ကျန်းမာရေး၊ ကုသိုလ်ရေး ဆောင်ရွက်ပေးလိုစိတ်၊ ပရဟိတစိတ် ပွားများလာသည်။ ထို့ကြောင့် ဆရာတော်မှ ဂျလန်းကျွန်း ဆလုံရွာကလေးတွင် သီတင်းသုံးမည်ဟု ကတိပြုလိုက်လေ၏။ ရွာသားများသည် ကျောင်းငယ်တစ်ဆောင်ကို အမြန်တည်ဆောက်လိုက်ကြသည်။ တစ်လခွဲလောက် ကြာသည်။ ဂျလန်ကျွန်းရွာသားများသည် ဆရာတော်ကို လာရောက်ပင့်ဆောင်ပြီး "ဂျလန်းကျွန်း ဆရာတော်"အဖြစ် ကိုးကွယ်လိုက်ကြလေ၏။

## ဆရာတော်နှင့် ရင်းနှီးလာခြင်း

ဆရာတော်လည်း ဂျလန်းကျွန်းရွာကလေးတွင် သီတင်းသုံးနေထိုင်ပြီး ဗုဒ္ဓစာပေ၊ ဓမ္မသဘောတရားတွေကို ရေးကထက် ပိုမိုပြီး ကြိုးစား၊ ကျက်မှတ် နှလုံးသွင်း ဆင်ခြင်ခြင်းများကိုပါ ပါရမီဆောက်တည်လျက် သီတင်းသုံးနေထိုင်တော်မူသည်။ တစ်ဖက်မှလည်း ဆလုံလူမျိုး လူကြီး၊ ကလေး၊ ယောက်ျား၊ မိန်းမများကို ရင်းနှီးခင်မင်လာအောင် ကြိုးစားစည်းရုံးနေသည်။ ဆရာတော်ကျောင်းကို လာဖို့ ဖိတ်ခေါ်သည်။ နောက်လကြာသော် တစ်ယောက်စ၊ နှစ်ယောက်စ လာလည်ကြသည်။ မြန်မာစကားပြောတတ်သော ဆလုံတွေ၊ ဆလုံမတွေ လာကြပါသည်။ ဆရာတော်က မုန့်ကြွေး၊ အအေးတိုက်ပြီး တရားစကားပြောလျှင် နားထောင်သည်။ပြန်လျှင်မုန့်တွေ၊အအေးတွေအိမ်သို့သယ်လိုကြသည်၊ တောင်းယူကြသည်။ အချို့ ဆလုံအမျိုးသမီးတွေကလည်း ဆရာတော် ချောကြောင်း၊ မိန်းမယူရင် ရနိုင်ကြောင်း၊ မိန်းမယူရန်လည်း ပြောသည်။ မိမိတို့အိမ် လာလည်ရန်လည်းပြောသည်။ အရက်တိုက်မည်၊ ဘိန်းစာရွက်ကျွေးမည်ဟု လည်း ဆရာတော်ကို လျှောက်ကြသေးသည်။

ဆလုံတွေသည် စကားပြောလျှင် "ဆရာတော်"ဟု ခေါ်သော်လည်း နင်နင့်ငါနင့် ပြောကြလေသည်။ ပြောအပ်၊ မပြောအပ်သော စကားများလည်း မသိသေး။ ဘာသာမဲ့ နတ်ကိုးကွယ်သူတွေဖြစ်၍ ဘုရား၊ တရား၊ သံဃာရှိခိုးဦးတင် ရမှန်းလည်း အစပိုင်းတွင် မသိကြသေးပေ။ ဘုန်းကြီးကျောင်းလာသဖြင့် ဘုရားရှိခိုးခိုင်းရသည်။ ဘာလို့ရှိခိုးရမှာလဲ၊ ရှိခိုးရင် ဘာရမှာလဲမေးကြသည်။ သူတို့ နားလည်လက်ခံလာအောင် ဆရာတော်မှ ရှင်းပြပေးရသည်။ ဘုရားရှိခိုးရင် ဘေးအန္တရာယ်မကျရောက်ဘူး၊ သေမယ့်ဘေးကြုံရင်တောင် လွတ်ကင်းပုံ။ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ခြင်းကောင်းကျိုးများကိုရှင်းပြရသည်။ကောင်းကျိုးဆိုတာ ဘာလဲ၊ စီးပွားရေးအဆင်ပြေတယ်ဆိုတာ ဘာလဲဟု မေးနေကြပြန်သည်။ ဆလုံ (ခ) မော်ကင်းတို့သည် ဝေးလံခေါင်ဖျားဒေသတွင်နေထိုင်ပြီး အသိဉာဏ်၊ ဗဟုသုတ နည်းပါးကြသည်။ ပင်လယ်ထွက်ပြီး ငါး၊ ပုစွန် စားစရာရှာမည်။ ရလာသောစားစရာများကိုဈေးဆိုင်များတွင်ဆန်၊ဆီ၊အရက်စသည်တို့နှင့် လဲလှယ်ကြမည်။ အရွယ်ရောက်ရင် အိမ်ထောင်ပြုကြမည်။ ဒီလောက်သာ သိကြသည်။ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ကို ခေတ်နှင့်အတူ ရင်ဘောင်တန်း၍ ဗဟုသုတ မရှိကြ။ ကောင်းကျိုးရခြင်းဆိုသည်ကို နားမလည်ကြ။ထို့ကြောင့်ဆရာတော်မှဆလုံ (ခ) မော်ကင်းလူမျိုးစုများ ဉာဏ်မီနိုင်သလောက် အကြောင်းအရာစကားများကို ရွေးချယ် ဟောကြားရသည်၊ ပြောပြရသည်။

## ရတနာသုံးပါး ယုံကြည်ကိုးကွယ်လာကြခြင်း

ရတနာသုံးပါးကို ရှိခိုးကိုးကွယ်ကြရန်၊ ကောင်းကျိုးရမည်၊ဘေးအန္တရာယ်ကင်းရှင်းမည်၊ကောင်းကျိုးဆိုတာ ပင်လယ်စားစရာ၊ငါးပုစွန်ထွက်ရှာလျှင် ခါတိုင်းထက်ပိုရမည်။ အန္တရာယ်ကင်းတယ်ဆိုတာ သေမယ့်ဘေးတွေ့ရင် တောင်လွတ်ကင်းမည်စသဖြင့်ဟောပြောရသည်။ ထိုအခါ ဆလုံ (ခ) မော်ကင်းတို့သည်ပင်လယ်မထွက်မီဆရာတော်ကျောင်းသို့ လာရောက်၍ ငါးများများ၊ ပင်လယ်စာများများရအောင် လုပ်ပေးဖို့ လာပြောကြသည်။ ဆရာတော်က ရတနာသုံးပါး ရှိခိုးခိုင်းသည်။ (၂၄) ပစ္စည်း ရေးထားသော ယပ်တောင်ဖြင့် ခေါင်းကို အန္တရာယ်ကင်းအောင် ပုတ်ပေးသည်။ ဘေးကင်းကြပါစေ၊ စားစရာ များများရပါစေဟု ဆုတောင်းပေးလိုက်သည်။ ကံကောင်းထောက်မစွာဖြင့် ပင်လယ်မှ စားစရာ အများအပြား ရရှိခဲ့ကြသည်။

## သီလဆောက်တည်ခြင်း

ဘုရား၊ တရား၊ သံဃာ၊ ရှိခိုးပြီး ပင်လယ်ထွက်ပြီး



F - 9B

အစာရှာသောအခါ အန္တရာယ်ကင်းပြီး ခါတိုင်းထက်ပို၍ ငါး၊ ပုစွန် ပိုမိုရသောအခါ ဆလုံ (ခ) မော်ကင်းတွေ ပျော်ရွှင်လာကြသည်။ နောက်လည်းငါတို့ကိုငါး၊ပုစွန်များများရအောင် လုပ်ပေးဦးဟု ပြောလာကြပါသည်။ ဤသို့ဖြင့် ဘုရားရှိခိုးတတ်လာအောင်၊ သီလဆောက်တည်တတ်လာအောင် သင်ပြပေးရသည်။ သို့မှတစ်ဆင့် ဥပုသ်နေ့များတွင် ဘုန်းကြီးကျောင်းခေါ်ပြီး ဒီနေ့သည်နေ့ထူးနေ့မြတ်ဖြစ်သည်။ ငါးပါးသီလ ခံယူမည်၊ သူ့အသက် မသတ်ရဘူး စသည်ဖြင့် သီလဆောက်တည်တတ်အောင် လေ့ကျင့်ပေးရသည်။ အသက်ကြီးသူတွေက သင်ပြလို့မရတော့ပါ။ ကလေးနှင့် လူလတ်ပိုင်းမှာ သင်ပြရလွယ်ကူသည်။ ဥပုသ်နေ့တွင်ဥပုသ်သည်တွေထဲမှာ ဆလုံကလေးတွေ ပိုများသည်။

## ဆွမ်းခံကြွခြင်း

ဆလုံ (ခ) မော်ကင်း တို့သည် အစက ဆွမ်းမလောင်းတတ်ကြပါ။ ဆွမ်းလှူရမှန်းလည်းမသိကြပါ။ ပစ္စည်းဥစ္စာရှားပါးလွန်း၍လှူရန်အရမ်းနှမြောကြသည်။ ဆရာတော်မှ ဆန်၊ ဆီ၊ အဝတ်အစားများကို တစ်နှစ်လျှင် (၃) ကြိမ်ခန့် ဝေငှလှူဒါန်းပေးသည်။ ပြီးတော့ ဆွမ်းခံကြွပေးသည်။ ဆွမ်းလောင်းခိုင်းသည်။ ဤသို့ဖြင့်ဆလုံ(ခ)မော်ကင်းတို့သည် ဆွမ်းလှူတတ်လာကြသည်။ အိမ်ခြေ ၅၀ ကျော်ရှိသော ဆလုံရွာသို့ တန်းစီဆွမ်းခံကြွခြင်း၊ လှေဖြင့် ဆရာတော် ဆွမ်းခံကြွခြင်းတို့ကို ဆောင်ရွက်ပေးသည်။

## ဒုလ္လဘရဟန်းပြုပေးခြင်း

ဆလုံ (ခ) မော်ကင်း ကလေး၊ လူကြီးတွေကို ဆရာတော်မှ ဒုလ္လဘရဟန်းပြုပေးသည်။ မိန်းကလေးငယ်များကိုလည်းသီလရှင်ပြုပေးသည်။ ပထမဦးဆုံးအကြိမ် ဒုလ္လဘရဟန်းခံရှင်ပြုပွဲတွင်အပါး(၁၀၀)ခန့်သာသနာတော်ဝင်ကြသည်။ ဆလုံ၊ မြန်မာ၊ ကရင်၊ ပင်လယ်ပြင် ရေလုပ်သားများ ပါဝင်သည်။ တစ်နှစ်ကို နှစ်ကြိမ် သင်္ကန်းဝတ်ပေးသည်။ (၅) နှစ်ရှိပြီဖြစ်သည်။ ဆလုံကလေးတွေဆရာတော်ကိုခဏခဏ မေးကြသည်။ "ခေါင်းတုံးရိတ်ဖို့ဘယ်လောက်လိုသေးလဲ" လို့ သူတို့ မကြာခဏ သင်္ကန်းဝတ်ချင်နေကြပြီ။

## ဗုဒ္ဓသာသနာကို အားကိုးယုံကြည်လာကြပြီ

ဆရာတော်မှဆလုံ(ခ)မော်ကင်းတွေအတွက်ဆန်၊ ဆီ၊ အဝတ်အစားတွေ ထောက်ပံ့လှူဒါန်းပေးသည်။ ထို့ပြင် ကလေးတွေအတွက်စာအုပ်၊ခဲတံ၊ပေတံ၊ကျောင်းဝတ်စုံများ ပံ့ပိုးပေးသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာပေ၊ ကဗျာများ သင်ကြားပေးသည်။ ဆလုံကလေးငယ်များ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ ဘုရားစာများ၊ ကဗျာများရွတ်ဆိုတတ်နေပါပြီ။ နှုတ်တိုက်အလွတ်ရသည်။ စာအရေးအသားတော့ မတတ်သေးပေ။ ညအခါ ရွာထဲ၌ ကလေးငယ်များ စုပေါင်း၍ မေတ္တာပို့ စသည်တို့ကို သီချင်းအဖြစ် ညီညာစွာရွတ်ဆိုနေကြသည်။ ဝေးလံသီခေါင်သော ဆလုံရွာကလေးသို့ ဗုဒ္ဓဘာသာ ရောက်ရှိလာခြင်းပင်။

## ပဋ္ဌာန်းတရားပွဲ ပြုလုပ်ပေးခြင်း

ဆရာတော်သည် သီတင်းဝါလကျွတ်လျှင် နယ်လှည့်တရားဟော ထွက်သည်။ ဆရာတော်ကို "နင် မြန်မြန် ပြန်လာနော်" ဟု မှာကြားရင်း လှေပေါ်သို့ လိုက်ပို့နှုတ်ဆက်ကြသည်။

ဆရာတော် နယ်လှည့် တရားဟောထွက်ရာ ဂျလန်းကျွန်းဆလုံရွာနှင့်၅လကျော်အဆက်ပြတ်နေခဲ့သည်။ ရွာတွင် ဆလုံလူမျိုး သုံးလေးဦး ကွယ်လွန်ခဲ့သည်။ အမျိုးသမီးတွေ ကလေးမွေးရာတွင် ကျန်းမာရေးစောင့်ရှောက်မှု စနစ်မကျ၍ ဖြစ်သည်။ ဆလုံတွေ မကောင်းသော နတ်ဖမ်းစားတာပဲဟုယူဆ၍ ကြောက်လန့်ကုန်ကြသည်။ ဆရာတော်ကို လိုက်ရှာကြသည်။ ပင်လယ်ကမ်းခြေရွာ တရားပွဲတွင် တွေ့သည်။ ဆရာတော်ကို မျက်နာငယ်တွေနဲ့ ပြောပြကြသည်။ ထိုရွာတွင် မနေရဲတော့ကြောင်း၊ နတ်ဆိုးဖမ်းစားခြင်း ဖြစ်မည်၊ ထို့ကြောင့် ထုံးစံအတိုင်း ရွာပြောင်းမည်၊ ဆရာတော်ကိုစောင့်နေကြသည်။ ထိုအခါဆရာတော်က မကြောက်ကြဖို့၊ဒုက္ခပေးတဲ့မကောင်းဆိုးဝါးကိုဘုရား၊တရား၊ သံဃာကနိုင်ကြောင်း ပဋ္ဌာန်းရွတ်ပေးမည်၊ ကမ္မဝါစာဖြင့် နင်ထုတ်ပေးမည်ဟု အာမခံပြောကြားလိုက်ရသည်။ မြန်မြန် နင်ထုတ် ပေးရန် ဆလုံတွေက ပြောကြသည်။ တရားပွဲပြီးသော် ဆရာတော်မှ နီးစပ်ရာ ရွာများမှ သံဃာတော် ၁၀ ပါးကို စက်လှေတစ်စီးဖြင့်ပင့်ရသည်။ နေ့ရောညပါပဋ္ဌာန်းဒေသနာ

တော်ကို ရွတ်ဖတ်ပေးသည်။ ဆလုံတွေကို ပဋ္ဌာန်းတရား နာခိုင်းရသည်။ ပဋ္ဌာန်းတရား ပူဇော်ခြင်းဖြင့် မကောင်းဆိုးဝါး၊ နတ်ဆိုးများမနေနိုင်၍ထွက်ပြေးပြီဟုပောပြောပေးရသည်။ အမျှအတမ်းဝေခိုင်းပြီး ပရိတ်ရေ၊ ပရိတ်ပန်းတို့ကို အိမ်စေ့ဝေငှပူဇော်စေသည်။ တရားပွဲပြီးတော့ ဆလုံတွေ သံပုံးတီး၍ မကောင်းဆိုးဝါး နှင်ထုတ်ကြသည်။

ထိုပဋ္ဌာန်းပွဲပြီးကတည်းက ဂျလန်းကျွန်း ဆလုံရွာတွင် ဆိုးဆိုးဝါးဝါးသေပျောက်ခြင်း၊ အန္တရာယ်ကျရောက်ခြင်း မတွေ့ရတော့ပေ။ ထို့နောက် ဆလုံလူမျိုးတွေ ဗုဒ္ဓဘာသာ ဘုရား၊ တရား၊ သံဃာကို ပိုမိုယုံကြည် အားကိုးလာကြသည်။ ဆရာတော်ကိုလည်း ပိုမိုအားကိုးလာကြသည်။ ဆရာတော်မှာလည်း ဆလုံမိသားစုများအတွက် ဗုဒ္ဓဘုရားဆင်းတုတော်များ ပင့်ဆောင်ပေးပြီး ပူဇော်စေပါသည်။

## အသုဘကိစ္စ

ယခင်က ဆလုံရွာမှာ လူသေလျှင် လင့်စင်ပေါ် တင်ထားပြီး ပင်လယ်ငှက်စာ ကျွေးလိုက်ကြသည်။ ကာလအတန်ကြာလာသော် မြေမြှုပ်ကြသည်။ သရဏဂုံတင်ခြင်း မရှိ၊ ဆွမ်းသွတ်ခြင်း၊ အမျှဝေခြင်းမရှိ၊ သိလည်းမသိကြပါ။ ဗဟုသုတလည်းမရှိကြပါ။ ဆရာတော်ရောက်လာသောအခါ လူသေလျှင် သက်ပျောက်ဆွမ်းလှူရပုံ၊ အမျှဝေရပုံ၊ သံဃာတော်နှင့် သုသာန်တွင် အသုဘဘာဝနာ ရှုပွားရပုံ၊ သေသူအားရည်မှန်း၍ သီလသရဏဂုံတွေ ဆောက်တည်ပြီး သေသူအား ကုသိုလ်ကောင်းမှု၏အဖို့ကို အမျှဝေရခြင်းတို့ကို ဆရာတော်ကိုယ်တိုင် ညွှန်ကြားပြသ ဦးဆောင်ပြုလုပ်ပေးရသည်။ ယခုဆိုလျှင် ဆလုံတွေအသုဘပို့တတ်၊ အမျှဝေတတ်ကြပြီး ယဉ်ကျေးသော အမူအကျင့်တို့ကို ရရှိကြပြီ။

ယခုအခါ ဂျလန်းကျွန်း ဆလုံရွာကလေးတွင် သာသနိက အဆောက်အအုံများ မြင်ရပြီး နှစ်စဉ် ရှင်ပြု၊ ရဟန်းခံ၊ ဝါတွင်း သီလဆောက်တည် စသည့် ဘာသာရေးဆိုင်ရာ အမြင်မှန်များ ရရှိနေပြီဖြစ်သည်။ ဆလုံ (၁) မော်ကင်းဒေသသို့ ဗုဒ္ဓသာသနာတော် ရောက်ပြီဖြစ်သည်။


ဂျလန်းကျွန်းဆရာတော်

မြိတ်မြို့နယ်အသင်း (ရန်ကုန်)

နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်မဂ္ဂဇင်း


စာရေးသူသည် ဂျလန်းကျွန်းဆရာတော် ဦးကုသလ
[သာသနဓဇဓမ္မာစရိယဘွဲ့] သိပ္ပံ (သတ္တဗေဒ) ဘွဲ့
အောင်မြင်ထားသောဆရာတော် ဖြစ်ပါသည်။

# ဆလုံတိုင်းရင်းသားတို့၏ လူမှုဆက်ဆံရေးဘဝမှတ်တမ်းအား ဖတ်ရှုခြင်း

ထွန်းဇော်ဌေး

"ပုလဲလေးတွေဆိုတာ ကမာကောင်ရဲ့မျက်ရည်ပဲ... ခင်"ဆိုတဲ့ သီချင်းလေး ကြားဖူးမှာပါ။ တကယ်တော့ ပုလဲလေးတွေဟာ ကမာကောင်ရဲ့မျက်ရည်သာမက မော်ကင်းခေါ် ဆလုံတို့ရဲ့ချွေးတွေ၊ သွေးတွေ၊ နှလုံးသားတွေ၊ ဘဝတွေလည်း ပါဝင်ခဲ့တယ်။ မြန်မာတွေက "ဆလုံ"လို့ ခေါ်ကြတယ်။ ထိုင်းလူမျိုးတွေကတော့ မော်ကင်း(Mawken) လို့ ခေါ်ကြတယ်။ မောရစ်ကောလစ်ကတော့ "ဆီလီတာ"လို့ သူ့ရဲ့ "ယိုးဒယားဝိုက်"စာအုပ်မှာ ရေးခဲ့ဖူးတယ်။ ၁၈၉၁ သန်းခေါင်စာရင်းမှာတော့ "ဆီလုန်လူမျိုး"လို့ ဆိုသတဲ့။ ဆလုံတွေကတော့ သူတို့ကိုသူတို့ "မွန်ခမ်း(Mokem)"လို့ပဲ ခေါ်ကြတာပါ။

အခုတော့...ဆလုံတို့ရဲ့ ဘဝအထွေထွေဟာ အဲဒီပုလဲတွေ၊ ကမာတွေရဲ့ဒဏ်ခတ်ခြင်းကိုတောင် ခံနေပြီလို့ ဆိုရလောက်အောင် ဘဝရှင်သန်မှု ခက်ခဲလာခဲ့ပါတယ်။ အထူးသဖြင့် ပုလဲမွေးမြူရေးနဲ့ ရေတပ်စခန်း တည်ဆောက်မှုတွေက သူတို့ဘဝ ရှင်သန်မှုကိုတောင် ခြိမ်းခြောက်ခြင်း ခံလာရတဲ့အခြေအနေမှာ ရှိနေခဲ့ပါတယ်။

တကယ်တော့ ဆလုံတို့ရဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းထဲမှာ ပုလဲငုပ်ခြင်း ငါးဖမ်းခြင်းလုပ်ငန်းဟာ အဓိက အသက်မွေးမှုလုပ်ငန်းပါ။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းကြရသူ မဟုတ်ခဲ့ပါဘူး။ နေရာဒေသကိုလည်း အတည်တကျ နေထိုင်ကြသူတွေ မဟုတ်ဘဲ ပင်လယ်ပြင်မှာ လှေကိုဖောင်ဖွဲ့ပြီး မိသားစုတွေ နေထိုင်ကြတာ။ မိုးရာသီလို ရာသီဥတု ဆိုးဝါးချိန်ကျမှ သောင်စပ်ကမ်းစပ်မှာခြေတန်ရှည်တဲ်ကြီးတွေဆောက်ပြီးနေကြတာ။ ကျန်အချိန်တွေမှာတော့ ပင်လယ်ပြင်တခွင် လှည့်လည်သွားလာနေထိုင်ကြတာ။ ဆလုံတို့ရဲ့ ထူးခြားချက်တစ်ခုကလည်း အခြားသောလူမျိုးတွေနဲ့ ရောနှောနေထိုင်လေ့ မရှိခြင်းပါပဲ။

ရေကူးရေငုတ် အထူးကျွမ်းကျင်သူတွေဖြစ်တယ်။ ဒါကြောင့်လည်း ဆလုံတွေကို ပင်လယ်ပျော်တွေ၊ ပင်လယ်ဂျစ်ပစီတွေလို့တင်စားခေါ်ခဲ့ကြတယ်။ သူတို့ကိုတွေ့ရှိနိုင်တာနဲ့

နေထိုင်ရာဒေသဟာကော့သောင်းခရိုင်နဲ့မြိတ်ခရိုင်တို့မှာရှိတဲ့ ကျွန်းတွေရဲ့အနီးတဝိုက်မှာပါ။ ကျွန်းတွေရဲ့ သောင်စပ်၊ ကမ်းစပ်တွေဟာ သူတို့နေထိုင်ရာ၊ ပျော်မွေ့ရာဒေသတွေပါ။ သူတို့ရဲ့ သက်မွေးဝမ်းကြောင်းမှာ ပင်လယ်ခရု၊ ကမာ (မုတ်ကောင်) ငါးကြီးအန်ဖတ်၊ ပင်လယ်ရေမှော်၊ ပုလဲ၊ ငှက်သိုက်ရှာခြင်း၊ ပျားရည်နဲ့ ပရဆေးပင်တို့ ရောင်းဝယ်ဖောက်ကားခြင်းပါပဲ။

သဘာဝပင်လယ်ပြင်မှာ သဘာဝအတိုင်း ရှာဖွေစားသောက်ကြရသူတွေဖြစ်တဲ့ ဆလုံတို့ ကျင်လည်ရာဒေသတွေမှာ ၁၉၉၀ နောက်ပိုင်းကစပြီး ပုလဲမွေးမြူရေး၊ ငှက်သိုက်လုပ်ငန်းနဲ့ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေကို ကုမ္ပဏီတွေ ဝင်ရောက်လုပ်ကိုင်ရာကစလို့ ဆလုံတို့အတွက် အသက်မွေးလုပ်ငန်းဟာ အလုပ်အကိုင်ရှားပါးခြင်းတွေနဲ့ ကြုံလာခဲ့ရ တယ်။ ပုလဲမွေးမြူရေးအတွက်ဆိုပြီး ၁၉၉၂ ခုနှစ်ထဲမှာ ဆလုံတွေဟာ ပုလဲကျွန်းကနေ မောင်းထုတ်ခြင်းခံခဲ့ရတယ်။ အိမ်တွေ၊ လှေတွေ၊ တဲတွေကိုပါ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရတယ်။ ပုလဲကျွန်း တရွာလုံး ပြာကျခဲ့တယ်လို့ဆိုတယ်။

အဲဒီနောက် "စကောကျွန်း" ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပြန်ပါတယ်။ ပုလဲလုပ်ငန်း တိုးချဲ့မှုကြောင့် စကောကျွန်းကိုလည်း ၁၉၉၄ ခုနှစ်ထဲမှာ အရင်ကနည်းတူ ထပ်မံပြီး နှင်ထုတ်ခြင်း မီးရှို့ဖျက်ဆီးခြင်းတွေ ခံကြရပြန်ပါတယ်။ ဒီလိုနဲ့ ဆလုံတို့ဟာ စကောကျွန်းကိုပါ လက်လွှတ် ထွက်ပြေးကြရပြန်ပါတယ်။ အချို့ကတော့ ကော့သောင်းကနေ ထိုင်းနိုင်ငံဘက်ထွက်ပြေးကြတယ်လို့သိရတယ်။အချို့ကတော့ လငန်းကျွန်း၊ စောမွန်လုကျွန်း၊ နိုင်းအောင်ကျွန်းတို့မှာ ခိုလှုံနေကြတယ်။ လငန်းကျွန်းဟာ ဆလုံတို့ရဲ့ နောက်ဆုံးခံတပ်လို့တောင် ဆိုကြတယ်။

၁၉၉၆ ခုနှစ်ကတော့ ရန်ကုန်တက္ကသိုလ်က မနဿဗေဒ ပါမောက္ခ ဒေါ်တင်ရီနဲ့အဖွဲ့ဟာ ဇာဒက်ကြီးကျွန်းတဝိုက်မှာရှိတဲ့ ဆလုံတို့ကို လေ့လာရေး ဆင်းခဲ့ကြပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး "ဆလုံတိုင်းရင်းသားများ၏ လူမှုဆက်ဆံရေး ဘဝ" ဆိုပြီးလေ့လာရေးမှတ်တမ်းတစောင်ထုတ်ဝေခဲ့ပါတယ်။ ဇာဒက်ကြီးကျွန်းအနီးက ပလောကာလိုကျွန်းနဲ့ တစပ်တည်းရှိတဲ့ စိန့်ပေါ်ကျွန်းပေါ်မှာတော့ တာပူးရွာနဲ့ တာပေါ်ရွာဆိုတဲ့ ဆလုံရွာဟောင်းတွေကို တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။ ဇာဒက်ကြီး ကျွန်းပေါ်မှာတော့ ဆလုံရွာ ၂ ရွာရှိတယ်လို့ သိရတယ်။ တလွန်းဆလုံရွာနဲ့ ကော့ညှာဆလုံရွာ လို့ခေါ်တဲ့ ရွာတွေပေါ့။

တလွန်းဆလုံ ရွာကတော့ ဇာဒက်ကြီးကျွန်းရဲ့ အနောက်မြောက်ဖက်မှာရှိလေရဲ့။ပထဝီဝင်သတ်မှတ်ချက်အရ ဆိုရင် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီနဲ့ ၀၁.၆ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီနဲ့ ၁၂ မိနစ်အတွင်းမှာ ရှိတယ်။ ရေတပ်စခန်းမဖွင့်မီကဆိုရင် ဆလုံလှေအုပ်စုတွေ ဝင်ထွက်သွားလာနားခိုရာဖြစ်ခဲ့တယ်။ ဆလုံလှေအုပ်စု ၃ စု နားခိုရာပါ။ သုံးစုဆိုပေမယ့် အုပ်စုတစုမှာ လှေအစီး ၁၀ စီးကနေ ၁၅ စီးအထိ ရှိတယ်ဆိုတော့လှေအစီးပေါင်းအနည်းဆုံး၄၅စီးရှိနေတာပေါ့။ မိသားစုလိုက်ဆိုတော့ လူဦးရေ ၁၀၀ ကျော်လောက် ရှိနိုင်တယ်။

ကော့ညှောဆလုံရွာကတော့တလွန်းရွာနဲ့တမိုင်နီးပါး ဝေးတယ်။ ဇာဒက်ကြီးကျွန်းပေါ်မှာပဲရှိတာပါ။ အတွင်းဘက်နည်းနည်းကျတယ်။ သူကတော့ ပင်လယ်ဝကို ဝင်ရောက်လာတဲ့ လှေအုပ်စုတွေ နားခိုရာဖြစ်ခဲ့တာ။ လှေအစုအတော်များများ နားခိုကြတာ။ ၁၉၉၆ ခုနှစ်စာရင်းအရ တလွန်းရွာမှာ အိမ်ခြေ၉၈ အိမ်နဲ့ လူဦးရေ၅၀၅ ယောက်ရှိပြီး ကော့ညှာရွာမှာတော့ အိမ်ထောင်စု (၄၀) နဲ့ လူဦးရေ ၁၅၃ ယောက်ရှိတယ်လို့ မနဿဗေဒ လေ့လာသူဆရာမ ဒေါ်တင်ရီနဲ့အဖွဲ့က မှတ်တမ်းပြုခဲ့တယ်။

စာအုပ်ကိုတော့အပိုင်း(၇) ပိုင်းခွဲတင်ပြထားတယ်။ အခန်း (၁)မှာတော့ ဆလုံတိုင်းရင်းသားတို့၏ နေထိုင်ရာဒေသနှင့် ပင်ကိုသဘာဝအကြောင်း တင်ပြထားတယ်။ တနင်္သာရီတိုင်းမှာ ခရိုင်သုံးခုရှိတဲ့အနက် မြိတ်ခရိုင်နဲ့ ကော့သောင်းခရိုင်တို့မှာရှိတဲ့ ကျွန်းများပေါ်မှာ နေထိုင်ကြကြောင်း ရေးထားတယ်။ ဆလုံတို့ရဲ့ ရုပ်လက္ခဏာကိုတော့ "အများအားဖြင့် နဖူးမကျဉ်းအကျယ်ရှိသည်။ မျက်ခုံးကောင်းသည်။ မျက်ရစ်ပေါ်ပြီး မျက်ဆံညိုသည်။ နှာခေါင်းအနည်း ငယ်ပြားသည်။ နှုတ်ခမ်းအနည်းငယ်ထူသည်။ မေးရိုးကားသည်။ နားရွက်မှာ အနေတော်မျှလောက်သာရှိသည်။ဆံပင်သည်အမဲရောင်ရှိသော်လည်းဆားငံရေကြောင့် နီကြောင်ကြောင် ဖြစ်နေသည်။ မွေးစတွင် အသားအရည်

ဖြူသော်လည်း နေဒဏ် ဆားငံရေဒဏ်တို့ကြောင့် ခြောက်သွေ့ညှိုးနွမ်းမဲနက်နေသည်။ ခန္ဓာကိုယ်မှာသေးငယ်ကြုံလှီပြီး အရပ်ပုသည်" လို့ ဖော်ပြထားပါတယ်။ ဒါဟာ ဆလုံတို့ရဲ့ သွင်ပြင်လက္ခဏာရပ်ပါ။

အခန်း (၂)မှာတော့ ဆလုံတို့ရဲ့ သမိုင်းကြောင်းကို ဖော်ပြထားတယ်။ ဆလုံတို့ရဲ့ဆင်းသက်ရာသမိုင်းကြောင်းနဲ့ ပတ်သက်ပြီး ပညာရှင်တွေ နှစ်မျိုးကွဲပြားနေကြတယ်။ အချို့ပညာရှင်တွေက မလေးလူမျိုးတို့ရဲ့ အဆက်အနွယ်လို့ ယူဆသလို အချို့ကတော့ မွန်-ခမာ အဆက်အနွယ်လို့ ဆိုကြတယ်။ ဒီစာအုပ်မှာတော့ မနုဿဗေဒ ပါမောက္ခ ဒေါ်တင်ရီနဲ့အဖွဲ့ကတော့ "ထို့ကြောင့် ဤစာအုပ်တွင် မနုဿဗေဒနည်းသီအိုရီများအရ ဆလုံတို့၏သမိုင်းကြောင်းကို လေ့လာရာတွင် ပုံပြင်ဒဏ္ဍာရီများကို အခြေခံ၍ မှတ်တမ်းမှတ်ရာ အထောက်အထားများနှင့် ဘာသာစကားများကိုပါ ယှဉ်တွဲလေ့လာ ဖော်ထုတ်ထားပါသည်" ဟု ဖော်ပြပြီး အဆုံးသတ်တွင် "ဆလုံများသည်မွန်တို့၏ဒေသမှာမွန်-ခမာ တိုင်းရင်းသားများဖြစ်သည်" ဟူသော အယူအဆ မှန်ကန်ကြောင်း ကောက်ချက်ချခဲ့တာကို တွေ့ရပါတယ်။

အခန်း (၃)ကတော့ ဆလုံတို့ရဲ့ လူမှုရေးဖွဲ့စည်းပုံတွေကို ဖော်ပြထားတာပါ။ အခန်း (၄) မှာတော့ ဆလုံတို့ရဲ့ ကိုးကွယ်ယုံကြည်မှုကို ဖော်ပြထားတာပါ။ အထူးသဖြင့် ဆလုံတို့ရဲ့နတ်ကိုးကွယ်မှုဆိုင်ရာဓလေ့ကိုတင်ပြထားတယ်။ ဒါ့အပြင် ဆလုံတို့ရဲ့ ဘိုးဘွားဝိညာဉ်ကိုးကွယ်ခြင်းကိုလည်း ဖော်ပြထားတယ်။ ဘိုးဘွားမိဘတို့ဟာ တမလွန်ဘဝကနေ သားမြေးတွေကို စောင့်ရှောက်တယ်လို့ ယူဆကြတယ်။ ဘိုးဘွားမိဘကန်တော့ပွဲကိုတော့ ဧပြီ လပြည့်ညမှာ တနှစ် တကြိမ် ကန်တော့ကြတယ်လို့ ဖော်ပြထားတယ်။

ဆလုံတို့ဟာ "စုန်း" ပြုစားခြင်းကိုလည်း ယုံကြည်လက်ခံကြတယ်။ ဒါ့အပြင်ဆလုံတို့ဟာတမလွန်ဘဝကိုလည်း ယုံကြည်ကြတယ်။ သေလွန်သူရဲ့ အသုံးအဆောင်တွေကို တမလွန်ဘဝကောင်းစားရေးအတွက်ထည့်သွင်းသဂြိုဟ်ပေးလေ့ရှိတယ်။ ဆလုံတို့ဟာတေးဂီတအဖြစ်ဝါးပုလွေနဲ့ ဗုံတို့ကို အသုံးပြုလေ့ရှိကြောင်းတို့ကိုလည်း ဖော်ပြထားတာကို တွေ့ရတယ်။

အခန်း (၅)မှာတော့ ဆလုံတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ရေးထားပါတယ်။ ဆလုံစီးပွားရေးလုပ်ငန်းအနေနဲ့ ပင်လယ်မျှော့ဖမ်းခြင်း၊ ငါးဖမ်းခြင်း၊ ခရင်းခွာခြင်း၊ ခရုခွာခြင်း၊ ငှက်သိုက်ရှာဖွေခြင်း၊ အမဲလိုက်ခြင်းတို့ကိုဖော်ပြထားတယ်။ ဒါပေမယ့် ဆလုံတို့ရဲ့ မူရင်းအလုပ်လည်းဖြစ်၊ အားလုံးက အသိအမှတ်ပြုထားတဲ့ ပုလဲငုပ်ခြင်းလုပ်ငန်းကိုတော့ ထည့်သွင်းထားတာမတွေ့ရပါဘူး။ ဆရာမကြီးတို့ရဲ့လေ့လာမှုနယ်နဲ့ မဆိုင်လို့လား၊ အခြားအကြောင်းချက်ရှိလေသလောမဆိုနိုင်။ အခန်း (၅) စီးပွားရေးအခန်းမှာတော့ မပါရှိတာကို ထူးထူးခြားခြား တွေ့လိုက်ရတယ်။

အခန်း (၆)ကတော့ ဆလုံတို့ရဲ့ အခြားသော လူမှုရေးကိစ္စရပ်များကို ဖော်ပြထားပါတယ်။ ဆလုံတို့ မကျန်းမမာဖြစ်ရင် ဆေးကုသပုံ၊ အသုဘအခမ်းအနားကျင်းပပုံ၊ သေခြင်းနဲ့ တမလွန်ဘဝ ယုံကြည်မှုတွေအကြောင်း၊ ဆလုံတိုင်းရင်းသားတို့ရဲ့ အုပ်ချုပ်ပုံစနစ်၊ ရှေးအကျဆုံးဆလုံတို့ရဲ့ အုပ်ချုပ်ရေး၊ ဒီနေ့ခေတ်အုပ်ချုပ်ရေး၊ ဆလုံတို့ရဲ့တရားစီရင်ပုံ စီရင်နည်းအပါအဝင် ဆလုံပညာရေးတို့ကိုလည်း ပြည့်စုံစွာ တင်ပြထားပါတယ်။

နောက်ဆုံးဖြစ်တဲ့အခန်း(၇)မှာတော့ဒီစာအုပ်အတွက် တွေ့ဆုံမေးမြန်းသူတို့ရဲ့စာရင်းကို ဖော်ပြထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆလုံလူမျိုးစုတို့အတွက် ရှားပါးမှတ်တမ်း တခုဖြစ်ခဲ့တာမို့ မနုဿဗေဒလေ့လာမှုအတွက် အထောက်အကူပြုတဲ့မှတ်တမ်းတစ်ခုဖြစ်ခဲ့ပါတယ်။ ဆလုံလူမျိုးစု ဆက်လက်ရှင်သန်ရေးအတွက်လည်း အထောက်အကူဖြစ်စေခဲ့ပါတယ်။ ရှေ့ဆက်ပြီး ဘယ်လို စောင့်ရှောက်ထိန်းသိမ်းကြမလဲဆိုတဲ့အပိုင်းကတော့ နိုင်ငံတော်ရဲ့အခန်းကဏ္ဍပဲ ဖြစ်မှာပါ။ ဆလုံလူမျိုးစု မပျောက်ကွယ်ရေးမှာ သဘာဝဘေးအန္တရာယ်သာမက လူတို့ကြောင့် ကျရောက်လာမယ့် အန္တရာယ်ကိုလည်း အကာအကွယ်ပေးကြရမှာပါ။

၁၉၉၈ ခုနှစ်ကတော့ ဇာဒက်ကြီးကျွန်းနဲ့ အနီးဆုံးမှာရှိတဲ့ ခရစ်စတီးကျွန်း (Cristie Island)ပေါ်မှာရှိတဲ့ ဆလုံတွေ ၆၀ နီးပါးအသတ်ခံခဲ့ရတယ်လို့ ဘီဘီစီ မြန်မာပိုင်း အစီအစဉ်မှာ ဗိုလ်မှူးဟောင်းအောင်လင်းထွတ်နဲ့အင်တာဗျူးကို အသံလွှင့်ပြောကြားခဲ့တာကို ကြားဖူးခဲ့ပါတယ်။ ဒါဟာ လူတို့ကြောင့် ကျရောက်လာတဲ့ ဘေးအန္တရာယ်တစ်ခုပါပဲ။ ဒီအခြေအနေတွေကြောင့် ဆရာမကြီး ဒေါ်တင်ရီတို့ရဲ့နောက်

ဆုံးတွေ့ရှိတဲ့လူဦးရေထက် လျော့နည်းသွားနိုင်ချေလည်း ရှိနေနိုင်ပါတယ်။

၂၀၁၉ခုနှစ်ကောက်ယူစာရင်းအရဇာဒက်ကြီးကျွန်းမှာ ဆလုံ ၄၇၆ ဦးရေပဲရှိတယ်လို့ ဆိုပါတယ်။ စုစုပေါင်း တနိုင်ငံလုံးမှာရှိတဲ့ ဆလုံဦးရေဟာ ဂျလန်းကျွန်းမှာ ၁၃၂ ယောက်၊ ညောင်ဝီးကျွန်းမှာ ၁၂၈ ယောက်၊ မကြံုဂလက်မှာ ၂၈၈ ယောက်၊ ကံမော်ကြီးကျွန်းမှာ ၃၈ ယောက်၊ အလယ်မန်ကျွန်းမှာ ၄၅ ယောက်နဲ့ ဆလုံဗမာ ၁၈ ယောက်၊ လင်န်းကျွန်းမှာ၂၁၈ယောက်နဲ့ဆလုံဗမာ၄၄ယောက်၊ဒုံးညောင်မှိုင်မှာ ၈၉ ယောက်၊ ဒုံးပလဲအော်မှာ ၁၅၀၊ ပရောဝါးမှာ ၈၅ ယောက်၊ စုစုပေါင်း ၁၇၁၃ ယောက်ပဲ ကျန်တော့တယ်လို့ဆိုပါတယ်။ ဒီစာရင်းမှာ ဆလုံဗမာ ၆၂ ယောက်ပါဝင်တယ်။ အဲဒီ ၆၂ ယောက်နုတ်လိုက်ရင် ဆလုံစစ်စစ်ဟာ ၁၆၅၁ ယောက်ပဲ ရှိပါတော့တယ်။

၁၉၇၈ စာရင်းအရ ဆလုံလူမျိုးဦးရေ ၁၇၀၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ နှစ်ပေါင်း ၄၀ ကျော်အတွင်းမှာ သေဆုံးပျောက်ကွယ်ပြောင်းရွှေ့နဲ့ဆလုံဦးရေ၁၅၀၀၀ကျော် ဆုံးရှုံးခဲ့ရပါတယ်။ တစ်နှစ်ကို ၄၀၀ နီးပါး ပျောက်ကွယ် နေခြင်းကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်ကို စောင့်ကြည့်ရရုံနဲ့ မလုံလောက်တော့ပဲမျိုးသုဉ်းပျောက်ကွယ်မသွားရေးအတွက် လုံလောက်သော အကာအကွယ် ပြုလုပ်ပေးကြဖို့ လိုနေပါတယ်။ လုံလောက်တဲ့အကာအကွယ်ပေးမှုဆိုရာမှာလည်း ဆလုံလို ရေငုတ်ကျွမ်းကျင်တဲ့ ပင်လယ်ပျော်တွေအတွက် သက်ကယ်အကျီ ပေးလှူတာမျိုးမဟုတ်ဘဲ ဥပဒေတရပ်နဲ့ ထိထိရောက်ရောက် ကာကွယ်ပေးဖို့ လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

**ထွန်းဇော်ဌေး**



F - 9A



မိသားတစု၊ ဘဝတခု၊ လှေတစင်း

# ဆလုံတိုင်းရင်းသားမိဘများ၏ သားသမီးများ

## အုပ်ထိန်းမှုဓလေ့ထုံးစံများကို လေ့လာတင်ပြခြင်း ပညာရေးဘွဲ့စာတမ်းငယ်အား လေ့လာခြင်း

**နိုင်စိုး**

မိမိကိုယ်ကို မော်ကင်းအဖြစ် ခေါ်ဝေါ်ရပ်တည် ရှင်သန်နေကြသော မြန်မာအခေါ် ဆလုံလူမျိုးစုတို့သည် မြန်မာပြည်တောင်ပိုင်းအစွန်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ခရိုင်တစ်ဝိုက်ရှိဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်၊ ကျွန်းစုမြို့နယ်ရှိကျွန်းများ လှည့်လည်နေထိုင်ကာ ပင်လယ်ပြင်တလျှောက် ကူးသန်းသွားလာနေသော ဗမာလူမျိုးအုပ်စု အမည်ခံလူမျိုးစုများဖြစ်သည့် လေ့လာသူအနေဖြင့် မော်ကင်းအမည်ကိုသာသုံးစွဲသွားပါမည်။ ထိုလူမျိုးစုများ၏အကြောင်းကို ၁၉၈၀ အောက်တိုဘာလ၌ မအေးအေးသော်၊ ခုံအမှတ် ၃၂၄ မှ ပညာရေးဘွဲ့ယူစာတမ်းငယ်အဖြစ် တင်သွင်းခဲ့သည်။ ထိုမော်ကင်းခေါ်ဆလုံတိုင်းရင်းသားမိဘများ၏သားသမီးများကို အုပ်ထိန်းမှုဓလေ့ထုံးစံများ လေ့လာတင်ပြခြင်း ပညာရေးဘွဲ့ယူစာတမ်းငယ်ကို အခန်း (၃) ခန်းခွဲကာ တင်ပြထားပါသည်။

အခန်း (၁) တွင် နိဒါန်းဖြင့် အစပျိုးကာ စာတမ်းငယ်ပြုစုရခြင်း၏ ရည်ရွယ်ချက်၊ သုတေသနပြုမည့် နယ်ပယ်ဧရိယာ၊ သုတေသနပြုစုရခြင်း၏ အကြောင်းရင်းပြဿနာ၊ သုတေသနနည်းလမ်းများ စသည့် သုတေသနဆိုင်ရာ



သူတို့ဘဝ၊ ပျော်ရွှင်ကြ

လုပ်ထုံးလုပ်နည်း အခြေခံသဘောတရားများကို တင်ပြထားပါသည်။ ရည်ရွယ်ချက်အရ ဆလုံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ သိရှိလက်ကမ်းပေးနိုင်ရန်၊ မြန်မာတိုင်းရင်းသားတိုင်း ဖတ်ရှုလေ့လာသိရှိစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်မြင့်မားလာစေရန် မှတ်တမ်းအဖြစ် တည်ရှိစေခြင်းအလို့ငှာ တင်ပြထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သုတေသနပြုရခြင်း၏အကြောင်းရင်းခံမှာနောင်တချိန်တွင် ဆလုံတိုင်းရင်းသားများ ပျောက်ကွယ်သွားခြင်း မရှိရလေအောင် ဆလုံလူမျိုးမိဘများမှ သားသမီးများ အုပ်ထိန်းမှုဓလေ့ထုံးစံများ ဆက်လက်တည်တံ့စေရန် ပြုစုရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြထားပါသည်။

မြိတ်ဇာတိသုတေသီတစ်ဦး အနေဖြင့် ယင်းစာတမ်းငယ်ကို လက်လှမ်းမီသမျှ စာပေအထောက်အထားနှင့် မိမိလေ့လာမည့် လူမျိုးစုတို့ နေထိုင်ရာကျွန်းစုများသို့ ကိုယ်တိုင်သွားရောက်ကွင်းဆင်းရန်မလွယ်ကူသဖြင့်မြိတ်မြို့ပေါ်ရှိ ဆိပ်ငယ်ရပ်ကွက်၊ ဆလုံကုန်းရှိ ဆလုံမျိုးနွယ်စုများနှင့် မြိတ်မြို့သို့ စားနပ်ရိက္ခာဝယ်ယူရန် လာရောက်ကြသော ဆလုံလူမျိုးများကို ကြုံရာဆုံရာ တွေ့သမျှ မေးမြန်းကာ တင်ပြထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခန်း(၂)တွေ့ရှိချက်များကိုတင်ပြခြင်း(Findings)

ကဏ္ဍတွင် (က) မြိတ်မြို့နယ်၏ ပထဝီအနေအထား (ခ) လူမျိုးနှင့် ဘာသာစကား (ဂ) လူမှုရေး (ဃ) အထွေထွေဖြင့် ကဏ္ဍငယ်များ ခွဲခြားတင်ပြထားပါသည် ထိုကဏ္ဍငယ် များမှ



နေအိမ်အောက်မှ သနားစရာကလေးငယ်များ

(ခ) လူမျိုးနှင့် ဘာသာစကားတွင် လူမျိုးအမည်ခေါင်းစဉ်ခွဲဖြင့် မော်ကင်းလူမျိုးများအခေါ်အဝေါ်ကို မြန်မာနှင့် မွန်တို့ ပြောဆိုသုံးနှုန်းသောဆီလုံး(Selone)၊ဆီလောင်း(Selong) နှင့်ဆလုံ(Selen)စသည့်အသံထွက်အမျိုးမျိုးခေါ်ဝေါ်သည်ကို ယေဘုယျရှင်းလင်းတင်ပြထားပြီးမလေးအခေါ်အိုရန်ဘက်စင်၊ ထိုင်းအခေါ် ချော်နန်စသော အခေါ်အဝေါ်များ တင်ပြထား ပါသည်။ လူမျိုးဆင်းသက်လာပုံနှင့် မြန်မာနိုင်ငံတွင်း ဝင်ရောက်နေထိုင်ပုံ အခန်းငယ်တွင် မော်ကင်းလူမျိုးတို့ ဆင်းသက်လာပုံ ဝိဝါဒအယူအဆကွဲပြားပုံများနှင့် မော်ကင်းသားနေ့၊ စာပေများကို တင်ပြထားပါသည်။

အခန်း(၂)တွေ့ရှိချက်များ တင်ပြရာတွင် တည် နေရာနှင့် အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ လူဦးရေနှင့် လူမျိုးများ၊ မြေဆီလွှာနှင့် သဘာဝ ပေါက်ပင်၊လူမျိုးအမည်။လူမျိုးများ၏နောက်ခံသမိုင်းကြောင်း စသော အခန်းကဏ္ဍငယ်များကို စာပေအကိုးအကားများနှင့် ဖော်ပြပြီး ထိုအကြောင်းအရာတို့၏စာပိုဒ်ဝါကျအဆုံးသတ်၌ ဆလုံသားသမီးများအားမိဘများမှပြောပြ၊အသိပေးကြောင်း အဆုံးသတ်ထားသည်ကိုလေ့လာတွေ့ရှိရပါသည်။ ပညာရေး


သံတချောင်း၊ သွပ်တစ၊ ကြေးတတုံးမပါဘဲ ဆောက်တဲ့လှေ

ဘာသာစကား ၄ မျိုးအကြောင်းကို တင်ပြထားပါသည်။

(ဂ) လူမျိုးရေးကဏ္ဍတွင်မိသားစုဆွေမျိုးတော်စပ်ပုံ၊ မော်ကင်းဘာသာစကားဖြင့် မိသားစုအခေါ်အဝေါ်များ၊ အမွေဆက်ခံခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းနှင့် ချီပိုး ထိန်းသိမ်းမှု၊ ကင်ပွန်းတပ်ခြင်း၊ အမည်ပေးခြင်းနှင့် နားထွင်း ခြင်း၊ ကလေးငယ်ဘဝနှင့် ပညာရေး၊ သူငယ်ချင်းမိတ်ဖွဲ့ခြင်း၊ အပျိုလူပျိုဘဝ ပိုးပန်းခြင်း၊ စေ့စပ်ကြောင်းလမ်းခြင်း၊ လက် ထပ်ထိမ်းမြားခြင်း၊ အိမ်ထောင်မှုစနစ်၊ ကွာရှင်းခြင်း၊ အိုးအိမ် ထူထောင်ခြင်း၊ အသုဘအခမ်းအနား စသောလူမျိုးစု လေ့လာမှုတွင် မပါမဖြစ်သော အခြေစိုက်ကဏ္ဍငယ်များကို တင်ပြထားပါသည်။ (ဃ) အထွေထွေကဏ္ဍတွင် စီးပွားရေး၊ ယောက်ျားသားနှင့်လှေဆောက်ခြင်းအတတ်၊ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု၊ ဆောင်ရန်နှင့် ရှောင်ရန်အချက်များ ဂီတနှင့် အကပဒေသာ၊ ရုပ်သွင်နှင့် ကိုယ်ရည်ကိုယ်သွေး၊ ဝတ်စားဆင်ယင်မှု၊ အစားအသောက်၊ ပွဲတော်များ၊ အမျိုး ကဏ္ဍတွင် မော်ကင်းတို့၏ စာပေသင်ကြားခြင်းမှာ ရာခိုင်နှုန်း ၁% မျှသာ စာပေတတ်မြောက်ကြောင်း သုံးသပ်ပြထားသည်။ မော်ကင်းတို့၏ ကိုယ်ပိုင်စာပေမှာ တိမ်မြုပ်နေပြီး ယခုအချိန် အခါတွင် မြန်မာယဉ်ကျေးမှုအကြောင်းအရာ၊ လွှမ်းမိုးထား သော ဆလုံဘာသာစကားသင်ရိုးကို တနင်္သာရီတိုင်း ဒေသကြီးအစိုးရမှ အတည်ပြုကြိုးစားနေပြီး ပြည်ထောင်စု တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ အသိ အမှတ်ပြုမှုကို စောင့်ဆိုင်းနေကြသည့်သတင်းကို ထပ် လောင်းဖြည့်စွက်အပ်ပါသည်။

အခန်း(၃)တွင် နိဂုံးနှင့် အကြံပေးချက်နှင့်အတူ ကျမ်းကိုးစာရင်းနှင့် တွေ့ဆုံမေးမြန်းသူများစာရင်းကို တင်ပြ ထားပါသည်။စာတမ်းငယ်အန်း(၃)ကဏ္ဍတွင်စာတမ်းပြုစုသူမှ မိမိဇာတိမြေဖြစ်သည့် မြိတ်မြို့ရှိ တိုင်းရင်းသားနွယ်ဝင် ဆလုံအမျိုးသားများ တစ်နှစ်ထက်တစ်နှစ် လူဦးရေ နည်းပါး လာသည်ကိုသတိမူမိ၍ဤစာတမ်းကိုမဖြစ်ဖြစ်သည့်နည်းဖြင့်



ညနေအလုပ်သိမ်းချိန် ကာဘန်းခေါ်
လှေငယ်ကလေးများတစုတဝေး



လုပ်ငန်းခွင်သွားအဖေနှင့် ကလေးများ

ပြုစုထားခြင်းဖြစ်ကြောင်း စာတမ်းရှင်၏စေတနာကို မြင်တွေ့ရပါသည်။ ၎င်းအပြင် စာတမ်းရှင်မှ ဆလုံလူမျိုးစုတို့အကြောင်း ပိုမိုနားလည်ရန် လိုအပ်ကြောင်း၊ ရှေ့ဆက်သုတေသနပြုရန်အတွက် အထောက်အပံ့ဖြစ်ရန် ပြုစုထားကြောင်း တိုက်တွန်းထားပါသည်။

အကြံပြုချက်အနေဖြင့် စာပေနှင့်ယဉ်ကျေးမှုသည် လူမျိုးတမျိုး၏ အခြေခံအုတ်မြစ်ဖြစ်ရာ လူမျိုးတမျိုးပျောက်ကွယ် မတိမ်ကောအောင် စာပေ၊ ယဉ်ကျေးမှုနှင့် လူမှုရေးကိစ္စများထိန်းသိမ်းသင့်ကြောင်းအကြံပြုဆွေးနွေးထားပါသည်။ ၎င်းအပြင် ဆလုံလှေကာဘန်းများတွင် စက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုသင့်ကာ ရေငုပ်ဝတ်စုံများအသုံးပြုတတ်အောင် ထပ်မံ ဆွေးနွေးအကြံပြုထားပါသည်။ ထိုစာတမ်းတွင် ဓာတ်ပုံ (၁၂)ပုံနှင့် မြေပုံ (၁) ခု ထည့်သွင်းတင်ပြထားပါသည်။

စာတမ်းငယ်ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ဖော်ပြပြီးနောက် လက်ရှိမော်ကင်းလူမျိုးစုအကြောင်း၊ လူမျိုးဆင်းသက်လာပုံကို ဓာတ်ပုံများနှင့် တွေ့ဆုံမေးမြန်းသူများ၏ ပြောစကားမှ အကြောင်းအရာများကို ဆက်လက်သုံးသပ်နိုင်းယှဉ်ရမည်ဆိုလျှင် အခန်း (၂)၊ (ခ) လူမျိုးနှင့် ဘာသာစကားကဏ္ဍ (၃) လူမျိုးများ ဆင်းသက်လာပုံနှင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်နေထိုင်ပုံ၊မော်ကင်းလူမျိုးစုတို့၏ အမျိုးအနွယ်မူလဇစ်မြစ်ယူဆချက်ဝိဒါ၄မျိုး၏အကြောင်းကို ကျော်စိုး (စိတ်ပညာ ရေးသားထားသော ဆလုံရိုးရာ-ဆလုံစရိုက် (၁၉၆၈) ၏တင်ပြသုံးသပ်ချက်ကိုကိုးကားထားပြီး မည်သည့်မျိုးနွယ်ဝင်ဖြစ်ကြောင်း တိကျခိုင်လုံစွာ မသိရှိရပါ။ ယူဆချက် သဘောတရားများမှာ ဘာသာစကားနှင့် သမိုင်းကြောင်းအရ ခွဲခြားယူဆကြောင်း သိရပါသည်။ ဘာသာစကားအရဩစတြိုနီးရှင်းစကားပြောအုပ်စုဝင်မလေးအနွယ် ယူဆချက်၊ ဩစတြိုအေးရှင်းတစ် ဘာသာစကားပြောအုပ်စုဝင် ယူဆချက်၊ ပသျှူးလူမျိုးသုံးဘာသာစကားတူညီမှုနှင့် လူမျိုးချင်း ဆက်နွယ်မှုယူဆချက်နှင့် သမိုင်းကြောင်းအခြေပြု ကုန်းဘောင်ခေတ်မှ မြန်မာပြည်တောင်ပိုင်းသို့ ထွက်ပြေးပြောင်းရွှေ့လာသော မွန်လူမျိုးများနှင့် ကသည်းလူမျိုးတို့ဆင်းသက်ပေါက်ဖွားလာသည့်ယူဆချက်များဖြစ်ပါသည်။

ထိုယူဆချက်များကို ၁၉၉၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မနုဿဗေဒဌာနပါမောက္ခဒေါ်တင်ရီနှင့်အဖွဲ့သည် စစ်မဟာဗျူဟာ လေ့လာရေးရုံး၏ တိုက်တွန်းချက်အရ

ဆလုံလူမျိုးလေ့လာရေး မနုဿဗေဒကွင်းဆင်းသုတေသန လုပ်ငန်းကို စတင်ခဲ့ပြီး "ဆလုံတိုင်းရင်းသားများ၏ လူမှုဆက်ဆံရေးဘဝ" စာအုပ်ကိုထုတ်ဝေခဲ့သည်။ ထိုစာအုပ် တွင် ဆလုံများသည် မြန်မာနိုင်ငံအတွင်း ပေါက်ဖွားခဲ့သည့် ဩစတြေးလျှအေးရှားတစ်အနွယ် မွန် - ခမာစုအနွယ်ကွဲများမှ တိုင်းရင်းသား တစ်မျိုးမဟုတ် တစ်မျိုးနှင့် ဆက်နွယ်နေသည့် မွန် - ခမာမျိုးဆက်ဖြစ်ကြောင်း ယူဆ ကောက်ချက်ချခဲ့ပါသည်။

ယင်းလေ့လာရေးမတိုင်မီကာလတွင် မော်ကင်းလူမျိုးစုများ နေထိုင်ရာ ပင်ရင်းကျွန်းမှ ရွှေ့ပြောင်းခံရခြင်း၊ ဆလုံဗမာအုပ်စုဝင်အသိအမှတ်ပြုခြင်းကဏ္ဍတစ်ခုအနေဖြင့် ဆလုံစုစည်းကျေးရွာများနှင့်တောင်တန်းသာသနာပြုမှုအဖြစ် မော်ကင်းများ ဗုဒ္ဓဘာသာဝင်အဖြစ် ရဟန်းခံရှင်ပြုခြင်း လုပ်ငန်းများကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏လမ်းညွှန်ချက်အရ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (မြိတ်)တို့မှ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ မြို့ပေါ်ရှိ မြိတ်ဆလုံကုန်း၊ ကော့သောင်းမြို့ရှိ ကမ်းနားနေ ဆလုံများ ရွှေ့ပြောင်းနှင့်ပြီးဖြစ်သည်။



သူတို့ကိုးကွယ်ရာနတ်ရုပ်တု

နောက်ပိုင်း ၁၉၉၆ တွင် မော်ကင်းလူမျိုးစုများမှာ တိုင်းရင်းသား ၁၃၅ မျိုးစာရင်းမှ ဗမာတိုင်းရင်းသားအနွယ်ဝင် ဆလုံလူမျိုးများ ဖြစ်လာခဲ့သည်။

တွေ့ဆုံမေးမြန်းသူများ၏ ဖော်ပြချက်အရ ဆလုံအမျိုးသားကြည်တိန်းမှ မော်ကင်းဘာသာစကား ဆွေမျိုးတော်စပ်မှု အခေါ်အဝေါ် (၂၆)လုံးကို ဖြေဆိုထားပြီး၊ ဆလုံအမျိုးသမီး မနီမှ အချို့မော်ကင်းတို့သည် ကလေးကင်ပွန်းတပ်လေ့ မရှိပေမဲ့ အချို့မှာ ကလေးမွေးဖွားပြီး နှစ်နှစ်အတွင်း ဆလုံအမျိုးသား အမျိုးသမီး အကြီးအငယ် တစ်ရာခန့်ကို ဖိတ်ခေါ်၍ ကလေးအတွက် မော်ကင်းဘာသာစကား ၄ မျိုးမှ (မည်သည့်ဘာသာစကားမှန်း မသိရ) ဖြင့် ဆုတောင်းမေတ္တာ ပို့ကြပြီး အရက်နှင့် မုန့်တမျိုးမျိုး ကျွေးမွေးဧည့်ခံလေ့ရှိသည်။ မော်ကင်းနတ်ဆရာတို့မှ အမည်ပေး ကင်ပွန်းတပ်ခြင်းကို ဆောင်ရွက်ပေးပါသည်" ဟု ထွက်ဆိုပြထားပါသည်။

ဆလုံအကြီးအကဲ ဖွားထူး၏ ပြောပြချက်မှာ "စေ့စပ်ပွဲအခမ်းအနားသို့သတို့သားလောင်းတက်ရောက်လေ့မရှိပါ။ အပျို လူပျို စုံမက်၍ ခိုးပြေးမှုမျိုးကို လက်မခံသည့်သဘောဖြင့် လျစ်လျူရှုထားတတ်ပါသည်။"

"ကွာရှင်းမှုများတွင်လည်း နတ်ဆရာမှ ကွမ်းရွက်တစ်ရွက်ဖြင့်တစ်ယောက်တခြမ်းစီခွဲပေးခြင်းဖြင့်အထမြောက်ကြောင်း" ဆာမဲမှ ပြောဆိုထားပါသည်။ ဆလုံအမျိုးသားနတ်ဆရာ မူဆိတ်မှ မြေမြှုပ်သင်္ဂြိုဟ်ဓလေ့အကြောင်းပြောပြထားပါသည်။ ဤသို့ ပြောပြချက်များအရ မော်ကင်းလူမျိုးစုတို့၏ လူမှုဓလေ့အပြောင်းအလဲများ၊ မြိတ်မြို့ ဆလုံကုန်းနေမြို့ပေါ် မော်ကင်းတို့၏ ရပ်တည်နေထိုင်မှု၊ ယဉ်ကျေးမှုဖလှယ် (culture shared) ပုံများ၊ ကွဲပြား ပြောင်းလဲလာသည်ကို တွေ့မြင်ရပါသည်။ ထို့အပြင် မြိတ်ခရိုင်ကျွန်းစုမြို့နယ်နေ၊ ဘုတ်ပြင်းမြို့နယ်နေမော်ကင်းများနှင့်ကော့သောင်းမြို့နယ် မော်ကင်းတို့၏ ဘာသာစကားအသုံးအနှုန်း၊ ဓလေ့



ကာဘန်းဖြင့်ခရီးထွက်ရန် ကမ်းစပ်မှခွာနေစဉ်

အယူအဆများ ကွဲပြားစွာ ရှိနေပါသေးသည်။

စာတမ်းငယ်ပါမြေပုံအညွှန်းရှိမော်ကင်းလူမျိုးစုများ နေထိုင်ရာပြအညွှန်းများမှာ ဆက်လက်သုတေသနပြုလို သူများအတွက် အလွန်အသုံးဝင်လှပါသည်။ ထိုမြေပုံမှ ယခင်မော်ကင်းလူမျိုးစုများ နေထိုင်ခဲ့ဖူးသည့်နေရာ၊ ခေတ်အဆက်ဆက် ကျက်စားလာသည့်ကျွန်းများ၊ မော်ကင်းများ အရွှေ့အပြောင်းခံရသည့် ကျွန်းများကို လေ့လာနိုင်ရန် အထောက်အကူပြုပါသည်။

ထို့အပြင် စာတမ်းသုံး ဓာတ်ပုံများမှာလည်း မော်ကင်းတို့၏ဘဝ၊ ဓလေ့များကို ဖော်ညွှန်းပြနေပါသည်။ မော်ကင်းတို့၏ ကာဘန်းလှေပုံစံ၊ ကိုးကွယ်ယုံကြည်ရာ နတ်ရုပ်တုပုံစံများကို လေ့လာနိုင်ပါသည်။ မြိတ်မြို့တွင် ၁၉၈၃ ဝန်းကျင်နောက်ပိုင်း ပျောက်ကွယ်သွားသော ဆလုံကုန်းမြင်ကွင်းကို ယခုအခါ ဓာတ်ပုံမှတ်တမ်းများအဖြစ် ပြန်လည်တွေ့မြင်နိုင်ပါသည်။ ၎င်းအပြင် ဓာတ်ပုံသုံးအညွှန်းစာများ သုံးနှုန်းထားသည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ဥပမာ – "သံတချောင်း၊ သွပ်တစ၊ ကြေးတတုံးမသုံးဘဲ ဆောက်တဲ့လှေ"၊ "လုပ်ငန်းခွင်အသွား၊ အဖေနှင့်ကလေးများ"၊ "သူတို့ဘဝ ပျော်ရွှင်ကြ" စသဖြင့် သုံးနှုန်းထားသည်ကို တွေ့မြင်ရပါသည်။

ထိုဓာတ်ပုံအညွှန်းစာ အာဘော်များကို ကျော်စိုး (စိတ်ပညာ)"၏၁၉၆၈ ထုတ် ဆလုံရိုးရာ ဆလုံစရိုက် စာအုပ်အတွင်းအသုံးပြုပုံနှင့်ဆက်စပ်နေပါသည်။ ဥပမာ – "ကလေးအိပ်စက်၊ ပိုက်ပုခက်နှင့်"၊ "ကြီးငယ်မဟူ ဝမ်းစာပူ၏"၊ "သံတချောင်း၊ သွပ်တစ၊ ကြေးတတုံး မသုံးဘဲ"၊ "လသာပြင် စပ်အိမ်ခြေထပ်လျက်"၊ "မြေမွေ့ယာနှင့်အနားယူရာ" စသဖြင့် အသုံးအနှုန်းဟန်များကို လေ့လာမိပါသည်။

အချုပ်ဆိုသော်လက်ရှိမော်ကင်းလူမျိုးစုဇမာအုပ်စုဝင်တို့၏ ဇာစ်မြစ်အစများ၊ ဘာသာစကား၊ ဓလေ့ရိုးရာများ၊



မြိတ်ဆလုံကုန်းမှ ဆလုံအိမ်ခြေများနှင့်ဆလုံပျိုဖြူတစ်ဦး ကလေးချီပိုးထားစဉ်

မျိုးနွယ်အယူအဆ ကွဲပြားမှုများ၊ ပင်လယ်နေ ကျွန်းကျက်စားမျိုးနွယ်စုများနှင့် မြို့ပေါ်နေသူတို့၏ ပြောင်းလဲလာသည့်အနေအထားများ ပိုမိုသိရှိနားလည်ရန် ဆက်လက်သုတေသနပြုရန် လိုအပ်ပါသည်။ ထိုမော်ကင်းတို့၏ ယခုလက်ရှိ လူဦးရေ လျော့နည်းလာမှုကို အလေးထား ပြင်ဆင်ဆောင်ရွက်များ အကောင်အထည်ဖော်လာရန် လိုအပ်လာပါပြီ။

နိုင်စိုး



*https://www.facebook.com/Moken-in-Myanmar*

# မြန်မာပြည်တောင်ပိုင်းအစွန်းမှ
# ပင်လယ်ပျော်ကျွန်းနေ လူနည်းစုမော်ကင်းများ

**ထာနေစိုး(ပုလော)**

မြန်မာပြည်တောင်ဘက်စွန်းတနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများစွာပိုင်ဆိုင်သောမြိတ်ခရိုင်တွင်ပင်လယ်ပျော်ကျွန်းနေ လူနည်းစုမော်ကင်းများ နေထိုင်လျက် ရှိပါတယ်။ ယခုအခါ ကျွန်းများပေါ်တွင် အခြေတကျ နေထိုင်နိုင်ပြီဖြစ်သော်လည်း ပင်လယ်ပြင်ကြီးနဲ့မစိမ်းနိုင်သေးသလို၊လူနည်းစုမော်ကင်းအဖြစ်မှ သွေးနှော မြို့နေမော်ကင်းအမည်ပျောက်များနှင့် မိမိကိုယ်ကို မော်ကင်းအဖြစ် ဆက်လက်ထိန်းသိမ်းနေသောဗမာအုပ်စုဝင် မော်ကင်းများရှိနေဆဲပါ။ယင်းတို့သည်လူနည်းစုဗမာအုပ်စုအတွင်း သွတ်သွင်းခံရသည်မှစ၍ ယခုအချိန်အထိ အခွင့်တူညီမှု ရပိုင်ခွင့်များဆုံးရှုံးကာတိမ်ကောပျောက်ကွယ်သွားနိုင်သည့် အနေအထားများ ကိုးကွယ်ခွင့်ဆိုင်ရာ မလွတ်လပ်မှုများကို ခြိမ်းခြောက်ခံနေရသော တိုင်းရင်းဖွား အမေ့ခံအဖြစ် ရပ်တည်နေခဲ့ရပါတယ်။မိမိတို့လိုလားသောလူမျိုးစုအမည်မှန်အား သုံးစွဲခွင့်၊ အတည်ပြုခွင့်မရှိဘဲ ရပ်တည်နေကြသည်မှာ ကြာညောင်းလှပါပြီ။မိမိကိုယ်ကိုမော်ကင်းအဖြစ်ရပ်တည်ကြ သော လူနည်းစုအဝန်းအဝိုင်းအား မြန်မာတို့က ဘယ်အချိန် ကတည်းက ဆလုံဟု ခေါ်ဝေါ်သတ်မှတ်နေကြသည်ကို မသိရှိသော်လည်း ယခုအချိန်အခါ မြန်မာပြည်တောင်ဘက်

အစွန်း မြိတ်ခရိုင်အတွင်းတွင် ဆလုံဟူသော အမည်နာမက ထုံထိုင်းသူ၊ကပိုကရိုနေထိုင်သူမသတီစရာအသုံးအနှုန်းအဖြစ် ရပ်တည်သုံးစွဲနေသည်ကိုဝမ်းနည်းစရာတွေမြင်နိုင်ပါတယ်။

မော်ကင်းမျိုးနွယ်စု၏သုံးစွဲနေသောဘာသာစကားအပေါ် မူတည်ကာအချို့ကမွန်ခမာအနွယ်ဝင်၊အချို့ကမလေး(ပသျှူး) အနွယ်ဝင်စသဖြင့်လေ့လာကောက်ချက်ချကြသည်ကိုတွေ့ မြင်ရပြီးရုပ်ပိုင်းဆိုင်ရာအရမည်သည့်အနွယ်ဝင်ဖြစ်ကြောင်းကိုကား တွေ့ရှိရနည်းသည်ဟု စာရေးသူအနေဖြင့် သတိပြုမိပါတယ်။ ရုပ်ပိုင်းဆိုင်ရာအရမော်ကင်းများကိုယင်းတို့တည်ရှိမှု၊ဖြစ်တည်မှု သမိုင်းကြောင်းများနှင့်ချိန်ထိုးကာနှိုင်းယှဉ်ထောက်ချင့်မိပါတယ်။ မော်ကင်းတို့ တည်ရှိမှု သမိုင်းကြောင်းအရ ဩထရိုနီးရှား အနွယ်ဟူ၍လည်းကောင်း၊ မွန်ဂိုလွိုက်အဖြစ်လည်းကောင်း၊ မွန်ပြည်နယ်ဘီလူးကျွန်းအနွယ်အဆက်အဖြစ်လည်းကောင်း၊ မလေးရှားအနွယ်အဖြစ်လည်းကောင်း အမျိုးမျိုးအဖုံဖုံ ယူဆနေဆဲပင်ဖြစ်ပါတယယ်။ မော်ကင်းလူမျိုးတို့နေထိုင်ခဲ့ဖူးသော နေရာများ၊မော်ကင်းတို့၏ဆက်နွယ်မှုများ၊မော်ကင်းတို့အကြောင်း ပုံဖော်သူများနှင့် မော်ကင်းတို့၏ အပြောင်းအရွှေ့ခံရမှုများကို ဆက်လက်တင်ပြပါမည်။

## မော်ကင်းတို့ နေထိုင်ခဲ့ဖူးသော နေရာများ

ရှေးယခင်က မော်ကင်းလူမျိုးစုတို့သည် ထားဝယ် ခရိုင်အတွင်းရှိ ကျွန်းစုကျွန်းတန်းများတည်ရှိရာ မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ကျွန်းများတွင် အတည်တကျမရှိ နေထိုင်ခဲ့ဖူးကြသည်။

### ၁။ မြိတ်မြို့မှ ဆလုံကျွန်း

တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့ဆိပ်ငယ်ရပ် ဘောတံတားအနီး (ဆိပ်ငယ်တိုးချဲ့ရပ်ကွက်) သည်ယခင်က ဆလုံကုန်းဟု အမည်တွင်ကာ မော်ကင်းများ အုပ်စုဖွဲ့၍ နေထိုင်သွားခဲ့ဖူးတယ်။ ၁၉၇၅ ဝန်းကျင်တစ်ဝိုက်အထိ နေထိုင်ခဲ့ကြသည်ဟု ယူဆမိပါတယ်။ ယင်းဆလုံကုန်းမှ မော်ကင်းများကိုဦးပု(ပန်ချာပီ) (လွင်မိုးအဖိုး)ရဲ့အကူအညီဖြင့် ဆရာမကြီးလူထုဒေါ်အမာကလူတွေ့မေးမြန်းခဲ့ဖူးတယ်။ ၎င်း၏ အညာသူများပင် လယ်သွားဆောင်းပါးတွင် တွေ့ရှိမှတ် တမ်းတင်ထားပါတယ်။ ၁၉၈၀ဝန်းကျင်နောက်ပိုင်းဆရာကြီး မြသန်းတင့်ရေးသားထားသောဆောင်းပါးမှာလည်းဆလုံကုန်းတွင် ပင်လယ်ပျော်မော်ကင်းများ နေထိုင်နေဆဲဖြစ်ကြောင်း၊ ယင်းနောက်ပိုင်းတွင် ရွှေ့ပြောင်းသွားကြဟန်ရှိကြောင်း ဖတ်ရပါတယ်။

### ၂။ လန်ပိကျွန်း၊ လန်ပိကျေးရွာ

လန်ပိကျွန်းကြီးသည်ရှေးပဝေသဏီကတည်းကပင် မော်ကင်းများနေထိုင်ကျက်စားခဲ့ဖူးသောနေရာဖြစ်ဟန်ရှိတယ်။ ၁၉၉၄ ခုနှစ်နော်ပိုင်းလန်ပိကျွန်း၊လန်ပိကျေးရွာတွင်အစိုးရ၏ ဆလုံစုစည်းကျေးရွာ စီမံကိန်းအဖြစ် ဆလုံမိသားစု ၂၅ စု လူဦးရေ ၁၁၆ ဦး ပြန်လည်အခြေချ နေထိုင်ခဲ့ကြပါတယ်။

### ၃။ မြိတ်ခရိုင် ပုလောမြို့မှ ဆလုံစု

ရေလမ်းခရီး တိုးတက်စဉ်က ပုလောမြို့ရှပ်ပုံလမ်း ဆင်းတလျှောက်ကမ်းစပ်နားတွင် မော်ကင်းများနေထိုင်ခဲ့ဖူး တယ်။ အချို့မှာ သွေးနှောကြကာ ဗမာများအဖြစ် ရပ်တည်နေ လာကြပြီး အချို့မှာ ရွှေ့ပြောင်းကုန်ကြပါပြီ။

## ပုလောမြို့နယ် မလိကျွန်း

မလိကျွန်းသည် ရှေးယခင်က ထားဝယ်မြို့နယ်မှ ပိုင်ဆိုင်သော ထားဝယ်ကျွန်းအမည်ခံကျွန်းကြီးဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းများကထားဝယ်ခရိုင်အတွင်းမော်ကင်းများ နေထိုင်ကြကြောင်းရေးသားဖော်ပြခဲ့ပါတယ်။ အခုအခါယင်း မလိကျွန်းကြီးမှာ ပုလောမြို့နယ်ပိုင်အဖြစ် တည်ရှိလာခဲ့ပါပြီ။ ယင်းမလိကျွန်းကြီးတလျှောက်ရှိကျေးရွာများတွင်မော်ကင်း အများအပြားအခြေချ၍နေထိုင်ခဲ့ကြဖူးတယ်။ ယခုအချိန်အခါတွင် အိမ်ထောင်စု တစ်အိမ် နှစ်အိမ်သာ ကျန်ပါတော့သည်။

## ဆလုံအော်

မြိတ်ခရိုင်မြိတ်ပင်လယ်ပြင်ရှိပုလဲမွေးမြူရေးတည်ရှိရာ ပုလဲကျွန်းအနီးရှိကျွန်းတစ်ကျွန်းရဲ့အကွေ့အင့ူကိုဆလုံအော်ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။ အော် ဆိုသည်မှာ မြိတ်ခရိုင် ဒေသန္တရစကားဖြင့်အင့ူကိုဆိုလိုပါတယ်။ပင်လယ်ကျွန်းအကွေ့ အကူ(အော်)အနားတွင်မော်ကင်းကဗန်းလှေများမကြာခဏ ဝင်ရောက်နားနေလေ့ ရှိခဲ့သောကြောင့်ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်တစ်ဝိုက်ကမြိတ်ခရိုင်ဘုတ်ပြင်းမြို့နယ်ဆိုင်ရာစာရင်းအင်း ဝန်ထမ်းမှူး ဦးလှမြင့်မှ ယင်းအော်အနီး ကျက်စားခဲ့သော



F - 10A

မော်ကင်းလူမျိုးများကိုရွှေ့ပြောင်းနေသောလူဦးရေစာရင်းအဖြစ် မြိတ်ခရိုင်ရှိ မော်ကင်းများကို လူဦးရေစာရင်းကောက်ရန် ကြိုးစားခဲ့ဖူးတယ်။

## ဆလုံကြောက်ငါး

အဲဒီငါးက နှုတ်သီးရှည်၊ အမြီးမာသောငါးဖြစ်ပြီး သီးခြားအမည်ရှိသော်လည်း ဆလုံလူမျိုးများပင်လယ်အတွင်း၌ ရေငုပ်ရာတွင် အန္တရာယ်ပြုတတ်သဖြင့် ဆလုံကြောက်ငါးအဖြစ် အမည်တွင်နေခြင်းဖြစ်တယ်။

## ဆလုံအများစုကြိုက်သောကျွန်း

လန်ပိကျွန်းကြီး၏အနောက်ဘက်ဝန်းကျင်ကျွန်းအမှတ် ၆၀ ရှိရာ၄င်းကျွန်း၏အနောက်မြောက်ဘက်တွင်ကပ်လျက်ရှိသော ကိုဖော့ကျွန်း (ယခင်အခေါ်ကူဘိုကျွန်း Kubo Island သည် မော်ကင်းတို့ အသွားအလာအများအဆုံး အကြိုက်ဆုံးကျွန်း ဖြစ်ပါတယ်။ အကြောင်းကထိုကျွန်းတစ်ဝိုက် ခရုပင်လယ်မျှော့ (Seacucumber)၊ ကမာများပေါသောကျွန်း ဖြစ်လို့ပါပဲ။

## ဆလုံကျွန်း

ကော့သောင်းမှအနောက်ဖက်တည့်တည့်တွင်တစ်ချိန်က ပူဘီစင် (Pu Basin ကျွန်း) တည်ရှိတယ်။ အခုအခါထိုကျွန်းကို ဆလုံကျွန်းအဖြစ် ခေါ်ဝေါ်နေကြပါပြီ။

## စာပေထဲမှ မော်ကင်းများအကြောင်း

မော်ကင်းလူမျိုးစုများ၏ ဘဝဇာတ်ကြောင်း၊ ဓလေ့ရိုးရာယဉ်ကျေးမှု၊စာပေများ၊ပင်လယ်ပြင်လှိုင်းထန်ထန်မှာ ဘဝကို ရုန်းကန်လှုပ်ရှားနေတဲ့ မော်ကင်းတို့အကြောင်း ဘဝသရုပ်ဖော်ဝတ္ထုအတိုအလတ်အရှည်များကို ရေးသားဖွဲ့ ဆိုခဲ့ကြပါသေးတယ်။ သူတို့အကြောင်းထုတ်ဖော်ရေးသားထားတဲ့ စာရေးသူဆရာမကြီး မိချမ်းဝေ၏လက်ရာများမှာ လှိုင်းနှစ်ထပ်ပင်လယ် (ဝတ္ထုလတ်) သည် ရေးဟောင်းဆလုံတို့၏ လူနေထိုင်မှုဘဝကို ရေးသားထားခြင်း ဖြစ်ပါတယ်။

နောက်မော်ကင်းရေးရာ ဝတ္ထုတစ်ပုဒ်မှာ ခေတ်သစ်မော်ကင်းများ၏ ပညာရေးနှင့်ပတ်သတ်၍ ဆလုံသင်ပုန်းကြီးစာနှင့် အစိုးရကျောင်းပညာရေးကို ရေးသားထားသော "ကမ်းလှည့်ဆွတ်မီ" လုံးချင်းဝတ္ထုရှည်ဖြစ်ပါတယ်။

## ၃။ မော်ကင်းအကြောင်း ဖော်ထုတ်ကြသူများ

၁၆၇၅ခုနှစ်တွင်ဗောင်းရေးကမော်ကင်းလူမျိုးအကြောင်း ခရီးစဉ်မှတ်တမ်းတခု ပြုစုခဲ့တယ်။ ယင်းအာဘော်ကို မောရစ်ကောလစ်က Siamese White စာအုပ်တွင် ထပ်မံကိုးကားခဲ့ဖူးပါတယ်။ Dr.Mason: Burma its people and production တွင်လဲ ထပ်မံ ဖော်ပြကြပါတယ်။ ၁၈၄၆ ခုနှစ်တွင် ဒေါက်တာ ဗရေတန် က မစ္စတာ စတီဗင်၏မှတ်စုကို မှီငြမ်း၍ မော်ကင်းသင်ပုန်းကြီးကို ပြုစုကာ အေဘီအမ် စာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေပါတယ်။ ၁၈၇၆ ခုနှစ်တွင် မြိတ်အုပ်ချုပ်ရေး အကြီးအကဲ ကပ္ပတိန်မက်ကလွိုက်နှင့် တနင်္သာရီတိုင်း ဝန်ရှင်တော်မင်းကြီး မေဂျာဘရက်ဖို့တို့က မော်ကင်းလူမျိုးတို့အကျိုးကြီးပွားတိုးတက်ရေးကိုအထူးအရေးပေး ဆောင်ရွက်ခဲ့တယ်။ ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာတွင် မော်ကင်းကိုဆီလုန်ဟုဖော်ပြခဲ့တယ်။ ၁၉၃၇ ခုနှစ်၌သာဂရစိုးနှင့် မြိတ်သစ္စာကလောင်ရှင်များက သူရိယမဂ္ဂဇင်း၌ဆလုံဖစ်မြစ်ဟူ၍ ဆလုံအကြောင်း တင်ပြဆွေးနွေးချေပငြင်းခုံခဲ့ကြတာကို ဖတ်ရှုဖူးပါတယ်။ ၁၉၅၃ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်၏ ဖိတ်ခေါ်ချက်အရ ဆလုံ ၁၀ ယောက် ပသျှူး ၃ ယောက်နှင့် ယိုးဒယား ၂ ယောက်တို့အား ဦးသိန်းတင် ထောက်ပံ့ရေးအုပ်မှခေါင်းဆောင်လျက်တက်ရောက်ခဲ့ဖူးပါတယ်။ ၁၉၆၄ ခုနှစ်တွင် ဆိုရှယ်လစ်စီးပွားရေးစစ်တမ်းကောက်ယူရာ၌ ရွှေ့ပြောင်းနေသော လူဦးရေအမည်ဖြင့် မြိတ်ခရိုင်ထဲမှ ဆလုံလူမျိုးစုများကို ဦးလှမြင့် စာရင်းကောက်ယူခဲ့ပြီး ၁၉၇၃ တွင် စာရေးဆရာမကြီး မဝင်းမြင့်မှ ဆလုံအကြောင်း သိကောင်းစရာအမည်ဖြင့် သွေးသောက် မဂ္ဂဇင်း၌ ရေးသား ဖော်ထုတ်ခဲ့ပါတယ်။ ၁၉၈၅ တွင် မိရွှေလှိုင် ကလောင်အမည်ရှင်က ပင်လယ်ပြာ ပင်လယ်ကြွေမှ ဆလုံရွာ ဆလုံဓလေ့ အမည်ဖြင့် ရှေ့သို့စာစောင်တွင် ဖော်ပြခဲ့ပါတယ်။ ၁၉၈၉ တွင် ဆလုံတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်မှုများကို မနုဿဗေဒအမြင်ဖြင့် တင်ပြခဲ့တယ်။ ၁၉၉၅ - ၁၉၉၆ တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှမြိတ်ဒေသ အတွင်းရှိဆလုံတိုင်းရင်းသားများအတည်တကျနေထိုင်နိုင်ရန် စုစည်းကျေးရွာ ထူထောင်ကာ နေရာချထားရေးကို အမှတ် ၅၈ အခြေစိုက် ရေတပ်စခန်း ကော့သောင်းမြို့မှ အထူးဆောင်ရွက်ပေးခဲ့တယ်။ ၂၀၀၄ ခုနှစ်တွင် ဝင့်ထယ်ကလောင်ရှင်မှ

မြက်ခင်းသစ်မဂ္ဂဇင်း၌ ပင်လယ်ပျော်တို့၏ အနာဂတ်ခရီး အမည်ဖြင့် ဆလုံရိုးရာပွဲ ၊ ဆလုံရိုးရာ အဝတ်အစားများကို ဖော်ပြခဲ့ပါတယ်။ ၂၀၁၇၌တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်၁မှဒေါက်တာခင်မောင်ဝင်းမှဆလုံ(ခ)မော်ကင်းလူမျိုးတို့၏ ဓလေ့ထုံးစံများနှင့် လူမျိုးစုမတိမ်ကောမပပျောက်ရေးကို တင်ပြရာ အထူးကော်မတီဖွဲ့စည်းရန် လိုအပ်ကြောင်း တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်မှ ဖြေကြားခဲ့ပါတယ်။

၄။ မော်ကင်းမှ ဆလုံဗမာဖြစ်ခြင်း

ထို့အပြင် မော်ကင်းလူမျိုးစုတို့သည် တနင်္သာရီတိုင်း မြိတ်ကျွန်းစုတစ်ဝိုက်ပင်လယ်ပြင်တွင်ကဗန်းလှေကိုအိမ်သဖွယ် နေထိုင်ကြသော လှေအိမ်လူသား (သို့)ပင်လယ်ပျော် လှည့်လည်နေထိုင်ကြသည့်လူနည်းစုလူမျိုးများဖြစ်ကြပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင်အရှေ့တောင်တိုင်း၊စစ်ဌာနချုပ်၏လမ်းညွှန်ချက်အရ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(မြိတ်)မှလှေအိမ်လူသားဆလုံလူမျိုးစု စုစည်းရွာတည်ဆောက်ခြင်း စီမံချက်ကို စတင်အကောင် အထည်ဖော်ခဲ့ရာမှ ဗမာအုပ်စုဝင် ဆလုံ(ခ)မော်ကင်းများ ကုန်းပေါ်နေ ဆလုံကပြားများဖြစ်လာကာ ဗုဒ္ဓဘာသာ ဝင်များဖြစ်လာခဲ့ကြပါတော့ တယ်။ ယင်းတို့မှာ ပင်လယ်ပြင် ကြီးကို မမေ့နိုင်သေးပေ။

ယင်းသို့ ဆလုံစုစည်းရွာများ အကောင်အထည် ဖော်ပြီးနောက်ပိုင်း၁၉၉၇ခုနှစ်တွင်ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်မဟာဗျူဟာလေ့လာရေးရုံးမှအမျိုးသားစည်းလုံးညီညွတ်ရေး အထောက်အကူပြုမည့် လူမှုစီးပွားရေးအကြောင်းအချက် များအတွက်ဆလုံလေ့လာရေးမနုဿဗေဒကွင်းဆင်းသုတေသန လုပ်ငန်းကိုစတင်လာခဲ့ပြီး၁၉၉၉ခုနှစ်တွင် ဆလုံတိုင်းရင်းသား များ၏ လူမှုစီးပွားရေးဘဝစာအုပ်အဖြစ် ထွက်ရှိလာခဲ့ပါ တယ်။ ယင်းမတိုင်မီ ဆရာနိုင်တာရာ၏ ၁၉၉၆ ခုနှစ် ဆလုံ (သို့မဟုတ်)ပင်လယ်ပျော်သူများစာအုပ်ထွက်ရှိလာခဲ့တယ်။ ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ကိုလတ်ရေးသားထားသော "ပင်လယ်ပျော်မော်ကင်း" စာမူသည် စာပေဗိမာန်စာပေဆု ရရှိခဲ့ပြန်တယ်။

နိဂုံး

မော်ကင်းတို့၏ဇစ်မြစ်အစများကိုဆက်လက်သုတေသန ပြုစုရန် လိုအပ်နေသေးသည့်အပြင် မော်ကင်းတို့၏ ကဗန်းလှေတက်မ ထားပုံနှင့်လှော်ခတ်ပုံများကို ယဉ်ကျေးမှု မနုဿဗေဒအမြင်ဖြင့် နှိုင်းယှဉ်သုတေသနပြုသင့်ပါတယ်။ ယခုအချိန်အထိ မြန်မာတိုင်းရင်းသားအုပ်စုကြီးများကြား တိမ်မြုပ်နေခဲ့သောလူနည်းစုမော်ကင်းတို့မှာလျစ်လျူရှုခံနေရဆဲ အနိုင်ကျင့် ခေါင်းပုံဖြတ်ခံနေရခြင်းတို့မှာ ပင်လယ်ပြင်တွင် မပျော်ရဘဲအခြေချနေထိုင်ခိုင်းကာဟန်ပြယဉ်ကျေးမှု(showcase culture)ကြားချောင်ပိတ်မိကာကုန်းနေမော်ကင်းများအဖြစ်

### ၁၉၉၄ – ၁၉၉၆ ခုနှစ် အကောင်အထည်ဖော်ထားသော ဆလုံစုစည်းရွာများ

| မြို့နယ် | ဆလုံကျေးရွာများအရေအတွက် | လူဦးရေစုစုပေါင်း |
|---|---|---|
| ကျွန်းစု | ၇ ရွာ(ဒုံးပုလဲအော် ပလောဝါလင်းလွန်း) | ၁၂၆၂ (အိမ်ထောင်စု) |
| ဒုံးကမာချောင်း(ညာမှိုင်း) | ဇလပ်အော် ရေမြစ်ကြီး | ၂၈၉ စု |
| ဆလန်းကျွန်း | ကော့သောင်း | ၆ ရွာ |
| တလွန်းရွာကော့ညော့ | လန်းပိ မကြံ့ဂလက် | ၁၀၁၂ |
| (အိမ် ၂၂ | ညောင်ပိ တာပူး | ၄) |

ရှင်သန်လှုပ်ရှားနေရဆဲပင်ဖြစ်ပါတယ်။ပင်လယ်ပျော်မော်ကင်းတို့မှာ တနင်္သာရီတိုင်းအတွင်း ဆလုံစုစည်းရွာနှင့် ပင်လယ်ပြင်တွင် လှည့်လည်သွားလာသာဟူ၍ ကွဲပြားနေကာ စုစည်းရွာနေကပြားအနွယ် မော်ကင်းအချို့၏ အနာဂတ်မှာ မကြာခင် မြန်မာပြည်မြောက်ပိုင်းနေ ထရုံလူမျိုးစုကဲ့သို့ မျိုးတုံးပျောက်ကွယ်သွားတော့မည်မှာ ရင်လေးစရာပင်။

**ထာနေစိုး**


**၁။ စာအုပ်များ**

၁။ ဆလုံ (သို့မဟုတ်) ပင်လယ်ပျော်သူများ။ နိုင်တာရာ ၁၉၉၆

၂။ ဆလုံရိုးရာ ဆလုံစရိုက်။ ကျော်စိုး(စိတ်ပညာ) ၁၉၆၈

၃။ ဆလုံတိုင်းရင်းသားများ၏လူမှုစီးပွားရေးဘဝ။ ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့မနုသဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်။ ၁၉၉၉

၄။ ပင်လယ်ပျော်မော်ကင်း။ တက္ကသိုလ်ကိုလတ်၊ စာပေဗိမာန် ၂၀၀၃။

**၂။ စာတမ်းများ**

၁။ The Moken people, their language, literature and the development of their education Naw Say Bay မြန်မာသမိုင်း သုတေသနစာစောင် အမှတ်၁၆၊ ဒီဇင်ဘာလ ၂၀၀၅၊ Myanmar Historical Research Journal No.16 December 2005

၂။ Sociology economic changes of Salome's (Mawkhem) in Myanmar and Views on their background History, Daw Tin Yee, Myanmar Academy of Arts and Sciences

၃။ Religion and Social activities of Salone Nationals, Research Paper (Arts). University of Eash Yangon, Yangon.

၄။ The study of the Traditional Cultural of the Salon nationals, Tin Tin Aung, Dagon University Research Journal 2016, VoL 7, No.1

၅။ အမှတ်၅၈၊ အခြေစိုက်ရေတပ်စခန်းအနီးပတ်ဝန်းကျင်၌ နေထိုင်ကြသောဆလုံကျေးရွာများအကြောင်း။ အမှတ် ၅၈ အခြေစိုက်ရေတပ်စခန်း။

၆။ ဒေသအတွင်းရှိဆလုံတိုင်းရင်းသားများအတည်တကျ နေထိုင်ရန်စုစည်းကျေးရွာတည်ထောင်ကာနေရာချထားရေးနှင့် ပတ်သက်သောစီမံချက်၊ ကော့သောင်းမြို့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ၁၉၉၅ - ၁၉၉၆။

၇။ ဆလုံတိုင်းရင်းသားတို့၏ ဘာသာရေးယုံကြည်မှုနှင့် မနုသဿအမြင်။ မောင်လှမြင့်၁၉၈၉။ စိန်ထွန်း။ ရှုဒေါင့်ဂျာနယ်၊ ၁၉၇၀။

**၃။ ဆောင်းပါးများ**

၁။ ပင်လယ်ကိုစိန်ခေါ်၊ သမုဒ္ဒရာကိုအန်တု၊ အသက်လုပြီး ထိုးဆွကော်ရတဲ့ ဘဝဝမ်းစာ။ မိချမ်းဝေ၊ စံတော်ချိန် နေ့စဉ်၊ ၂ ဩဂုတ်၊ ၂၀၁၉ (သောကြာနေ့)

၂။ ဆလုံအကြောင်း သိကောင်းစရာ။ မဝင်းမြင့် သွေးသောက်အမှတ် ၃၃၃၊ စက်တင်ဘာလ၊ ၁၉၇၃။

၃။ ပင်လယ်ပျော်တို့၏ အနာဂတ်ခရီး။ ဝင့်ထယ် မြက်ခင်းသစ်မဂ္ဂဇင်း၊ အမှတ် ၃၊ ၂၀၀၄ အမှတ်စဉ်၆၇။

၄။ ခေတ်သစ်ဆလုံရာဇဝင်။ 7 day news Journal, vol 13, No.40. December 10, 2014

၅။ မြန်မာပြည်တောင်ဘက်ပိုင်းဖျားမှ ဆလုံ (ခေါ်) မော်ကင်းပင်လယ်ပျော်များ၏နေထိုင်ကျက်စားမှုဓလေ့စရိုက်။ ကျော်စိုး (ကော့သောင်း) မြန်မာ့အလင်း၊ စနေ၊ ဇန်နဝါရီ ၂၈၊ ၂၀၁၇။

၆။ ပင်လယ်ပြာပင်လယ်ကွေ့မှ ဆလုံရွာဆလုံဓလေ့။ မိရွှေလှိုင်၊ ရှေ့သို့ ဖေဖော်ဝါရီလ ၁၉၈၅၊ ၁ - ၂ - ၈၅ အမှတ် ၄၁၈။

၇။ ပင်လယ်ပျော်ဆလုံလူမျိုးတို့၏ ဝတ်စားဆင်ယင်မှု။ ပြည်စိုးထွန်း(ပန်းချီ) P.MPS ကမ်းရိုးတန်းနှစ်လည်မဂ္ဂဇင်း ၂၀၁၅။

၈။ ဆလုံတို့ဌာနီကျွန်းရွှေပြည်။ ရွှေမြိတ်မောင် ၁၉၄၉ ခု၊ မေလ ရှုမဝမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၂၄။

၉။ သာဂရစိုး။ ဆလုံဇစ်မြစ်၊ သူရိယမဂ္ဂဇင်း၊ ၁၉၃၇ ဖေဖော်ဝါရီလ။

၁၀။ မြိတ်သစ္စာ။ ဆလုံဇစ်မြစ်၊ ၁၉၃၇ သူရိယ၊ ဧပြီလ။ အညာသူများပင်လယ်သွား။ လူထုဒေါ်အမာ၊ စန္ဒာမဂ္ဂဇင်းအတွဲ၊ အမှတ်၁၇၉၊ ဖေဖော်ဝါရီလ ၁၉၈၄။

၁၁။ ပင်လယ်ဂျစ်ပစီ၊ ဘိတ်သား ၂၀၁၄ ခုနှစ် မတ်လ ၁၆ ရက်(တနင်္ဂနွေ) Daily Eleven

## ပန်ကြားလွှာ

လူမျိုးစုလေ့လာမှုစာစဉ် အမှတ် (၄) တွင် ဖော်ပြထားသော စာမူများအနက်
ပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်အရ အချို့သော ဆောင်းပါးများအား
ကြိုတင်ခွင့်ပြုချက် ရယူနိုင်ခြင်း မရှိဘဲ ဖော်ပြထားရပါသည်။
ထို့အတွက် စာမူရှင်များနှင့် သက်ဆိုင်သူ မိသားစုဝင်များအား
လေးစားစွာ ပန်ကြားအပ်ပါသည်။

---

ဓာတ်ပုံများကို –
https://www.facebook.com/Moken-in-Myanmar-1793636970964654/photos/?ref=page-internal မှ
ကူးယူဖော်ပြခြင်းဖြစ်ပါသည်။



# Bulletin Of Ethnic Studies
# No.4


Myanmar Cultural Research Society

No. 26/28 (5th FL). 52nd Street (Lower Block), Batataung Township,
11161 Yangon, Myanmar.